
www.burmeseclassic.com

# ထူးမြတ်ကြယ်

ငယ်ငယ်တုန်းက အိပ်မက်




Design : Chit Sann 528

www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

## ငယ်ငယ်တုန်းကအိပ်မက်

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ** – ဦးအောင်စိုး (ခုနစ်စဥ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း။ ပန်းဘဲတန်းမြို့နယ်။

**အတွင်းနှင့်အဖုံးပုံနှိပ်သူ** – ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၀၈)၊ ၃၁-လမ်း။ ပန်းဘဲတန်းမြို့နယ်။

**ထုတ်ဝေသည့်အကြိမ်** – ပထမအကြိမ်၊ ၂၀၁၂၊ အောက်တိုဘာလ

**အုပ်ရေ/ တန်ဖိုး** – ၅၀၀ အုပ်/ ၁၂၀၀ ကျပ်

**အဖုံးချုပ်** – ကိုစိုးနိုင်နှင့်အဖွဲ့

**ဖြန့်ချိရေး** – ခုနစ်စဥ်ကြယ်စာပေ
အမှတ်(၁၈၂)၊ (၃၁)လမ်း။ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅.၈၃
ထူးမြတ်ကြယ်
ငယ်ငယ်တုန်းကအိပ်မက်/ ထူးမြတ်ကြယ်။ - ရန်ကုန်။
သိန်းမင်းစာပေ၊ ၂၀၁၂။
၁၅၂ - စာ၊ ၁၃ × ၂၀ စင်တီ
(၁) ငယ်ငယ်တုန်းကအိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

BURMESE CLASSIC

# ယဉ်ယဉ်တုန်းကအိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ဟိုဘက်ရွာမှာ ဘုရားပွဲရှိတယ်။

ဟိုဘက်ရွာဆိုတာ သူတို့ရွာရဲ့တောင်ဖက်က ကော့ရွာကိုပြောတာ...။ အဲဒီရွာနံမယ်ကြီးက ကော့ရွာတဲ့။ အမြင်ကပ်စရာကောင်းတဲ့ နံမယ်ကြီး။ ဒီရွာအမည်ကြားရင် ကြားရသူတိုင်းနှာခေါင်းရှုံ့စမြဲပဲ။

အဲ... နံမယ်က ကြားမကောင်းပေမယ့် ရွာကကျော်ကြားတယ်။ ဘယ်လိုကျော်ကြားသလဲဆိုတော့... သီးနှံအထွက်ကောင်းပြီးချမ်းသာကြွယ်ဝတယ်။ အလှူအတန်းပေါတယ်။ ပညာတတ်တွေထွက်တယ်။ မိန်းမလှလေးတွေများတယ်။

ကော့ရွာက မိန်းကလေးတွေဆို လူမမြင်ဖူးရင်တောင်နံမယ်တော့သိတယ်။ ဥပမာ... အေးမိစံ၊ ညိုညို၊ ခင်သန်းဦး၊

www.burmeseclassic.com

www.burmeseclassic.com



မြဝတ်မှုန်တို့ဆိုတာ ဘယ်သူကဘယ်လိုလှတယ်ဆိုပြီး ရှာနီးချုပ်စပ်အကုန်သိတယ်။

ခက်တာကသူတို့က သူတို့နံမယ်သာ ထုတ်ဖော်ပြောချင်ပေမယ့် ကော့ရှာဆိုတဲ့နံမယ်ကိုတော့ ထုတ်ဖော်မပြောချင်ကြဖူး။ ကော့ရှာက ကောင်မလေးတွေလို့မျှား အပြောခံရရင်ဆတ်ဆတ်ခါနာတော့တာပဲ။

ဘာမှန်းကိုမသိဖူး။

အမှန်က အဲဒီရှာရဲ့မူလအစ နံမယ်ရာဇဝင်ကို သေချာမသိကြလို့ပါ။ သိရင်အဓိပ္ပါယ်ပြည့်ဝပြီး လှတယ်။ ဒါလည်း အသက်ကြီးတဲ့အဘိုးအဘွားတွေလောက်သာ သိကြတာ။ ခုတော့... အဘိုးအဘွားတွေလည်း ကုန်သလောက်ရှိနေပြီ။

သူတောင်... အဘိုး ပြောပြဖူးလို့သိထားတာ။

"အမှန်က အဲဒီရှာနံမယ်ကဟိုးတုန်းက ကော့ရှာမဟုတ်ဖူး၊ ကော်ရှာတဲ့"

"ဟင်! ဘာကော်လဲအဘိုး၊ ကပ်တဲ့ကော်လား"

"မဟုတ်ဖူးငါ့မြေးရဲ့... ကော်လို့ရတာကိုပြောတာ..."

"ဪ...ဟုတ်လား၊ ဘာကော်လို့ရတာလဲအဘိုး"

"ချောင်းမြောင်းအင်းအိုင်တွေ ပေါများပြီး၊ ရေတွင်းတောင်တူးစရာမလိုဘဲ ရေတွေကိုကော်ခပ်ပြီးကို သုံးလို့ရတာ... ဘယ်သူ့အိမ်ရဲ့အနောက်ဖက်၊ ဘေးဘက်၊ ဘယ်ကိုပဲကြည့်ကြည့် ပြည့်လျှံစီးဆင်းနေတဲ့ ချောင်းမြောင်းအင်းအိုင်တွေရှိတယ်၊ ခွက်ကလေးနဲ့ကော်သုံးရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ခုတော့ ... သိပ်မတွေ့ပါလားအဘိုး"

"အေးလေ၊ အဲသလိုကော်သုံးရတဲ့ ချောင်းမြောင်းအင်းအိုင်တွေကနောက်တော့ တဖြည်းဖြည်းတိမ်ကောလာတယ်၊ ဒါနဲ့ ကော်ရွာကနေ ကောရွာဖြစ်လာတာ"

"ဪ... ဒီလိုလား၊ ဒါနဲ့ ... ခုနောက်ဆုံး ကော့ရွာက ဘယ်လိုလုပ် ဖြစ်လာတာလဲ အဘိုး"

အဘိုးက သူမေးတာကိုချက်ချင်းမဖြေဘဲ ပြုံးနေသေးတယ်။ သူက...

"ဟာ... ကျွန်တော်သိပြီ"

အဲသလို ထအော်လိုက်တော့မှအဘိုးက ဟက်ဟက်ပက်ပက် ရယ်မောတော့တယ်။ ပြီးမှ...

"ငါ့မြေးသိတာပြောပါဦး"

"အဲဒီကော့ရွာက ရန်ဖြစ်ကြရင် ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ဟို... ဟို... အဲ အဲသလို လုပ်ပြကြလွန်းလို့ ကော့ရွာလို့ ခေါ်တွင်သွားတာတဲ့"

"ဟား ဟား ဟား ဟား"

အဘိုးကရယ်ခဲ့တယ်။ ခုလိုအဘိုးရယ်တာ မြင်ရတာ အင်မတန်ချစ်စရာကောင်းတာပဲ။

"အဲဒါ ဟိုးတုန်းကပေါ့ကွယ်၊ ကျောင်းထိုင်ဘုန်းကြီးကျောင်းတောင်မရှိသေးတဲ့ ယဉ်ကျေးမှုမထွန်းကားတဲ့ အချိန်က အပြုအမူတွေပါ မြေးရဲ့၊ ခု... မရှိတော့ပါဖူး"

"မထင်နဲ့ အဘိုးရဲ့... အဲဒီရွာက ကျောင်းဆရာမ


www.burmeseclassic.com

www.burmeseclassic.com

## ☺ ထူးမြတ်ကြယ် ☺

ဒေါ်မြင့်မြင့်သန်းရဲ့ အဘွားက သူ့မြေးတွေကို စိတ်တိုရင်တောင် အဲသလိုလုပ်ပြလွန်းလို့ ကျောင်းဆရာမခများအရှက်ရနေတယ်တဲ့"

"ဩော်... ဘွားမြိုင်ကိုပြောတာထင်တယ်"

"ဟုတ်တယ်အဘိုးရဲ့... ရွာကနေတောင် အဲဒီအဘွားကို နံမယ်အသစ် ပေးထားကြသေးတယ်တဲ့"

"ဟုတ်လား၊ ဘာတဲ့တုန်း"

"အဘွားကောဒ့တဲ့ဗျာ"

"ဟား ဟား ဟား ဟား"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

ကော့ရွာနဲ့ သူတို့ကန်တစ်ရာရွာက ဆယ်မိုင်လောက် ခြားတယ်။ တခြားကြေးနီရွာ၊ ရွှေဖြူရွာ၊ ထန်းပင်ကုန်းရွာ တွေကလည်း တစ်ရွာနဲ့တစ်ရွာ လေးငါးဆယ်မိုင်ခြားတွေပဲ။

ရွာတွေအားလုံး အားထားရာမြို့ကြီးကတော့ ရထားလမ်း၊ ကားလမ်းရှိတယ်…အဲဒီမြို့ကြီးက ရွာတွေရဲ့အားထားရာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဘုံကြီးပေါ့။ ရွာတွေက ထွက်သမျှ ကုန်စည်တွေကိုရောင်းဝယ်ဖောက်ကားဖြန့်ဖြူးကြ တယ်။

ရွာတွေကတက္ကသိုလ်တက်၊ ဆေးရုံတက်ရင်လည်း အဲဒီ မြို့ပဲလေ။ ထားပါ။ ဒါတွေက အရေးမကြီးပါဖူး။ သူတို့ရွာ အကြောင်းဆက်ပြောရဦးမယ်။

သူတို့ကန်တစ်ရာရွာကလည်း ကော့ရွာလိုပဲ တခြားရွာတွေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးထက်ရေတွင်း ရေကန်ပေါတယ်။ ကန်တွေတစ်ရာလောက် ရှိလို့ ကန်တစ်ရာရွာလို့ခေါ်ခဲ့ကြသတဲ့။ ဒါပေမယ့်... ခုတော့... ဟိုတုန်းကလို ကန်တစ်ရာမပြည့်တော့ပါဖူး။ ကန်တွေကိုမြေဖို့ပြီး အိမ်တွေ ခြံတွေဖြစ်ကုန်ကြပြီ။

အရင်က သူတို့အိမ်ဘေးက ကန်တောင်အစ်မတို့ မိသားစု နေတဲ့ခြံဝိုင်းဖြစ်တာပဲကြာပြီ။

သူတို့ရွာက ကော့ရွာလောက်တော့မကြီးဖူး။ စီးပွားရေး လည်းကော့ရွာလောက် မတောင့်တင်းဖူး။ ဒါကြောင့်သူတို့ရွာကို ကော့ရွာက နှိမ်တယ်လို့ထင်တာပဲ။ ရှင်းရှင်းပြောရရင် ကန်တစ်ရာ ကလူတွေက ကော့ရွာကိုသွားပြီး အခကြေးငွေနဲ့အလုပ်သွားလုပ် ရတာကိုး...။

ဒါပေမယ့်... ကော့ရွာက ကန်တစ်ရာရွာကိုမယှဉ်နိုင်တာ တစ်ခုရှိတယ်။ အဲဒါကတော့... ပညာ၊ အဆိုအက၊ အားကစား တွေပဲ။ ကော့ရွာက ပညာတတ်တွေပေါတယ်ဆိုတာ ဆယ်တန်း အောင်၊ ဘွဲ့ရပြီးကျောင်းဆရာမ ဖြစ်တာအမြင့်ဆုံးပဲ။

ကန်တစ်ရာရွာက ဆရာဝန်တွေဖြစ်ဖြစ်သွားတာ ခေတ် အဆက်ဆက်ဆိုပါတော့...။ သင်္ကြန်မှာရွာပေါင်းစုံ အကပြိုင်ပွဲ တိုင်းကော့ရွာက တစ်ခါမှဆုမရဖူးဘူး။ ကန်တစ်ရာရွာကနှစ်တိုင်း ပထမပဲ။ အားကစားဆိုလည်းကျောင်းမှာ ကန်တစ်ရာရွာက တော်သလောက် ကော့ရွာကအောက်ဆုံးဆင့်မှာ။ တောရွာဖြစ်ပြီး ကြက်ဖခွပ်တောင် ဖြောင့်အောင်မခွပ်တတ်ကြတာ အံ့သြစရာ ကောင်းလှတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့…

ကိုယ်သာတဲ့ဘာသာရပ်တွေမှာ မသိမသာပြိုင်ရင်းကန်တစ်ရာရှာနဲ့ ကောရှာဟာ ပြိုင်ဖက်တွေဖြစ်လာရော ဆိုပါတော့…။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် ဝမ်းမိုး၊ ဟိုဘက်ရွာဘုရားပွဲသွားဖို့ မင်း ဦးလေး ကိုပြောပြီးပြီလား"

စိန်လုံက ခြံဝိုင်းထဲကိုကုပ်ချောင်းချောင်းဝင်လာပြီး သူ့အနားရောက်တော့ ခပ်တိုးတိုးမေးတယ်။ ကျယ်ကျယ်မမေး ရဲတာက သူ့အဘိုး၊ အဘွား၊ အဖေ၊ အမေထက် အမေ့ရဲ့မောင် ဦးသန်းအောင်ကို ပိုကြောက်ရလို့ပါပဲ။

ကြောက်ရဆို သူတို့မောင်နှမတစ်တွေကို ငယ်စဉ်ကလေး ဘဝကတည်းက ထိန်းကျောင်းကျွေးမွေးလာတာ ဦးလေး ဦးအောင်သန်းပေါ့။ သူတို့အဖေဦးနီက ဆေးဆရာ။ ရွာတကာ လည်ပြီး အခမဲ့ဆေးလိုက်ကုပေးတာယ်။ အိမ်မှာစားစရာရှိရှိ၊ မရှိရှိ အခကြေးငွေမယူဖူး။

အဖေ့အိတ်ထဲ ပိုက်ဆံရှိရင်လည်း ပတ်ဝန်းကျင်က

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို ကျွေးမွေး၊ ဂေးကမ်းပစ်လိုက်တာ။ ကလေးမှ မဟုတ်ပါဖူး။ အဖေ့ရှေ့အနွေးထည်ဝတ်စရာမရှိလို့ ညည်းရင် ဝတ်ထားတဲ့ အနွေးထည်ချွတ်ပေးလိုက်တယ်။ စောင်ခြုံစရာမရှိ ဖူးပြောရင် အိမ်ကစောင်လာယူပြီးပေးတာပဲ။

ကိုယ့်အိမ်တော့ ဝမ်းဝအောင်ရှာမကျွေးဘဲ၊ သူများတွေ အပေါ်အဲသလိုလုပ်လို့ပြောရင် "သူများပေးကျွေးလည်းကုသိုလ် ရတာပဲ" လို့ စိတ်တိုအောင်ပြောသေးတယ်။

ဒါကြောင့်... အမေနဲ့ခဏခဏ စကားများတာပေါ့။ အဖေ့အတွက် အိမ်ကဆန်အိုးထဲ ဆန်ဘယ်ကရမှန်းမသိဖူး။ မိသားစု စားဝတ်နေရေးဟာ အမေ့မောင်ဦးသန်းအောင်က ဖြေရှင်းပေးခဲ့တယ်။

အဲ... ဒီတော့... အိမ်ရဲ့ ဩဇာဟာဦးလေးရဲ့ အပေါ် သက်ရောက်သွားရောဆိုပါတော့...။ ဘာကိစ္စပဲဖြစ်ဖြစ် ဦးလေးကို ပြောပြ၊ တိုင်ပင်၊ ခွင့်တောင်းရတယ်။

ခုလည်း ကျော့ရှာကဘုရားပွဲသွားဖို့ ဦးလေးခွင့်ပြုမှ သွားရမယ်။ စည်ကမ်းကြီးတဲ့ ဦးလေးကအရိုက်ကြမ်းတယ်။ အခုထိ အသက်နှစ်ဆယ်ကျော်နေပြီဖြစ်တဲ့ သူ့အစ်ကိုမိုးကြိုးအရိုက်ခံနေရ တုန်းပဲ။ အစ်ကိုက ဆိုးပေတေလွန်းတာကိုး။

"ဘယ်ရက် ပွဲကြည့်မလဲ ဝမ်းမိုး"

"အလယ်ညကြည့်ကြတာပေါ့ကွာ"

"မင့်ဦးလေးက ဘယ်နှစ်ရက်လည်ခိုင်းလဲ"

"နေ့တိုင်းသွားခိုင်းပါတယ်၊ သူ ပြန်ခိုင်းတဲ့အချိန်သာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်ပစေ၊ ဘာမှမပြောဖူး”

“မင်းအစ်ကိုမိုးကြိုးတော့ နာဦးမယ်၊ ဦးလေးရိုက်လည်း ညလုံးပေါက်လည်မှာပဲ”

ဘုရားပွဲငါးရက်မှာ တစ်ညတော့မိုးအလင်းပွဲကြည့်ခွင့် ပေးပြီးကျန်ရက်များကို ညဆယ်နာရီအရောက် အိမ်ပြန်နိုင်းတယ်။ မရောက်လို့ကတော့ နွားရိုက်တဲ့ကြိမ်လုံးစာမိမှာပဲ။

သူကတော့ တစ်ခါမှမမိပါဖူး။ အပျော်လွန်၊ အလည်လွန်၊ အသောက်လွန်တဲ့ အစ်ကိုသာမိတာ...။ အစ်ကို့ဝါဒက... “အရိုက်ခံရတာ ခဏပဲနာတာ၊ လည်ရတာ အမြတ်ပဲတဲ့”

အခုတော့... အစ်ကိုကလည်သွားပြီ။ ဦးလေးရဲ့အရိုက်မခံ ရအောင် ရှောင်ရှားတတ်သွားပြီ။

“တိုးမြင့်မောင်တို့၊ ဖိုးသက်တို့ကတော့ ပွဲမှာသုံးဖို့ ဦးဝဏ္ဏဆီက ကြိုတင်ငွေသွားထုတ်ကြသတဲ့...”

“သူတို့ကစပါးပေါ်ရင် ပြန်ပေးနိုင်တာကိုး... ငါတို့က ကျောင်းပြီးဖို့ နောက်တစ်နှစ်တောင်လိုသေးတယ်။ ပြီးတော့ ဘာအလုပ်မှမရှိ၊ ဘာဝင်ငွေမှလည်းမရှိ”

ဟုတ်တယ်။ ကျောင်းစရိတ်၊ မုန့်ဖိုး၊ အစစအရာရာ အိမ်ကပဲလက်ဖြန့်တောင်းသုံးနေရတာ မဟုတ်လား။

“သုံးဖို့စွဲဖို့တော့ မပူပါနဲ့ကွာ... ငါ့မှာအလုံအလောက်ရှိ ပါတယ်”

“ဟော့! တကယ်လား ဝမ်းမိုး၊ မင်းကဘယ်က ရတ္တား တာလဲ”

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်ကရ ရမှာလဲ၊ ငါလည်းဦးဝဏ္ဏဆီကပဲပေါ့၊ ကြို့တင်ငွေသွားထုတ်ထားတာ..."

"ဟော! ... မင်းကဘာနဲ့ ပြန်ဆပ်မှာမို့လဲ"

"ကျောင်းဖွင့်လို့မြို့ကို ကျောင်းသွားပြန်တက်ရင် ဆပ်မှာပေါ့ကွာ"

"ဟ! ကျောင်းသွားတက်တာ ဘယ်ကဝင်ငွေရမှာလဲ"

"ကျောင်းစရိတ်လေ၊ နည်းနည်းတင်လိုက်ရုံပဲ ဟဲ ဟဲ"

"အဲ"

ဘာပဲပြောပြော သူတို့အပေါင်းအသင်းတွေကြားမှာ မြို့ကိုကျောင်းသွားတက်နိုင်တဲ့ ပညာတတ်ဟာ သူတစ်ယောက်ပဲပါတယ်။ သူက ဆယ်တန်းကို မြန်မာစာဂုဏ်ထူးနဲ့ အောင်ခဲ့တာ။ စာတွေ၊ ကဗျာတွေ ဝါသနာပါလို့ မြန်မာစာကိုကြိုးစားခဲ့တယ်။

အမှန်ပြောရရင် စာရေးဆရာဘဝကို သူဟာအားကျစိတ်ကူးယဉ်နေသူဆိုပါတော့...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

"ငါတို့တော့ မပြန်သေးဖူးကွာ၊ တစ်နှစ်မှတစ်ခါ ကြုံရတဲ့ ပွဲဆိုတော့ ပျော်ဦးမှာ..."

"ဟုတ်တယ်၊ တို့ရွာနဲ့ အနီးဆုံးကပွဲမို့ ဟိုး... ထန်းပင်ကုန်းရွာဘုရားပွဲ အဝေးကြီးသွားရတာထက်စာရင် နေ့တိုင်း ပျော်နိုင်တဲ့အခွင့်အရေးပဲ"

တိုးမြင့်မောင်နဲ့ ဖိုးသက်က အတိုင်အဖောက်ညီညီပြောတာကို မောင်ဆန်းက ခေါင်းညိတ်ထောက်ခံတယ်။ စိန်လုံကတော့ သူ့မျက်နှာကို လှမ်းကြည့်နေတယ်။

ဒါကိုမြင်တော့... တိုးမြင့်မောင်က...

"ဟော့ကောင် စိန်လုံ၊ ဘာမှလိုက်ကြည့်မနေနဲ့... နေချင် နေခဲ့... မင်းကိုဆူပူရိုက်နှက်မယ့်သူ ဘယ်သူမှမရှိဖူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဝမ်းမိုးကသာ သူ့ဦးလေးသန်းအောင်က စည်းကမ်းကြီးလို့... ပြန်ရမှာ..."

မောင်ဆန်းကပါဝင်ပြောတယ်။ စိန်လုံ့သဘောထားကို သူလည်းရိပ်မိသားပဲ။ ပွဲခင်းထဲမှာနေခဲ့ချင်ပေမယ့် စိန်လုံက သူ့ကို အားနာနေတာ...။

"နေခဲ့စိန်လုံ၊ ငါ့အတွက်တော့ ဒါလောက်ဆိုလည်းလို့ ပြီ၊ ပွဲကြည့်တာထက် အိမ်မှာစာဖတ်နေရတာ ပိုကြိုက်တယ်။ ဒီတော့... ဘထွေးစကားလည်း နားထောင်ပြီးသားဖြစ်ရောပဲ"

"မြဝတ်မှုံနဲ့ တွေ့ရဖို့အခွင့်အလမ်းကလည်း မရှိတော့ဖူး လေ၊ မင်း အဲဒါကျထည့်မပြောဖူး ဝမ်းမိုး"

"မင်းတို့ကလည်းကွာ၊ အဲသလိုမဟုတ်ပါဖူး၊ ဟီး"

"ဘာမဟုတ်ရမှာလဲ၊ မြဝတ်မှုံသာ ညိုညိုတို့လို သန်းခေါင်းကျော်ထိ ပွဲဈေးရောင်းနေပါလား၊ မင်းလိုကောင်က ဦးလေးဆော်ပလော်တီးလို့မက မောင်းဆုံထဲထည့်ထောင်းမယ် ဆိုရင်တောင် ဖြုံမှာမဟုတ်ဖူး"

မြဝတ်မှုံဆိုမှ ညဦးပိုင်းက ပွဲခင်းထဲသူမကို အဒေါ်တွေ ဝိုင်းရံအလယ်မှာတွေ့လိုက်တယ်။ လာသာလာရပေမယ့် အဲသလို လေးတွေ့ရပါ့မလားလို့ စိတ်ပူနေခဲ့တာ။

ဟိုး ငယ်စဉ်တောင်ကြေး ကလေးဘဝကတည်းက သူ့ရင်ထဲ မြဝတ်မှုန်က သူငယ်ချင်းအဖြစ်ရှိခဲ့တယ်။ အရွယ်ရောက် လာတော့လည်း သူ့ဘဝ၊ သူ့ကမ္ဘာမှာ မိန်းကလေးဆိုလို့ မြဝတ်မှုံ တစ်ယောက်သာရှိသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းကိုအားနာလို့ ဝမ်းမိုး"

"ဘာမှ အားနာမနေနဲ့ စိန်လုံ၊ ငါ့ဟာငါပြန်မယ်၊ တစ်နှစ်မှတစ်ခါမင်းတို့ 'ဝ' အောင်သာပျော်ကြ၊ ငါကစာဖတ်နေရရင်ပျော်ပြီးသားပဲ"

"မြဝတ်မှုံနဲ့ စကားပြောနေရရင်ကော"

"ဒါတော့ကွာ... ဟဲ ဟဲ၊ ဝတ်မှုံကအရာအားလုံးထက်အရေးအကြီးဆုံးပဲ"

ဟုတ်တယ်။ ဒါ အမှန်ပြောတာ။ ကော့ရွာလာတာဘုရားပွဲ ပျော်ချင်လို့သက်သက်မဟုတ်ဖူး။ မြဝတ်မှုံကို တွေ့ချင်လို့ပဲ။ တွေ့ဆိုတွေ့တော့တွေ့ရပရဲ့...။ အားရပါးရစကားပြောခွင့်မရဖူး။ "နင်တို့ပွဲကြည့်မှာလား၊ အရီး နေကောင်းလား" ဆိုတာလောက်ပဲ မေးခွင့်ရတာ...။ သမီးရီးစား မဟုတ်တော့ချိန်းချက်ပြီးတွေ့လို့လည်းမရနဲ့ သူ့ဘဝက လျှောက်ပြန်သံပေး၊ ငေးမျှော်ကြည့်မောရုံနဲ့ ကျေနပ်နေရတယ်။

အခုလည်းပွဲခင်းထဲ ဟိုလျှောက်ဒီလျှောက် ဟိုဆိုင်၊ ဒီဆိုင်ထိုင်၊ မြဝတ်မှုံနဲ့ ဟိုနား၊ ဒီနားတွေ့ ပြုံးပြနှုတ်ဆက်၊ ဗိုက်ဆာတော့ စားစရာသောက်စရာဝယ်စားရင်း အချိန်ကကုန်မှန်းမသိ ကုန်သွားတာပဲ။

"ကဲ... ကိုးနာရီထိုးပြီ၊ ငါပြန်မှဖြစ်မယ်၊ ငါပြန်ရင်မင်းတို့လည်းပွဲကြည့်ဖို့ နေရာဦးကြတော့"

သူကနာရီကို ကြည့်ပြီးပြန်ဖို့ လက်ကျန်လက်ဖက်ရည်ခွက်ကို တစ်ကျိုက်တည်း သောက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com


အဘိုးတို့၊ ဘထွေးတို့ခေတ်က ရွာသူရွာသားတွေက လက်ဖက်ရည်၊ ကော်ဖီကြိုက်တာ မဟုတ်ဖူး။ သောက်လည်း မသောက်ကြပါဖူး။ သူ မြို့ကကျောင်းပိတ်လို့ပြန်လာရင် အိုဗာတင်း၊ ပေါလစ်ဝယ်ခဲ့တာ အဘိုးတို့၊ အမေတို့မကြိုက်လို့ မသောက်ဖူး။

ခု... သူတို့လူငယ်တွေထဲမှာတောင် တိုးမြင့်မောင်၊ ဖိုးသက်၊ မောင်ဆန်းတို့က လက်ဖက်ရည်၊ ကော်ဖီမသောက်ဘဲ ကြံရည်သောက်တယ်။ မြို့သွားကျောင်းတက်တဲ့သူနဲ့ စိန်လုံပဲ လက်ဖက်ရည်သောက်တာ...။

"ကဲ... ငါပြန်ပြီ"

"မင်း တစ်ယောက်တည်းဖြစ်ရဲ့လား ဝမ်းမိုး"

မောင်ဆန်းမေးလိုက်မှ သူ တွန့်ခနဲဖြစ်သွားတယ်။ စိန်လုံက...

"ငါတို့ရွာက ပြန်မယ့်လူကြုံရှာတာ ကောင်းမယ်ထင်တယ်... အဖော်ရအောင်လို့..."

"မနက်အလုပ်ရှိတဲ့သူတွေက အလှည့်နဲ့ပွဲလာကြည့်ကြတာ... ပြန်မယ့်လူတော့ ရှိမယ်မထင်ဖူး"

"ကိုစိန်သောင်းတို့အိမ်က ပွဲမကြည့်ဖူးလို့ကြားတာပဲ"

"ကလေးတွေနဲ့ ဒီအချိန်ထိဘယ်နေမလဲ၊ ညနေငါးနာရီလောက်ကတည်းက လှည်းနဲ့လာပြီး ရှစ်နာရီဆိုပြန်ရောပေါ့"

"အေး... ဟုတ်သားပဲ"

ကော့ရွာကနေ သူတို့ရွာကန်တစ်ရာကို စက်ဘီးနဲ့ဆို


www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ငါးမိနစ်လောက်သွားရတယ်။ ခြေလျင် ဒါမှမဟုတ် လှည်းနဲ့ဆို လေးဆယ့်ငါးမိနစ်တော့ အနည်းဆုံးကြာတာပဲ။

အခု... သူတစ်ယောက်တည်း လမ်းလျှောက်ပြန်ရမှာ...။ စက်ဘီးယူခဲ့လည်း အပိုပဲဆိုတော့မယူခဲ့ဖူး။ ညကိုးနာရီမှာ လျှပ်စစ်မီးမရှိ၊ ဘာမရှိနဲ့ လမ်းကလည်းလကမ္ဘာလို၊ အင်္ဂါဂြိုလ်လို ချိုင့်ခွက်တွေနဲ့လမ်း။

ဒီတော့... စက်ဘီးယူလာလည်း စီးလို့ရမှာမှမဟုတ်တာ...။ မှောင်လာရင် ရွာတွေကတစ်ရွာနဲ့တစ်ရွာ၊ ခြေလျင်ဒါမှမဟုတ် နွားလှည်းနဲ့ သွားကြတာ။

"ပြန်ရမယ့်လမ်းက သချိုင်းတွေနဲ့လှမ်းတယ်ဆိုပေမယ့် ရွာအဝင်ညောင်ပင်အောက်ကဖြတ်ရမှာ... အဲ... အဲဒီညောင်ပင်ကြီးက..."

"မင်းကလည်း တိုးမြင့်မောင်ရာ၊ အစဖော်ပေးနေပြန်ပြီ"

"ဟာ! မဖော်လို့ရမလား၊ သွားကောင်းသွားပြီး အဲဒီနားရောက်မှ မဖြတ်ရဲရင်အလကားပဲ"

သူ ကြက်သီးမွေးညှင်းတွေထသွားတယ်။ ထမှာပေါ့။ အဲဒီညောင်ပင်ကြီးကနံမယ်ကြီးတာကိုး။ ညအချိန်လမိုက်ရက်တွေဆို အဲဒီညောင်ပင်ကြီးအောက်ကဖြတ်ပြန်ရင် ခွေးနက်ကြီးလိုက်တယ်ဆိုတာ အကုန်သိတယ်။ ဟုတ်မဟုတ်မကြုံဖူးသေးပေမယ့် ပြောတဲ့လူကတော့ ပြောနေကြတာပဲ။

အဲဒါတွေထက်သူကိုယ်တိုင်က ရောက်လေ့ရှိသရဲ ခြောက်ခံရတဲ့ ကံဇာတာပါတယ်။ မြို့ကျောင်းကအဆောင်မှာ

www.burmeseclassic.com

www.burmeseclassic.com



နေရင်လည်း သူ့လောက်သရဲခြောက်ခံရတာသူပဲရှိတယ်။ ဘာကြောင့်မှန်းတော့ သူလည်းမသိဖူး။

"ဟုတ်ချင်မှလည်းဟုတ်မှာပါကွာ၊ လူတွေကလျှောက်ပြောကြတာနေမှာ... မပြန်လို့ကတော့ မဖြစ်ဖူး၊ ဦးလေးအကြောင်းမင်းတို့သိသားပဲ၊ ပြီးတော့ ဝါသနာမပါတဲ့ပွဲကို တစ်ညလုံးအညောင်းခံ အိပ်ပျက်ခံကြည့်မနေနိုင်တော့ ပြန်ရမှာပဲ"

သူက မာန်တင်းပြီးကြောက်ကြောက်နဲ့ ပြန်ခဲ့တယ်။ ပွဲခင်းကခွာပြီး ကော့ရွာထဲကထွက်လာတာနဲ့ အမှောင်ထုကြီးက ကန့်လန့်ကာ အနက်ကြီးချထားသလို ကြိုဆိုနေတယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



## ☺ ထူးမြတ်ကြယ် ☺

ကော့ရွာနဲ့ပွဲခင်းထဲက အသံဖလံတွေက တဖြည်းဖြည်း ဝေးပြီးကျန်ခဲ့တယ်။ ညက 'လ' မသာပေမယ့် ကောင်းကင်မှာ ကြယ်တွေစုံနေတော့ အနက်ရောင်ကန့်လန့်ကာကြီးထဲတိုးဝင်ရင်း အလင်းမှုန်ပျပျက ကန်သင်းရိုးတွေ၊ လှည်းလမ်းကြောင်းတွေကို ပြပေးနေသလိုပဲ။

သူတို့ရွာတင်မကဘူး အနီးအနားဘေးပတ်လည်က ရွာတွေကပါ ပွဲလာကြတော့ ကြိုကြားကြိုကြားဆိုသလို ပွဲသွား၊ ပွဲပြန်လူသံတွေကို ကြားနေရသေးတယ်။ အဲဒါကြောင့်… ကြောက်စိတ်သိပ်မဖြစ်ဘဲ လေချွန်ရင်းခပ်သုတ်သုတ်လျှောက်နေနိုင်သေးတာပေါ့…။

လျှောက်နေရင်းမြဝတ်မှုံမျက်နှာကလေးကို အတွေးထဲ မြင်ယောင်နေမိတယ်။ မြဝတ်မှုံဆီကအချစ်ကို ဆယ်တန်းအောင်တဲ့နှစ်က ရလိမ့်မယ်လို့မျှော်လင့်ခဲ့တာ…။ ဒါပေမယ့်သူ ထင်သလို မရခဲ့ဖူး…။

အလှဂုဏ်သတင်းကြီးတဲ့ မြဝတ်မှုံက ချစ်သူတစ်ယောက်ကို ဘယ်လိုစံနှုန်းတွေသတ်မှတ်ထားပြီး ရွေးချယ်ချင်နေသလဲ။ ပညာတတ်တွေ၊ လူချမ်းသာတွေဝိုင်းဝိုင်းလည်နေပေမယ့် ဘယ်သူ့ကိုမှ ခုထိတုန့်ပြန်ခဲ့တာမရှိမှန်းသေချာသိတယ်။

"အူး… ဂူး… ဂူး…"

အတွေးထဲဘယ်လောက်ထိကြာအောင်နစ်မျောနေမိမှန်း မသိဖူး။ ရုတ်တရက် ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအူသံတွေကို ကြားရတော့မှ အသိပြန်ဝင်လာတယ်။ ခွေးအူသံတွေက ရွာဦး



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းဆီကဆိုတော့... သူတို့ရွာ နားရောက်နေပြီပဲ။

အင်း... ဟုတ်တာပေါ့။ ဟိုးရှေ့မှာ အုပ်ဆိုင်းမည်းမှောင်နေတဲ့ ညောင်ပင်အိုကြီးကို လှမ်းတွေ့နေရပြီ။

ဟော...။

"ရှဲ ရှဲ ရှဲ ရှဲ"

ရှဲရှဲ၊ ရှဲရှဲနဲ့ လေတိုက်လို့ညောင်ရွက်တွေ ပွတ်တိုက် သံတောင်ကြားနေရတယ်။ ဖြိုးဖြိုးဖျောက်ဖျောက်နဲ့ ညောင်သီးကြွေသံကိုလည်းကြားတယ်။ အဲဒီအချိန်မှာပဲ... လေပြင်းတစ်ချက်ဖေ့တိုက်လိုက်တော့ တဝေါဝေါ၊ တရှဲရှဲမြည်သံတွေက တစ္ဆေသရဲတွေ အော်ပြီးသူ့ဆီပြေးလာသလိုထင်ရတယ်။

"ဘုရား၊ ဘုရား"

ကြက်သီးတွေ တဖြန်းဖြန်းထပြီးခေါင်းကဆံပင်တွေပါထောင်လာသလို ထင်ရလောက်အောင် ကြောက်လန့်စိတ်တွေကအထွတ်အထိပ်ရောက်သွားတယ်။

ဒီညောင်ပင်အိုကြီးအောက်က ဖြတ်သွားဖို့ဖြစ်နိုင်ပါ့မလား။ ကော့ရွာဘက် ပြန်လှည့်ပြေးရမလား။ ဒီအပင်ကြီးကျော်လိုက်တာနဲ့ ရွာအဝင်လမ်းထိပ်ရောက်ပြီ။ နောက်ကြောင်းပြန်လှည့်ရင်မှောင်မှောင်မည်းမည်းထဲ နောက်ထပ်မိနစ်လေးဆယ်ကျော်လောက်လျှောက်မှကော့ရွာပြန်ရောက်မယ်။

ပွဲခင်းထဲတစ်ညလုံး အညောင်းမိ၊ ပျင်းရိပြီးအိပ်ရေးပျက်ရီးမှာ။ မနက်ကျ ဦးလေးကြိမ်လုံးစာမိမယ်။ (မသကာ မြဝတ်မှုန်နဲ့တစ်ညလုံးထိုင်စကားပြောခွင့်ရရင် ကောင်းသားပဲ။)



www.burmeseclassic.com

www.burmeseclassic.com



အဲသလိုတွေးမိပြန်တော့ ကြောက်ကြောက်နဲ့ဇွတ်တိုးဖြတ်ဖို့ မကြောက်ချင်ယောင်ဆောင်ပြီး ဖြတ်တယ်။ အကြောက်ပြေအောင် လေချွန်ပြီး ခပ်ဖြည်းဖြည်းနဲ့ ခပ်မှန်မှန်လျှောက်တယ်။

"ဟူး... ဟူး၊ ဟဲ... ဟဲ"

"ရှဲ ရှဲ ရှဲ"

"ဖျောက် ဖျောက် ဖျောက်"

အသံတွေက ပိုဆူညံလာတယ်။ ကြီးမားအုပ်ဆိုင်းနေတဲ့ ညောင်ပင်အိုကြီးရဲ့ အရိပ်မည်းကြီးက ဝိုးတဝါးကြယ်တွေရဲ့ အလင်းမှုန်မွှားမွှားအောက်မှာ တအိအိပြိုကျလာသလိုပဲ။

"ဟော!"

အဲဒီအချိန်မှာပဲ သူ့နောက်ကတစ်စုံတစ်ရာကပ်လိုက် လာတဲ့ တရှပ်ရှပ်အသံမျိုးကြားရတယ်။ ဒါတင်မကဖူး။ အမော ဆောက်နေတဲ့ 'ဟောဟဲ ဟောဟဲ' အသံပါကြားလိုက်ရတယ်။

လှည့်မကြည့်ဘဲ နေရမလား။ ဒါဆိုနောက်ကနေ ခုန်အုပ် ဖမ်းဆွဲပြီး သူ့ကိုဂုတ်ချိုးသတ်ရင်ရော...။ ဒါမှမဟုတ် အားကုန်ပြေး လိုက်တာ ကောင်းမလား။ တစ္ဆေသရဲနာနာဘာဝတွေလက်က ပြေးလို့မလွတ်ဖူးထင်တာပဲ။

ဘာပဲဖြစ်ဖြစ် ရွာအဝင်လမ်းကိုတွေ့နေရပြီ။ လမ်းထိပ် ဘကြီးပု စပါးကျီကိုတောင်လှမ်းမြင်နေရပြီ။

ပြေးမယ်ကွာ။ ပြေးမယ်။

ပြေး... ပြေး။

သူ စပြေးလိုက်တဲ့အချိန်မှာပဲ နောက်ကလည်းဖျပ်ဖျပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထပ်ချပ်မကွာပြေးလိုက်လာသံကြားရတယ်။

ဟောဟဲ… ဟောဟဲ။

ဟာ…။ နောက်နားကပ်နေပြီ။ သူ့ကိုမီတော့မယ်။ မဖြစ်ဖူး။ ဘာလုပ်ရင်ကောင်းမလဲ။ ခြေချေးတွေလည်း ယိုစိမ့်ထွက်လာပြီ။ သူ့နောက်က ဘာကောင်ကြီးလဲ။ လူတွေပြောပြော နေကြတဲ့ သရဲခွေးနက်ကြီးပဲလား။ လျှာတန်းလန်းကြီးနဲ့ လိုက်တယ်တဲ့…။

သူ့ကိုမီပြီး ခုန်အုပ်လှမ်းဆွဲတော့မှာလား။ လှည့်ကြည့်မှ ဖြစ်မယ်။ ဒါမှခုခံကာကွယ်နိုင်မှာပေါ့။

ဟုတ်တယ်။ လှည့်ကြည့်လိုက်မယ်။

"တစ်"

"နှစ်"

"သုံး"

"အောင်မလေး"

အဲဒီမှာ သူမြင်လိုက်ရတဲ့အရာက…

"ကယ်တော်မူကြပါဗျို့ …"

"ကယ်တော်မူကြပါဗျို့ …"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဘာ! ညည်းက ဘောကန်ချင်တယ်၊ ဟုတ်လား"

"အို! အရီးကလည်း၊ 'ဘော' မဟုတ်ပါဖူး၊ ဘောလုံးပါ 'လုံး' ထည့်ပြောပါလို့ပြောတာခဏခဏရှိပြီ၊ မှတ်လည်းမထားဖူး"

"အိုအေ၊ ဘောဖြစ်ဖြစ်၊ ဘောလုံးပဲဖြစ်ဖြစ်အတူတူပဲ၊ ဘယ်ဟာမှပြားမနေဖူး"

"ပြားတာရှိတာပေါ့အရီးရဲ့ ... ရွာတောင်ပိုင်းက ဒေါ်မြပုရဲ့သား၊ အဲ... သမီး၊ အထွေးကဘောပြားလေ"

"ဟဲ့... ဟို... ယောကျာ်းလေးလိုနေတဲ့ ကောင်မလေးကိုပြောတာလား၊ နံမယ်ကထွေးညို၊ ဒါပေမယ့်သူ့ကိုယ်သူ အထွေး၊ အထွေးဆိုတဲ့ ကောင်လေး၊ အဲ... ကောင်မလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပတော်"

"ဟွန်း... မိန်းကလေးဖြစ်ပြီး ဘောလုံးကန်၊ ငှက်ပစ်၊ သစ်ပင်တက်၊ ဖားရိုက်၊ ဂေါ်လီကစား၊ လက်သီးထိုးနဲ့ တစ်ရွာလုံး မျက်စိနောက်နေတဲ့ဟာမပဲ၊ ဒါနဲ့ပဲညည်းကပါ ဘော... အဲ... ဘောလုံးကန်ချင်ရတယ်လို့... ကျော်မကောင်းကြားမကောင်းအေ..."

"အိုတော်... အရီးကဘာသိလို့လဲ၊ တစ်ကမ္ဘာလုံးဘောလုံး ကန်တဲ့မိန်းမတွေမှ အများကြီးပဲ"

"ဟဲ့... မိမှူ၊ ဟိုဟာက ကမ္ဘာ၊ နင်နေတာကော့ရွာလေ"

အရီးကြီးကပါ ဝင်ပြောသည်။ ဒါတောင် အဘနှင့်အစ်မ ကအိမ်မှာရှိမနေ၍ တော်သေးသည်။ မဟုတ်လို့ကတော့ ထတောင် ရိုက်လိမ့်ဦးမည်။

"ဘယ်နှယ့်တော်... မိန်းကလေးက ဘောလုံးကန်ချင် ရတယ်လို့... ဟိုက ဂေါ်လီရိုက်၊ ငှက်ပစ်တာယောကျ်ားလေး စိတ်ပေါက်နေလို့ ထားပါတော့... ပုံစံကလည်း ယောကျ်ားလေးနဲ့ တူနေပါပြီ"

"ငယ်ကတည်းက ယောကျ်ားလေးလို နေလာတာကိုး"

"ညည်းကရော ယောကျ်ားစိတ်ပေါက်လို့လား မြဝတ်မှူ"

"ကြံကြံဖန်ဖန်အရီးရယ်"

"ဒါဆိုဘာတုန်း၊ ညည်းဟာက တီဘီကဘောလုံးပွဲတွေ လာရင်လည်းမလွတ်စတမ်းကြည့်တယ်၊ ကြည့်ရင်လည်း ထိုင်လိုက်၊ ထလိုက်၊ အော်လိုက်ဟစ်လိုက်နဲ့ ဆူညံနေတာပဲ"

"ခုနောက်ပိုင်း ရွာပေါင်းစုံဘောလုံးပြိုင်ပွဲတွေ မလှကြတာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီ၊ ဟိုတုန်းကဆို နှစ်တိုင်းလုပ်တယ်၊ မိမ့်တို့ အဲဒီအချိန်တုန်းက ဘယ်ရွာမှာ ဘောပွဲရှိရှိသူ့ဦးကြီးတွေနဲ့ လိုက်ကြည့်တော့တာပဲ”

အရီးကြီးနှင့် အရီးက မြဝတ်မှုံအကြောင်းတွေ ငယ်ကြိုးငယ်နှာ ဖော်ကြတော့မှာသေချာသည်။

ပြောပါစေ။ ဝတ်မှုံတို့က မဖြုံပါဖူး။

“မိမ့်တို့က ကျန်တဲ့အချိန်တွေသာ ဣန္ဒြေရှိရှိ၊ မိန်းမပီပီသသဖြစ်တာ… ဟော… ဘောပွဲဆို တီဘီကကလာလာ၊ ကွင်းတွေမှာကန်ကန်၊ ရွာလယ်ကွင်းတွေထဲ အလကားပဲကန်ကန် မလွတ်စတမ်းကြည့်တယ်၊ ပြီးရင်ခုနကပြောသလိုပေါ့၊ ဆူညံနေအောင် အော်တာ…”

“ဒါတောင်… ကျုပ်တို့တားကြလွန်းလို့နော်၊ မဟုတ်ရင် ကိုယ်တိုင်တောင် ဝင်ကန်ပစ်လိုက်ချင်တယ်”

ဟုတ်သည်။ ကလေးဘဝအရွယ်တုန်းက ကောင်လေးတွေနှင့် ရင်ဘောင်တန်းကာ ဘောလုံးကန်သည်။ အရီးပုရဲ့သမီး ထွေးညိုခေါ်အထွေးလို ယောကျ်ားစိတ်ပေါက်ပြီး ငှက်ပစ်၊ သိုင်းကစား၊ ဂေါ်လီရိုက်တာတွေ ဝတ်မှုန်ဝါသနာမပါပေ။ ယောကျ်ားစိတ်ဖြစ်နေတာလည်းမဟုတ်ပါ။

အဲ… ဘောလုံးကစားနည်းကိုတော့… ဘယ်လိုဝါသနာပါမှန်းပမသိ ပါလာသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဆို ရွာမှာနေလျှင် မကြည့်ရမှာစိုး၍ မြို့ကြီးမှာနေသော အဒေါ်အိမ်သွားနေလိုက်သည်။

ကမ္ဘာ့ဖလားပွဲဆိုလျှင် ကိုယ့်အာရုတိုက်အသင်းကို

www.burmeseclassic.com

www.burmeseclassic.com



အားပေးပြီး၊ အာရှဖလားဆိုလျှင် မြန်မာအသင်းကို အားပေးသည်။ တိုင်းနှင့်ပြည်နယ်ပွဲဆိုလျှင် ကိုယ်နေသောတိုင်းကို အားပေးကာ မြို့နယ်ပေါင်းစုံ၊ ရွာပေါင်းစုံပွဲဆိုလျှင် သိတဲ့အတိုင်းပဲပေါ့။

မြဝတ်မှုံတို့ ရှစ်တန်းနှစ်လောက်တုန်းကဆိုလျှင် ရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ကော့ရွာအသင်း အနိုင်ရရှိရေးအတွက် ဝက်ဝက်ကွဲအားပေးခဲ့ရသည်မှာ လက်ဖဝါးတွေနာ၊ အသံတွေပြာ၊ လည်ချောင်းတွေအက်သည်ထိဖြစ်ခဲ့သည်။

မြဝတ်မှုံ ဆယ်တန်းအောင်ချင်တာ၊ မြို့မှာကျောင်းတက်ချင်တာတွေက ဘောလုံးကြောင့်ဖြစ်သည်။ အခွင့်အရေးပေးလျှင်အမျိုးသမီးဘောလုံး လောကထဲတိုးဝင်မည်။ ဒါမှမဟုတ် ဘောလုံးပွဲမှန်သမျှ စိတ်ကြိုက်ကြည့်ရှုအားပေးနိုင်ဖို့ဖြစ်သည်။

"အဲဒီစကား ညည်းအဘရှေ့ နာနာပြောမိမှု၊ တစ်ခါတည်း နွားစာစဉ်းသလို စင်းပစ်လိုက်လိမ့်မယ်"

ဒါတော့ဟုတ်သည်။ အရီးတို့ရှေ့မို့သာ ပါးစပ်အရသာခံ ပြောနေသော်လည်း အဘရှေ့မပြောရဲပါ။ ဘောလုံးကန်ဖို့ မပြောနှင့် ကြည့်တာပင်မကြိုက်ပါ။

တစ်ခါက နွေရာသီကျောင်းပိတ်ရက်ရှည်တွင် အစ်ကို ဝမ်းကွဲတွေနှင့်အတူ ရွာထိပ်ဘောလုံးကန်ကြတာ အဘတွေသွား၍ နွားရိုက်ကြိမ်လုံးဖြင့် ဆော်ပလော်အတီးခံလိုက်ရတာ ဖျားပင်ဖျားသွားသည်။

ဒါလည်း မြဝတ်မှုံက မှတ်သည်မဟုတ်။ လစ်လျှင်လစ် သလိုကန်သည်။ လူက မှုံနေအောင်ချောပေမယ့် ဒင်းရာအနာ

www.burmeseclassic.com



တွေက ဗရုပ္ပရှိနေသည်။

ခေတ်နှင့်လိုက်လျောညီထွေ ယဉ်ပါးမှုမရှိသော တောသူ တောင်သားရှေးလူကြီးများအဖို့ မိန်းကလေးတစ်ယောက် ဘောလုံး ကန်ခြင်းသည် ရှက်ဖွယ်လိလိဟု အရိုးစွဲထင်နေ၏။

ထို့ကြောင့်... နောက်တစ်ခါ ဘောလုံးကန်တာတွေ့လျှင် သေအောင်သတ်မည်ဟု အဘကဝါးကြိမ်း ကြိမ်းဝါးထားသည်။ မြဝတ်မှုန်မှာ အားမတန်၍မာန်လျှော့ခဲ့ရသော်လည်း ရင်ထဲက ဝါသနာကို မစွန့်နိုင်ပါ။

ဘောလုံမကန်ရလျှင် ကြည့်ခွင့်လေးတော့ပေးဖို့ အဘကို ငိုယိုတောင်းပန်ထားရသည်။ မြဝတ်မှုံ ဝါသနာမပါသော သူနာပြု ဆရာမအလုပ်ကို အဘတို့စိတ်တိုင်းကျ လုပ်ပါမည်ဟူသော အလဲအလှယ်နှင့် ကတိပေးခဲ့သည်။

"ဟင်! ဒီတစ်သက် ဘောလုံးသမားဖြစ်ခွင့်မရပေမယ့်... ဘောလုံးသမားမယားတော့ ဖြစ်ခွင့်ရှိပါသေးတယ် အရိုးတို့ရယ်"

"ဘာအေ့"

"ဘောသမားမယား ဟုတ်လား"

" 'လုံး'ထည့်ပြောပါဆို အရိုးကြီးကလည်း၊ ဘောလုံးသမား ဟုတ်တယ်၊ ဘောလုံးသမားကို ယူမယ်"

"ဟောတော်"

"တောက်တီးတောက်တဲ့ မိမှုံရယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့... ဝတ်မှုံ၊ ညည်းကြားပြီးပလား"

မြဝတ်မှုံကို ခင်သန်းက လှမ်းမေးသည်။ ပဲညှစ်နေတဲ့ မြဝတ်မှုံရှိရာကို ခင်သန်းနှင့် အေးမေရောက်လာပြီး ဝိုင်းကူညှစ်ရာမှ ခင်သန်းကစကားစလာခြင်းပင်...။

"ဘာလဲ၊ ဒီညပြဇာတ်က ငိုရမယ့်ဇာတ်ဆိုတာလား"

"မဟုတ်ပါဖူးအေရယ်၊ ကျုပ်ပြောတာက ကျော်ခံလှ အကြောင်းပါ"

"သြော်... ဘောင်းဘီအကြားကြီးဝတ်ပြီး ရွာရိုးလှည့် လမ်းသလားလို့ ခွေးတွေဝိုင်းဆွဲတယ်ဆိုတာလား၊ အဲဒါ ငါသိပြီး ပါပြီ"

"အေးပါ၊ ညည်းသိမှန်း ကျုပ်တို့လည်းသိပါတယ်၊ ခုဟာက အဲဒီအကြောင်းမဟုတ်ဖူး၊ ကျော်ခံလှကို ဇာတ်ဆရာက သဘောကျတယ်ဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလိုတော်… ယောကျ်ားချင်း တောင်းများယူအုံးမလား"

"ဟယ်…. မဟုတ်သေးဖူး၊ ဇာတ်မင်းသားရုပ်ပေါက်လို့ မင်းသားလုပ်မလား မေးတာ…"

"ဟင်! ဇာတ်မင်းသားရုပ်ဆိုတာ ကျော်ဇံလှလိုနှာကြီးကြီး… အဲ… နှာခေါင်းကြီးကြီးပေါ့"

"မကြီးပါဖူးဟဲ့… ညည်းမကြိုက်တိုင်း"

"ဩော်… နင်ကကြိုက်တော့ မကြီးဖူးပေါ့၊ ဟုတ်လား အေးမေ၊ ခစ်…"

မခံနိုင်သလို ဝင်ပြောလိုက်သော အေးမေကို မြဝတ်မှုံက နောက်ပြောင်လိုက်သည်။

"ကောင်မနော်… ညည်း"

"ဟဲ့… နေကြအုံး၊ ကျုပ်ဆက်ပြောအုံးမယ်၊ ကျော်ဇံလှက ဘာပြန်ပြောတယ်မှတ်လဲ"

"ဘာတဲ့တုန်း"

"ဇာတ်မင်းသားမလုပ်ဖူး၊ ရုပ်ရှင်မင်းသားပဲ လုပ်မှာတဲ့တော်ရေ…"

"ဟုတ်သတဲ့လား၊ အင်းလေ၊ သူက ကန်တစ်ရာရွာက အောင်သူမော်ကို အားကျလို့နေမှာပေါ့"

ကန်တစ်ရာရွာက အောင်သူမော်မှာ ဗွီဒီယိုလောကတွင် နာမည်ရနေသော သရုပ်ဆောင်ဖြစ်သည်။

"ဟဲ့… ကန်တစ်ရာရွာဆိုလို့ ပြောရဦးမယ်"

"နင်ကလေ၊ တကယ့်ဘီဘီစီပဲ ခင်သန်း"



www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲ ဘီဘီစီ၊ အားဆေးလား"

"သတင်းစုံတာကိုပြောတာ"

"ကျုပ်က ရွာတကာလှည့်ပြီး ဈေးရောင်းနေရတာကိုး..."

"ဟုတ်ပါပြီ၊ ပြောပါဦး၊ ကန်တစ်ရာရွာက ဘာဖြစ်သလဲ"

"ကန်တစ်ရာရွာက ညည်းကိုအသေရရ၊ အရှင်ရရ မေတ္တာရှိလှချည်ရဲ့ဆိုတဲ့ ဝမ်မိုလေ..."

"ဝမ်းမိုးပါ ခင်သန်းရဲ့... ကိုးရီးယားကားထဲက မင်းသားဝမ်မိုနဲ့ မှားနေပြီ"

"အေး... အဲဒီအကောင်လေ၊ မနေ့ညက ကျုပ်တို့ရွာဘုရားပွဲလာတယ် မဟုတ်လား"

"လာတယ်လေ"

"ပွဲကြည့်တာတော့ မောင်ဆန်းတို့ပဲတွေ့တယ်"

အေးမေက ဝင်ပြောသည်။ ပဲညှစ်၍ကုန်သွားသော်လည်း စကားမပြတ်သေးသောကြောင့် ဆက်ထိုင်နေကြသည်။

"ဟုတ်မှာပေါ့အေ၊ ဝမ်းမိုးက တစ်ယောက်ထည်းပြန်သွားတာတဲ့"

"ဟယ်... မကြောက်ဖူးလားမသိဖူး၊ သူတို့ရွာအဝင်ညောင်ပင်အိုကြီးက သရဲခွေးကြီးရှိတယ်ဆို... လျှာတန်းလန်းကြီးနဲ့ တဟဲဟဲလိုက်တတ်လို့ ညနေ့ နေဝင်ရင်တောင် တစ်ယောက်တည်း မဖြတ်ရဲကြဖူးတဲ့..."

အေးမေက ရင်ဘက်ဖိပြောပြန်သည်။ ခင်သန်းက...

"အဲဒါပဲလေ၊ ဒီလောက်နံမယ်ကြီးနေတာသိရဲ့သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ကောင်းလုပ်ချင်တာ... ခုတော့..."

"ဘာဖြစ်သွားလဲ"

"သူ့ရဲ့ခွေးနက်ကြီးအလိုက်ခံရလို့တဲ့လေ၊ ကံကောင်းလို့ မသေတယ်၊ အိမ်ရောက်တော့ ကတုန်ကယင်နဲ့ တုန်လှုပ်ချောက်ချားပြီး အသက်မထွက်ရုံတမယ်ပဲတဲ့..."

BURMESE CLASSIC

"ဖြစ်ရလေဟယ်"

အေးမက ရင်ဘက်ဖိပြန်သည်။ ခင်သန်းက...

"ဟဲ့... ဝတ်မှုံ၊ ညည်း အဲဒီအကောင်ကို ဘာလို့ပြန်မကြိုက်တာလဲ"

"အလိုတော်... တို့က အဲဒီအကောင်မှမဟုတ်ဖူး၊ ဘယ်အကောင်မှ ပြန်မကြိုက်တာပါနော်..."

"ကန်တစ်ရာရွာက ဝမ်းမိုးက မြို့သားတွေလိုနုနုရွရွနဲ့ ချောတယ်တော့... ပြီးတော့... သူကစာရေးဆရာဆိုလား၊ ဇာတ်လမ်းရေးသူဆိုလား"

"စာရေးဆရာမဖြစ်သေးပါဖူး ခင်သန်းရယ်၊ တို့သိပါတယ်၊ မဂ္ဂဇင်းမှာ ဝတ္ထုတိုလေးတစ်ပုဒ်နှစ်ပုဒ်ပါဖူးတာပါ၊ အဲဒါကို ကြွားနေတာထင်တယ်"

"ဘာပဲဖြစ်ဖြစ်၊ သူတို့မျိုးရိုးက ပညာတတ်တွေများတယ်၊ ညည်းကိုဝိုင်းကြိုက်နေကြတဲ့ ရွာပေါင်းစုံကလူတွေထဲမှာ ဝမ်းမိုးက ညည်းနဲ့လိုက်ဖက်ညီတယ် မိမှုံ"

"အိုး... ဟိုး... နင်တို့ကငါ့ကို လာအောင်သွယ်နေတာလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အိုအေ၊ မဟုတ်ပါဖူး၊ အားလုံးက စိတ်ဝင်စားနေကြလို့ ပြောပြတာပါ"

"ဟဲ့... ဒါနဲ့... ဒီညပွဲကြည့်မှာလား မိမ့်"

"ဟင့် အင်း၊ မနက်ဖြန်အလယ်ရက်မှ ကြည့်မယ်"

"ကျုပ်တော့... နေ့တိုင်းကြည့်မှာပဲ၊ ပွဲငတ်နေတာ မဟုတ်လား၊ မင်းသားကချောမှချောပဲ"

"ကြည့်ကြပေါ့၊ တို့ကပွဲကြည့်တာ သိပ်ဝါသနာမပါဘူး"

"ညည်းကမြို့မှာဆို ဘောပွဲညလုံးပေါက် ကြည့်တာဆို"

"လာပြန်ပြီ 'ဘောပွဲ'၊ ဘောလုံးပွဲလို့ပြောပါ"

"အို အေ၊ လုံးတာချင်းအတူတူပဲ"

မြဝတ်မှုံ မျက်စောင်းထိုးသည်။

"ဟဲ့... ဝတ်မှုံ၊ ပဲညှစ်တာမပြီးသေးဖူးလား"

"ပြီးပြီ အမေရေ၊ ဒီမှာခင်းသန်းတို့လေမိနေလို့..."

"ယူခဲ့... ညနေစာနောက်ကျနေလိမ့်မယ်"

"ချက်မလို့ပဲဟာ"

"တော်ပါအေ၊ ကျုပ်ပဲချက်လိုက်ပါတော့မယ်၊ ဟဲ့... ခင်သန်းတို့၊ အေးမတို့...ထမင်းစားသွားကြ"

"တော်ပြီဒေါ်ကြီးတင်ရေ... ကျုပ်တို့ခုပဲပြန်တော့မလို့... ညကျပွဲကြည့်မှာဆိုတော့ မနက်ဖြန်စျေးရောင်းဖို့ ခုပဲသွားပြင်ဆင်ထားမှပဲ"

"ဟုတ်တယ်ဒေါ်ကြီးတင်၊ ကျုပ်လည်းရေဖြည့်ရဦးမှာ ဆိုတော့ ပြန်တော့မယ်၊ ကဲ... မိမှုံရေ... ကျုပ်တို့သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အေး အေး"

ခင်သန်းနှင့် အေးမပြန်သွားတော့ ဝတ်မှုံကအမေ့ကို ကူဖို့မီးဖိုချောင်ထဲဝင်ခဲ့သည်။ သူမ ဝင်လာတာတွေ့တော့ အမေက...

"အမေပဲချက်လိုက်တော့မယ်၊ ညည်းဖာသာတခြား လုပ်စရာရှိတာသာသွားလုပ်..."

မြဝတ်မှုံသတိထားမိသည်မှာ သူမဆယ်တန်းအောင် ကတည်းက ဘာမှသိပ်မခိုင်းတော့တာ သေချာသည်။ ခင်သန်းတို့၊ အေးမတို့လို ရွာသူရွာသားတွေက ကိုယ့်အိမ်ကအလုပ်၊ ကိုယ့် လယ်ကအလုပ်တွေ လုပ်ကြတာမဆန်းပေ။

မြဝတ်မှုံကတော့ နွားစာမစဉ်းရ၊ လယ်ထဲမျိုးနှုတ် ကောက်စိုက်မလုပ်ရ၊ ပဲမနှုတ်ရ၊ မောင်းမထောင်းရတာများသည်။

ထို့ကြောင့်... ကျောင်းပိတ်၍ ရွာပြန်ရောက်လျှင် ဆေးပညာစာအုပ်၊ ကျန်းမာရေးစာပေတွေသာဖတ်သည်။ ရွာထဲ ဟိုအိမ်၊ သည်အိမ်သွားစရာ အကြောင်းကိစ္စရှိလျှင် မြဝတ်မှုံ သွားရသည်။ အိမ်အတွက်လိုအပ်တာရှိလျှင် မြဝတ်မှုံသွားသည်။ ထိုသို့ အပမ်းမကြီးတာမျိုးပဲလုပ်ရ၏။

"အမေ"

"ဟေး"

"အဖေ၊ ဘယ်သွားလဲ"

"ထန်းပင်ကုန်းရွာသွားတယ်"

"အဖေလည်း အားရင်ဒီရွာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စပါးပွဲစားတွေဆိုတာကိုး"

"ထန်းရည်လည်း ပေါ်တာကိုး..."

"ညည်းအဖေက အာဆွတ်ရုံပါအေ..."

"ယောကျ်ားတွေ အရက်၊ ထန်းရည်သောက်တာ ကြည့်ကောင်းပြီးအပြစ်မရှိဖူး၊ မိန်းကလေးဘောလုံးကန်မှာကျ အပြစ်ပြောတယ်"

"ဟဲ့... မြဝတ်မှုံ၊ ဘယ်လိုကြီး ပြောနေတာတုန်း"

"ဘာမှမဟုတ်ပါဖူး အမေရာ"

မြဝတ်မှုံက စကားကိုလျှော့ချပြီးထွက်လာခဲ့သည်။ အိမ်ရှေ့တံစက်မြိတ်အောက်တွင် ကွမ်းသီးခြောက်တစ်လုံးကြွေကျနေတာတွေ့၍ ဝတ်မှုံကောင်းသိမ်းလိုက်သည် မထင်လေနှင့်...။

ဘောလုံးဝါသနာအိုး၊ ဘောလုံးကန်ချင်စိတ်ပြင်းထန်စွာ ဝါသနာပါသော မြဝတ်မှုံက အတိုးချ၍ကန်ပစ်လိုက်သည်။

"ဗိုး"

"ခွမ်း"

ဝင်းထရံတွင် ဆေးပြီးမှောက်စွပ်ထားသော ဟင်းချက်သည့်မြေအိုးကိုတည့်တည့် ထိမှန်ကာကွဲသွားသည်။

"ဟော်တော်၊ မနေ့ကမှဝယ်လာတဲ့အိုးကွဲပါပြီ၊ ဘယ်မိမဆုံးမ၊ ဖမဆုံးမ သားသမီးကလက်ကမြင်းလိုက်တာလဲဟေ့..."

"အယ်"

*အမေက မီးဖိုဆောင်မှထွက်လာပြီး ခုနစ်သံဟစ်၍အော်*သည်။ သူမအပြစ်ကိုဝန်မခံလျှင် မပြီးနိုင်မစီးနိုင်ဆဲဆိုတော့မှာမို့



www.burmeseclassic.com

www.burmeseclassic.com



အမြန်တားလိုက်ရသည်။

"အမေ... အဲဒါ ကျွန်မကြောင့်ပါ၊ ခွေးနက်တစ်ကောင် ခြံထဲဝင်လာမလို့ ချောင်းနေတာနဲ့ ပေါက်လိုက်တာ... မြေအိုးကို ထိသွားတယ်"

"ညည်းမလဲအေ... ဟွန်း"

အမေက မသက်မသာပုံစံနှင့်ပြန်ဝင်သွားသည်။ ဒီနေရာမှာ မြဝတ်မှုံမဟုတ်ဘဲ မောင်လေးနှင့် အစ်မတစ်ယောက်ယောက် ဖြစ်ကြည့်ပါလား။ ကျောပြင်ကိုဗျောတင်ခံရပေလိမ့်မည်။

မြဝတ်မှုံက မိသားစုဂုဏ်ဆောင် ရုပ်ချော၊ ပညာတတ် တစ်ယောက်မဟုတ်လား။

ခက်တာကနုနုဖတ်ဖတ်ကြွကြွရွရွလှသော ရုပ်ရည်နှင့် လားလားမျှမဆိုင်သော ဘောလုံကန်ဝါသနာပါလွန်းသည်က ဆိုးနေ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သူက ကျောင်းပိတ်ရက်ကိုမှန်းပြီး ကျောင်ပဲမြန်မြန်ဖွင့်စေချင်တယ်။ ဘာပဲပြောပြောမြို့ကြီးမှာ တက္ကသိုလ်သွားတက်နေတဲ့အချိန်မှ မြဝတ်မှုံကို တွေ့ချင်တိုင်းသွားတွေ့ပြီး စကားတွေလည်းအကြာကြီးပြောခွင့်ရတာမဟုတ်လား။ ဘယ်လောက်ပဲ ခေတ်မီဝါတယ်ပြောပြော တောရွာမှာကယောကျ်ားလေးနဲ့ ယှဉ်တွဲ သွားဖို့၊ လက်ဖက်ရည်ဆိုင်အတူထိုင် စကားဖောင်ဖွဲ့ဖို့ဆိုတာခက်တယ်။

လူကြီးတွေရှိတဲ့အချိန် အိမ်သွားလည်ရင်တော့ ရတာပေါ့။ ဒါပေမယ့်... အပြောအဆို အနေအထိုင်ဆင်ခြင်ရပြီး မလွတ်လပ်ဘူး။ ပြီးတော့ ... ဘာအကြောင်းပြချက်မှမရှိဘဲ မိန်းကလေးအိမ်ဝင်ထွက်ဖို့ဆိုတာ မျက်နှာပူစရာကြီး။

www.burmeseclassic.com

www.burmeseclassic.com



"အရီး ဝမ်းမိုးဘာလုပ်နေလဲ"

"ထိုးစံအတိုင်းပေါ့တော်... ဘုတ်အုပ်တစ်အုပ်နဲ့ မျက်နှာနဲ့ ညားနေတယ်"

အမေ့စကားကြောင့် သူပြုံးမိတယ်။ အမေတို့က စကားပြောရင်အဲသလိုပဲ။ အမေမှမဟုတ်ပါဖူး။ တစ်ရွာလုံး ဆိုပါတော့...။ စကားကိုအလွန်အကျွံ တင်စားပြောကြတာ...။

"ကိုရင်က အေးအေးဆေးဆေးစာဖတ်နေနိုင်သေးတယ်။ ကျုပ်တို့မှာဖြင့်... ရောက်ရောက်ချင်းသတင်းကြားပြီး ဘာများဖြစ်သွားသေးလဲလို့ စိတ်ပူနေကြတာ"

စိန်လုံတို့၊ မောင်ဆန်းတို့က ဟောင်ဖွာဟောင်ဖွာပြောရင်း ဝင်လာကြတယ်။ သူကဖတ်လက်စ စာအုပ်ကိုအသာချထား လိုက်ပြီး...

"လာကြကွာ၊ မင်းတို့လာတာအတော်ပဲ၊ အစ်မ ကောက်ညှင်းပေါင်းနေတာ ကျက်ပြီတဲ့..."

"အေး၊ ဘာမှလည်းမစားရသေးဖူး၊ ပွဲကြည့်ပြန်လာပြီး မအိပ်သေးဘဲ မင်းအကြောင်းကြားလို့လာခဲ့ကြတာ"

တိုးမြင့်မောင်က ကွမ်းပျစ်ပေါ်ဝင်ထိုင်ရင်းပြောတယ်။ စိန်လုံက...

"ငါက မင်းအသက်မှရှိသေးရဲ့လားလို့ အောက်မေ့နေတာ. သရဲခွေးနက်ကြီး ဂုတ်ကိုက်ဆွဲလို့သေပြီမှတ်တာကွ..."

"အဟီး"

ညကအဖြစ်ကတော့ ပြော မပြောချင်ဖူး။ ငိုအောင်ထက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်အားသန်ပါပဲ။ သူက...

“မင်းတို့က ငါ့အကြောင်းဘာကြားခဲ့တာလဲ”

“ညောင်ပင်အိုကြီးအောက်က သရဲခွေးနက်ကြီးအလိုက် ခံရလို့ မင်း ငယ်သံပါအောင်အော်ပြီးရွာထဲ ပြေးဝင်လာလို့ ရွာဦး ဘုန်းကြီးကျောင်းကရော၊ ရွာစပ်ကဘကြီးပုတို့အိမ်က လူတွေရော နိုးလာလို့သက်သာရာရသွားတယ်ဆိုတဲ့ အကြောင်းပေါ့”

“ဟား ဟား ဟား ဟား”

“ဘာရီတာပါလိမ့်ဗျာ”

“မြန်မြန်ပြော ဝမ်းမိုး၊ အိပ်ချင်လှပြီ၊ တစ်မှေးလောက် အိပ်ပြီး လုပ်စရာရှိတဲ့အလုပ်တွေ လုပ်ရဦးမှာ...”

သူတို့အနားကို အစ်မကကောက်ညှင်းပေါင်း တစ်ပန်းကန် လာချပေးတယ်။ မောင်ဆန်းက...

“ကောက်ညှင်းပေါင်းပူပူ၊ နှမ်းထောင်းလေးကမွှေးမွှေးနဲ့ ကောင်းလိုက်တာ...”

“ဝအောင်သာစားကြ... အများကြီးပေါင်းထားတာ...ဒါနဲ့ မင်းတို့ပွဲက ကောင်းသလား”

“ကောင်းပါ့ဗျာ... ကျုပ်ဖြင့်ရီရလွန်းလို့ ဗိုက်တွေတောင် နာတယ်”

“အစ်မလည်း ကလေးတွေကိုလိုက်ပြရဦးမယ်၊ ကိုသာပေါ် အားမှပါ။ အမေပါလိုက်မှာဆိုတော့ အဖွဲ့တောင့်ပြီ...”

“ဒေါ်လုံးတင်တို့ကိုရော၊ ခေါ်သွားပါလားအစ်မရဲ့... ဒါဆို လှည်းတစ်စီးအပြည့်ပဲ၊ အဖွဲ့တောင့်မှ ကောင်းမယ်အစ်မရေ...



www.burmeseclassic.com

www.burmeseclassic.com

## ☺ ထူးမြတ်ကြယ် ☺

မဟုတ်ရင် ညောင်ပင်အိုကြီးဖြတ်ပြန်ဖို့မလွယ်ဖူး"

"အစ်မကတော့မကြောက်ဖူး"

"ဟင်! မနေ့ညကဲ ဝမ်းမိုးတောင်အသက်လုပြေးခဲ့ရတာဆို... ဒါတောင်အစ်မက မကြောက်ဖူးလား"

"အေး၊ ဒါကြောင့်ပိုပြီးမကြောက်တာ"

"အဲဗျာ"

"ထူးဆန်းလှပါလား အစ်မရဲ့..."

"ညကဝမ်းမိုးကို သရဲခွေးကြီးလိုက်လို့ ငယ်သံပါအောင်အော်ပြေးရတယ်ဆိုတဲ့ အကြောင်းကိုရွာစွန်ရွာဖျားက သေချာမသိဘဲသတင်းကားနေတာ..."

"တကယ်မဟုတ်ဖူးပေါ့"

"အော်ပြေးခဲ့တာတော့ ဟုတ်တယ်၊ ဒါပေမယ့် ခွေးနက်သရဲကြီးမဟုတ်ဖူး၊ နင်တို့ ကိုရင် ရှိနေတာကြည့်ပါလား၊ သေချာသိချင်ရင် သူ့သာမေးတော့... အစ်မ အလုပ်ရှိသေးတယ်"

သူ့ အစ်မဖြစ်သူက ရယ်မောရင်းထွက်သွားတယ်။ သူက...

"ငါက သရဲအခြောက်ခံရတာမဟုတ်ဘူး။ ဦးဝဏ္ဏအခြောက်ခံရတာ"

"ဘာရယ်"

"ဦးဝဏ္ဏက ခြောက်တယ်၊ မနေ့ကသူ့ဆီက ကြိုတင်ငွေထုတ်ချေးပါသေးတယ်၊ ဘယ်အချိန်လောက်က သေသွားတာပါလိမ့်"

တိုးမြင့်မောင်တို့ အားလုံးတအံ့တသြဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကယူထားတဲ့ကြိုတင်ငွေ ပြန်မဆပ်ရတော့ဖူးဆိုပြီး ပျော်နေတာလား တိုးမြင့်မောင်"

"ဘယ်ကလာ၊ ဦးဝဏ္ဏာမိန်းမကြီး ငုတ်တုတ်ရှိနေသေးတာပဲ"

"ဟုတ်ပါပြီ၊ ကဲ... ငါပြောပြမယ်၊ မနေ့ကအဖြစ်က ဒီလိုဟော့..."

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

သူကမနေ့ညက အဖြစ်အပျက်ကိုအစအဆုံး ပြန်ပြောပြလိုက်တယ်။

"အမှန်က ကြောက်စိတ်ကကိုယ့်ကိုပြန်သတ်တာပဲ။ တရှပ်ရှပ်ခြေသံက ရွာမရောက်ခင်လမ်းတစ်ဝက်လောက် ကတည်းကရှိနေတာ... ဒါပေမယ့်... သတိမထားမိခဲ့ဖူး၊ ညောင်ပင်အိုကြီးအောက်ဖြတ်ရင် သရဲခြောက်တယ်၊ ခွေးနက်ကြီးလိုက်တယ်ဆိုတဲ့ အသိရှိနေတော့ နောက်ကတစ်ချိန်လုံးပါလာတဲ့ခြေသံက အဲဒီအပင်အောက်ရောက်တော့ကြားတော့တာပဲ။ ဒါကိုခွေးနက်ကြီးလိုက်လာပြီ အထင်နဲ့လှည့်အကြည့်... ပုဆိုးခြုံထားတဲ့ဦးဝဏ္ဏကြီးကို မည်းမည်းအုပ်အုပ်ကြီးတွေ့လိုက်ရတော့ တအားကြောက်လန့်သွားတာပေါ့..."

"ဪ..."

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါအုံး၊ အဲဒီဂျူကြီးက ပုဆိုးခြုံပြီး မင်းနောက်က ဘာလို့လိုက်နေတာတုန်း"

"ငွေပေါ့ကွာ၊ ငွေတွေပါလာတာကိုး... ဟိုရွာဒီရွာက ကောက်ပြီးပြန်လာတဲ့ငွေတွေနဲ့ မိုးကလည်းချုပ်၊ အဖော်ကလည်း မပါဆိုတော့... သူလည်းကြောက်ကြောက်နဲ့ ပြန်လာတာ... နဂိုလည်း ဦးဝဏ္ဏကြီးက တစ္ဆေသရဲကြောက်တတ်သူ မဟုတ်လား"

"အဲဒါများ မင်းကိုဘာလို့လှမ်းမခေါ်တာလဲ"

"လမ်းတစ်ဝက်ရောက်မှ ငါ့ကိုတွေ့တာ... ဒါပေမယ့်... ငါ့မှန်းမသိတော့ လှမ်းမခေါ်ရဲဖူးလေ... ငွေတွေပါတာကိုး... အဲဒါကြောင့်... ခပ်လှမ်းလှမ်းကနေ အသာလေးလိုက်လာတာ၊ အဲ... ညောင်ပင်အိုကြီးနားလည်းရောက်လာရော..."

"ခွေးနက်ကြီးကို တွေ့ရောလား"

"ခွေးနက်ကြီး လိုက်လာသလား"

"ဘာခွေးနက်ကြီးမှ မလိုက်ဖူး၊ အဲ... ဦးဝဏ္ဏသာ အပင်အောက်ဖြတ်ခါနီးတော့... ကြောက်လွန်းတာကြောင့် ငါ့နောက်ကို အတင်းပြေးကပ်လာတာ၊ အဟဲ... ငါကလည်း ခပ်ကြောက်ကြောက်နဲ့ ဖြတ်နေတဲ့အချိန် နောက်ကနေတရုပ်ရုပ် လိုက်လာတဲ့ခြေသံကို သရဲခွေးနက်ကြီးပဲထင်တာပေါ့"

ဒါ အခုသာ ခပ်အေးအေးပြောပြနေနိုင်ပေမယ့် အဲဒီအချိန်တုန်းကတော့... အသက်တောင်ဘယ်ကထွက်ရမှန်းမသိဘဲ ကြောက်စိတ်က ငယ်ထိပ်တက်ဆောင့်သလို ခံစားခဲ့ရတာ...

"အောင်မလေးကွာ၊ ဖြစ်မှ ဖြစ်ရလေ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဖူး... ကျုပ်တို့ကြားတာတော့ ... ကိုရင့်ကို ခွေးနက်ကြီးလိုက်လို့ ဆိုတာပဲကြားတာ... ဟား ဟား"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

ထန်းပင်ကုန်းရွာကို မင်္ဂလာဆောင်လိုက်ခဲ့ဖို့ မောင်ဆန်းက သူ့ကို မနေ့ကတည်းက ပြောထားပြီးသား…။ သူကမလိုက်ချင်ဖူး လို့ငြင်းတော့…

"ငါကြားဖူးတာတော့ စာရေးဆရာတွေက လျှောက်သွားမှ ရေ့စရာတွေ့တာလို့ ကြားဖူးတယ်"

ပြောတာနဲ့ လိုက်ဖို့ခေါင်းညိတ် လက်ခံလိုက်တယ်။

မနက်ကျတော့ ကိုးနာရီလောက်မှာ မောင်ဆန်းရောက်လာတယ်။ မောင်းဆန်းပုံစံက အဝတ်အစားသစ်တွေနဲ့မို့ ကြည့်ရတာ ပွဲနေပွဲထိုင်သွားမယ်မှန်း သိသာနေတာပေါ့။ ပြီးတော့… အရောင်ကလည်း တောက်တောက်ကြီးတွေ…။

"အောင်မလေး မောင်ဆန်းရာ… မျက်စိစူးလိုက်တာကွာ"

"ဟဲ ဟဲ၊ မိုက်တယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မျက်စိစူးပါတယ်ဆို... ဘယ်ကလာမိုက်ရမှာလဲ"

"မင်းကလည်းကွာ ဟဲ ဟဲ"

"ကဲပါ၊ သွားမှာဖြင့်သွားစို့..."

"ဟင်! ပုဆိုး အကျီလဲဦးလေကွာ..."

"လဲပြီးပြီလေ"

"ဟာ! ဒါပဲလားဟ"

"ဒါပဲပေါ့ကွာ၊ သူများဆောင်တာ ငါဆောင်တာမှ မဟုတ်တာ"

"မင်းကတော့လုပ်ပြီ"

သူနဲ့မောင်ဆန်းက စက်ဘီးတစ်ယောက်တစ်စင်းစီနဲ့ ထွက်လာခဲ့ကြတယ်။ အခုမင်္ဂလာဆောင်ရှိတဲ့ ထန်းပင်ကုန်းရွာက သူတို့ရွာနဲ့ဆိုရင် ကော့ရွာထက်ပိုဝေးတာပေါ့။

"မင်္ဂလာဆောင်ရောက်မှ အဝစားမယ်ဆိုပြီးထမင်းမစားခဲ့ဖူး၊ ဗိုက်ကတော့ဆာနေပြီ၊ မင်းရောဘာစားခဲ့လဲ ဝမ်းမိုး"

"ကော်ဖီတစ်ခွက်သောက်ခဲ့တယ်"

"မင်းတို့လိုမြို့မှာ တက္ကသိုလ်ကျောင်းသွားတက်ကဲ့ ကောင်တွေကမြို့သားတွေလို ဖြစ်သွားကြတာပါပဲ။ ငါတို့လို ကောင်တွေက ကော်ဖီ၊ လက်ဖက်ရည်တွေ မကြိုက်ကြဖူး"

မောင်ဆန်းက တစ်လမ်းလုံးစကားများလာတယ်။

"ငါကမခေါ်လို့သာ တိုးမြင့်မောင်နဲ့ ဖိုးသက်တို့က ဒီလိုပွဲမျိုး လိုက်ချင်လွန်းလို့... မင်းက ဒီဝန်းကျင်ရွာတွေဆို ကော့ရွာကလွဲပြီး ဘယ်မှာရောက်ဖူးလို့တုန်း..."



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ ငါလည်းအိမ်နဲ့ကျောင်းနဲ့ စာအုပ်တွေဖတ်တာနဲ့ အချိန်ကုန်နေတော့ ဘယ်မှမသွားဖြစ်ဖူး"

"မင်းက စာရေးဆရာလုပ်မယ့်ကောင်ပဲ ဝမ်းမိုးရ… ဟိုစာရေးဆရာအကြည်တော်တို့လို ရေးစမ်းပါ၊ ငါတို့ရွာတွေအကြောင်းရေးစရာတွေမှ တစ်ပုံကြီး"

သူတို့နှစ်ယောက် စက်ဘီးကိုခပ်မှန်မှန်နင်းလာခဲ့ကြရင်းကော့ရွာကိုရောက်လာတယ်…။ ရွာလယ်လမ်းကဖြတ်တော့ဝတ်မှုံကို သတိရမိတယ်။ မင်္ဂလာဆောင်ကပြန်ရင် ကော့ရွာဝင်ပြီးအချိန်ဖြုန်းဦးမှပဲ။ ဒါမှ… ဝတ်မှုံနဲ့တွေ့နိုင်မှာမဟုတ်လား။

"အခုမင်္ဂလာဆောင်တဲ့ ကိုခင်မောင်သန်းက ငါနဲ့ခင်တာသိပ်မကြာသေးဘူးကွ၊ မနှစ်စပါးပေါ်ချိန်ကမှ ရင်းနှီးခဲ့တာ…ခင်ဖို့ကောင်းတယ်၊ တစ်နိုင်တစ်ပိုင်စိုက်တဲ့ ပြောင်းတို့၊ ပဲတို့စိုက်ရင် ငါသွားသွားကူတယ်၊ ကူရတာကနဲနဲပါ၊ အိမ်စားဖို့ပေးလိုက်ရင် လှည်းတစ်စီးတိုက်နီးပါးပဲ"

"ဩော်"

"ဟိုး… သစ်ပင်အုပ်အုပ်နဲ့ဟာ ထန်းပင်ကုန်းရွာပဲ"

သဲကမူတစ်ခုကို ကျော်လိုက်တာနဲ့ ရွာကိုလှမ်းမြင်ရတယ်။

"ဘယ်နားမှာ ဘာရွာဆိုတာတော့ သိတယ်၊ ငါကရွာတွေထဲသာ သိပ်မရောက်ဖူးတာ…"

"အင်… မိန်းမလှတွေပေါတဲ့ ကော့ရွာကျချောင်းပေါက်မတတ်ရောက်တယ်မဟုတ်လား"

"ဟဲ ဟဲ၊ ဒါတော့ကွာ၊ လုပ်ငန်းဆက်စပ်နေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ၊ လယ်ယာစိုက်တဲ့ရွာတွေ မဆက်စပ်တဲ့ရွာ ရှိလို့လား"

"ထန်းလျက်ထွက်တဲ့ ဒီထန်းပင်ကုန်းနဲ့တော့သိပ်မဆက် စပ်ဖူးပေါ့ကွာ"

"ဒါနဲ့ဝမ်းမိုး"

"ဘာလဲ"

"ကော့ရွာက ကွမ်းတောဲင်ကိုင်မြဝတ်မှုံနဲ့ မင်းနဲ့က ရွှေမြိုင်ရွာကြီးမှာ အလယ်တန်းကျောင်းသွားတက်ကတည်းက အတူတူဆို၊ ခု...မြို့တက္ကသိုလ်သွားတက်တော့လည်း အတူတူပဲလား"

"မြို့တော့တစ်မြို့တည်းပဲ၊ ကျောင်းမတူဖူး"

"မင်းတို့တွေ့ကြလား"

"တွေ့တာပေါ့၊ တစ်ယောက်အကူအညီလိုရင် တစ်ယောက် ပေးရတာ"

ပိုက်ဆံမပြတ်ပါပဲ ပြတ်ဟန်ဆောင်ကာ မြဝတ်မှုံအဆောင် ခဏခဏသွားတာ သတိရတော့သူပြုံးမိတယ်။

"မင်းတို့နှစ်ယောက် ကြိုက်နေကြတယ်ဆို... ဟုတ်သလား"

"ကြံကြံဖန်ဖန်မောင်ဆန်းရာ"

"အေးလေ၊ ကြိုက်နေရင်ချိန်းတွေ့ကြမှာပေါ့၊ အခု ချိန်းတွေ့တာမရှိပါဖူး..."

သူနဲ့ဝတ်မှုံ ကြိုက်နေကြတာမဟုတ်ပေမယ့် သူကတော့ ကြိုက်နေတာ တစ်ပိုင်းကိုသေလို့...။ ဆယ်တန်းအောင်တဲ့နှစ် ကတည်းက ဝတ်မှုံကိုချစ်ခွင့်တောင်းခဲ့တာ...။ ဒါပေမယ့်...

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ရောက်လို့ တစ်နှစ်ပြီးတစ်နှစ်သာကုန်သွားတယ်။ ဝတ်မှုံကတော့ မတုန်မလှုပ်နှလုံးသားကျောက်ရုပ်ပါပဲ။

"ပွဲကြည့်တဲ့ညတုန်းက မြဝတ်မှုံတို့နဲ့တွေ့တော့ သူတို့အိမ်က မင်းကိုလိုလိုလားလားရှိသားပဲ"

ကာယကံရှင်လိုလားဖို့က ပိုအရေးကြီးတယ်မဟုတ်လား။

"ဘာပဲပြောပြော မြဝတ်မှုံက ကော့ရှာမှာရှားရှားပါးပါး ပညာတတ်မဟုတ်လား၊ မင်းလိုပညာတတ်သူအချင်းချင်း မျှော်မှန်းတာမဆန်းပါဖူး"

"ဒီအထဲသူ့အဖေကြီး မပါဘာဖူးကွာ"

"အင်း ဟုတ်တယ်... သူ့အဖေကငွေမက်တယ်ကွ"

"တကယ်ဆို ဝတ်မှုံကိုငါချစ်နေတာ ကြာလှပြီ..."

"ဟာ! ဟုတ်လား၊ မင်းက ပိရိလိုက်တာ"

"အေးကွာ၊ ပြောရမှာအားမရှိလို့... သူကငါ့ကို ဘောလုံးပွဲ လောက်တောင်စိတ်ဝင်စားမှုမရှိဖူးကွ"

"ဟင်! မဖြစ်နိုင်တာ"

"မယုံဖူးမဟုတ်လား၊ ဒါကြောင့် ငါ မပြောချင်တာ"

မောင်ဆန်းငြိမ်သွားတယ်။ အံ့သြနေပုံလည်းရတယ်။ သူတို့နှစ်ယောက်စကားတွေ ဖောင်ဖွဲ့ရင်းထန်းပင်ကုန်းရွာကို ရောက်မှန်းမသိရောက်လာတယ်။

မကြာခင် မင်္ဂလာဆောင်အိမ်ကိုရောက်ပြီး ထူးဆန်း တာတွေ၊ မျှော်လင့်မထားသူနဲ့တွေ့ရမှာတွေကိုတော့... သူရော၊ မောင်ဆန်းပါ ကြိုတင်မသိခဲ့ကြဖူး။

www.burmeseclassic.com

www.burmeseclassic.com

"ဒီအိမ်ဟုတ်သားပဲ"

မောင်ဆန်းပုံစံက ဇဝေဇဝါဖြစ်နေရာကနေ သေချာသွားသလိုရေရွတ်လိုက်တယ်။ မင်္ဂလာဆောင်အိမ်ဆိုပြီး ခေါ်လို့သာလိုက်လာရတာ... ညှော်ကြိုဆိုလို့တစ်ယောက်မှ လာမကြိုဖူး။ သူပဲကြောင်တောင်တောင်ဖြစ်တာမဟုတ်ဘဲ မောင်ဆန်းပါအိုးတိုးအမ်းတမ်းဖြစ်နေတယ်။ မင်္ဂလာဆောင်အိမ်များ မှားဝင်သလားပေါ့။ နောက်မှသေချာမှတ်မိသွားပြီး ရဲရဲတင်းတင်းဝင်ခဲ့တယ်။

အိမ်ထဲရောက်တော့လည်း ဘယ်သူမှခေါ်မယ့်လူမရှိလို့ နှစ်ယောက်သားခပ်ကုတ်ကုတ်ကလေးနဲ့ ဝင်ထိုင်လိုက်ကြတယ်။ ပြီးတော့... နှစ်ယောက်သားတွေးနေမိကြတယ်။

မင်္ဂလာဆောင်အိမ်ကလည်း ဓါတ်စက်တောင်မဖွင့်ဘဲ တိတ်ဆိတ်နေတယ်။ တချို့လူတွေရဲ့ မျက်နှာတွေက မျက်နှာသေ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ မျက်ခွံတွေကလည်းမို့ပြီး ငိုထားကြသလိုပဲ။

"ဟော့ကောင် မောင်ဆန်း၊ ဘယ်လိုကြီးလဲ၊ ခေါ်မယ့်သူလည်းမရှိဖူး၊ နေရခက်လိုက်တာကွာ"

"ငါ ငါကလည်း သတို့သားကိုခင်မောင်သန့် တစ်ယောက်ပဲသိတာ... သူနဲ့တော့ အရမ်းခင်တယ်၊ ဘယ်ရောက်နေပါလိမ့်"

"ပြန်ရအောင်ကွာ"

"လာပြီးမှတော့ ခဏလောက်နေပါအုံး၊ ကိုခင်မောင်သန်းကိုကြည့်နေတာ..."

မောင်ဆန်းက ပြူးပြူးပြဲပြဲနဲ့ဟိုသည်လိုက်ကြည့်နေတယ်။ သူလည်းအံ့သြလို့ပေါ့။

ဘယ့်နှယ် မင်္ဂလာဆောင်မျိုးပါလိမ့်။ သီချင်းတင်မဖွင့်တာမဟုတ်ဖူး။ တစ်အိမ်လုံးဘာမှ ပြင်ဆင်မထားဘဲ သွေ့သွေ့ခြောက်ခြောက် တိတ်တိတ်ဆိတ်ဆိတ်ကြီး။

"ဟော"

မောင်ဆန်းဆီက ဝမ်းသာတဲ့အသံထွက်လာတယ်။ သူစိမ်းတွေအလယ် မျက်စိသူငယ်နားသူငယ်ဖြစ်နေရာက အားတက်သွားပုံရတယ်။

"မောင်ဆန်းရောက်နေပြီကိုး"

သူတို့ထိုင်နေတဲ့ဆီ လျှောက်လှမ်းလာပြီးနှုတ်ဆက်သူက ကိုခင်မောင်သန်းဆိုသူပဲဖြစ်ရမယ်။

"ခုပဲရောက်တာဗျ၊ ကိုခင်မောင်သန်းကိုရှာနေတာ... ဒီမှာ ကျွန်တော့်သူငယ်ချင်းကို အဖော်ခေါ်လာတယ်၊ ဝမ်းမိုးတဲ့ စာရေး



www.burmeseclassic.com

www.burmeseclassic.com


ဆရာဖြစ်ချင်လို့ မြို့မှာကျောင်းသွားတက်နေတာ..."

"ဟုတ်လား၊ ကောင်းတယ်၊ ကောင်းတယ်၊ ပညာတတ်တော့ ကျုပ်တို့လိုမပင်ပမ်းတော့ဖူးပေါ့ ကိုရင်ရယ်၊ ကျုပ်အမျိုးသမီးလည်း စာတိုပေစလေးနားလည်တော့ ရွာလယ်မှာဘုတ်အုတ်ငှားတယ်လေ"

"ဩော်..."

မောင်ဆန်းက မင်္ဂလာလက်ဖွဲ့အဖြစ်ဝယ်လာတဲ့ ဓါတ်ဗူးကြီးကို တွန့်ဆုတ်ဆုတ်နဲ့ ကိုခင်မောင်သန်းလက်ထဲ လှမ်းပေးလိုက်တော့.. ကိုခင်မောင်သန်းကလည်း အိုးတိုးအမ်းတမ်းဖြစ်နေတယ်။ မောင်ဆန်းက...

"အဟဲ... လက်ဖက်ခြောက်ခတ်ပြီး မိသားစုရေနွေးကြမ်းသောက်ရအောင်လို့ပါ"

"အဲ..."

"အားမနာပါနဲ့ဗျာ၊ မင်္ဂလာဆောင်ရင်တော့ လက်ဖွဲ့ရတာထုံးစံပဲ၊ ဒါနဲ့ သတို့သမီးမတွေ့ပါလား၊ မင်္ဂလာဆောင်က ဘာကျွေးတာလဲ ကိုခင်မောင်သန်းရဲ့... ကျုပ်တော့အိမ်က ဘာမှစားမလာဖူး၊ ခင်ဗျားပွဲအဝတီးမလို့လေ"

မောင်ဆန်းက သတို့သားနဲ့ရင်းနှီးလွန်းသူပုံစံမျိုး ဝင့်ဝင့်ထည်ထည် ပြောနေတယ်။ ဒီတော့မှ... ကိုခင်မောင်သန်းက ပြုံးတူးပြာတာနဲ့...

"မင်္ဂလာမဆောင်ဖြစ်သေးဖူး မောင်ဆန်း"

"ဟင်! ဘယ်လိုတုန်း ကိုရင်ခင်မောင်သန်းရဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ယောက္ခမကြီးရုတ်တရက်ဆုံးသွားလို့ မနေ့ကပဲသင်္ဂြိုလ်ပြီးတယ်၊ အဲဒါကြောင့် မင်္ဂလာဆောင်တာကိုရွှေ့လိုက်ရတာ..."

"ဟိုက်... အကျိုးနည်းပေါ့"

"ဘာပဲဖြစ်ဖြစ် ရောက်မှတော့ထမင်းစားပြီးမှပြန်"

"ဟာ... ရပါတယ်၊ နေပါစေ၊ ကျွန်တော်တို့မစားပါဖူး"

သူကအားနာပြီး ပျာပျာသလဲငြင်းလိုက်တယ်။

"ယော... ကိုရင်ဝမ်းမိုးက မြို့ကြီးသားဖြစ်သွားပြီဆိုတော့ အားနာစကားတွေဆိုပြီပေါ့၊ တောမလေ့ရွာမလေ့ထမင်းတစ်လုတ်ဝင်စားတာ အားနာစရာမရှိဖူး၊ မောင်ဆန်းခမျာ ဆာရှာမယ်"

"ဆာတယ်ဆိုလည်း ဒါ အလှူအိမ်မှမဟုတ်တာ ကိုရင်ခင်မောင်သန်း"

"နာရေးအိမ်လည်း ညှော်သည်ထမင်းကျွေးရပါတယ် မောင်ဆန်းရာ... ဟော့... တင်ကြည် မြောက်ရွာက ညှော်သည်တွေထမင်းကျွေးမယ်၊ ထွက်ခဲ့ပါအုံးဟ"

"လာပြီ မောင်ကြီးရေ"

အသံနဲ့အတူ မိန်းကလေးနှစ်ယောက် အိပ်ခန်းထဲကထွက်လာတယ်။ ရှေ့ကထွက်လာသူက တင်ကြည်ဖြစ်ပြီး နောက်ကပါလာသူမှာ...

"ဟင်!"

သူ့ကိုမြင်တော့ တင်ကြည်နဲ့အတူထွက်လာတဲ့ ကောင်မလေးကလည်း အံ့ဩသွားတယ်... ပြီးမှ...

"ဟဲ့ဝမ်းမိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်မှုံ၊ နင်ရောဒီရောက်နေတယ်"

"အေး၊ ခု... ဆုံးသွားတာ တို့ရဲ့အဒေါ်လေ"

"ဪ"

ရေငတ်တုန်းရေတွင်းထဲကျဆိုသလို ဖြစ်နေတယ်။ ဝတ်မှုံနဲ့ဒီလိုလာတွေ့ရတာ ကံကောင်းတာပဲ။ ဒီအခွင့်အရေးကို ကောင်းကောင်းအသုံးချပြီး ဝတ်မှုံမျက်နှာကိုအလွမ်းပြေ တဝကြီး ကြည့်ပြီး စကားတွေအတိုးချပြောပစ်လိုက်မယ်။

"လုံမတို့ကသိနေကြတာကိုး... အင်းလေ၊ မြို့ကိုကျောင်း တက်သွားကြတဲ့သူတွေပဲ၊ သိကြမှာပေါ့၊ ကဲ... ထမင်းစားသွား ကြကွာ၊ ရှိထမင်းရှိဟင်းပေါ့"

မောင်ဆန်းက ရွံ့တွန့်တွန့်ဖြစ်နေသလိုသူလည်း ထိုင်ရ မလို၊ ထရမလိုခက်နေတာပေါ့။ တင်ကြည်နဲ့ဝတ်မှုံ အတင်းခေါ် တော့မှ ထဖြစ်ကြတယ်။

"လာ... လာ ကိုရင်တို့... ဝတ်မှုံ၊ ညည်းသူငယ်ချင်း ကိုခေါ်ပါ၊ ညည်းတို့လိုမြို့ရောက်သွားတဲ့သူတွေက အလွန်အားနာ တတ်သွားကြတယ်၊ ကျုပ်တို့ကတော့ဆာရင် ဘယ်အိမ်ဖြစ်ဖြစ် ဝင်စားလိုက်တာပဲ"

"ကျုပ်က ဟန်လုပ်တာမဟုတ်ပါဖူး၊ လာတာက မင်္ဂလာ ဆောင်ဆိုတော့... ခုလိုကြုံရတာ စိတ်ထဲတစ်မျိုးကြီး ဖြစ်နေလို့ပါ"

"ဘယ်တတ်နိုင်ပါ့မလဲတော်"

သူလည်းဒီအတိုင်းပဲ။ မင်္ဂလာဆောင်လိုက်လာပြီး အသုဘ နဲ့ကြုံတယ်။ ပြီတော့... မမျှော်လင့်ဘဲ ဝတ်မှုံကိုတွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အသုဘဖြစ်သွားတော့ သိပ်ဝေးတဲ့ရွာတွေလိုက် မပြောအားဖူးလေ၊ တော်တို့လို မင်္ဂလာဆောင်ဆိုပြီးရောက်လာတဲ့သူတွေ အများကြီးပေါ့၊ ကျုပ်တို့က ထမင်းကိုကြိုတင်ချက်ထားပြီးသား"

"ငိုအားထက်ရယ်အားသန်ပဲ ဝင်းမိုးရဲ့... ဝတ်ကောင်းစားလှ တောက်တောက်ပပတွေနဲ့ ရှိုးလုပ်လာကြတာ... ဒီရောက်မှအသုဘ ဖြစ်နေတော့ တကယ့်ကိုးရိုးကားယားပဲ"

ထမင်းစားသောက်နေတဲ့အချိန်ထိ ဝတ်မှုံမျက်နှာကို အကြာကြီးမြင်ခွင့်ရပြီး၊ စကားလည်းအများကြီးပြောခွင့်ရခဲ့တယ်။ ပြောရမှာလည်း အားနာပါရဲ့၊ ထမင်းကလည်းအင်မတန် စားလို့ မြိန်လှတယ်။ မယ်ဇလီဟင်းချိုနဲ့ ငါးခြောက်ထောင်းကြော်၊ သရက်သီးအချဉ်သုပ်ပေါ့။

"ကိုရင်မောင်ဆန်းတို့ ထမင်းစားကောင်းရဲ့လား"

"မေးမနေပါနဲ့မတင်ကြည်ရာ၊ မသိချင်ယောင်သာဆောင် နေလိုက်၊ ကျုပ်ဖြင့်ပြောမထွက်ပါဖူး"

"အိုတော်... စိတ်မကောင်းပေမယ့် ကျန်ခဲ့တဲ့ဝမ်းက မစားလို့မှမဖြစ်တာ... ဘာတတ်နိုင်မတုန်းတော့"

သူလည်းစိတ်မကောင်းစွာနဲ့ ထမင်းစားပြီးအိတ်ထဲပါလာတဲ့ ငွေအကုန်ကို နာရေးအတွက်ကူလိုက်တယ်။

"ကိုရင်မောင်ဆန်းတို့၊ ထမင်းစားပြီးအဖန်ရေလာသောက် ကြအုံး၊ ခဏတစ်ဖြုတ်နား စကားပြောပြီးမှပြန်တာပေါ့"

ကိုခင်မောင်သန်းက အလုပ်ရှုပ်တဲ့ကြားက ထမင်းဝိုင်း အထိလာပြီး လောကွတ်လုပ်ရှာတယ်။ တခြားလူတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုတယ်ရှာကလဲ၊ ဘယ်သူ့သားသမီးလဲ စသဖြင့်မေးကြတယ်။

"မြို့ကိုကျောင်းသွားတက်တဲ့သူတွေက တကယ့်မြို့ဟန်ကို ပေါက်သွားကြတော့တာပဲ"

"ဟုတ်ပ ဒွေးလေးရာ၊ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံတွေကအစ ကျုပ်တို့လို ဒေါင်းတိမောင်းတိမှ မဟုတ်တာ..."

"ဟဲ့... မသိန်းတင် တူမ"

"မြဝတ်မှုံပါ အရီး"

"အေး၊ ညည်းကမြို့ကျောင်းသွားတက်သူဆိုတော့ ဓါတ်ရှင်မင်းသမီးအတိုင်းပဲနော်၊ ချောချက်တော့အေ..."

"ဟာ... အရီးကလည်း၊ ဝတ်မှုံကမြို့ကျောင်းသွားတက်လို့ချောတာမဟုတ်ပါဖူး၊ အစကတည်းကချောတာပါ"

"သိပါဖူးတော်၊ ကျုပ်တို့ကခုမှမြင်ဖူးတာကိုး"

"ဒီရွာကို အကြောင်းရှိရင်တော့လာပါတယ်၊ အရီးတို့နဲ့မဆုံလို့ပါ"

စကားစမြည်ခဏပြောပြီး မောင်ဆန်းကပြန်ဖို့ပြင်တယ်။ အသုဘဆိုတော့ မင်္ဂလာဆောင်လိုသီချင်းဖွင့်သံ မကြားရတော့ မောင်ဆန်းပျင်းပြီလေ။ သူကတော့ ဝတ်မှုံတစ်ယောက်လုံးရှိနေတာ ဘယ်ပျင်းပါ့မလဲ။

"တော်တို့စက်ဘီးနဲ့ လာတာမဟုတ်လား"

မတင်ကြည်ကမေးတယ်။ သူက...

"ဟုတ်တယ်"

"ဟုတ်ရင် ခဏလောက်စောင့်ပေးပါလား ကိုရှိုင်ဝမ်းမိုး

www.burmeseclassic.com


လုံမတို့ကကော့ရွာသွားမှာဆိုတော့... လမ်းကြုံခေါ်သွားပေးပါ”

ကိုခင်မောင်သန်းက ဝင်ပြောတယ်။ ဝတ်မှုံက...

“ဟုတ်တယ် ဝမ်းမိုး၊ ငါလည်းပြန်မှာ...”

သူ ထခုန်မိမတတ်ဝမ်းသာသွားတယ်။ ဒီလိုအခွင့်အရေး မျိုးချောင်းနေတာကြာပြီ။

“ရတယ်လေ၊ ငါတို့စက်ဘီးနှစ်စီးပါပါတယ်”

မောင်ဆန်းကတော့ မျက်လုံးကလေးကလယ်ကလယ်နဲ့ ဖြစ်နေရှာတယ်။ မတင်ကြည်ကို တင်နှင်းရမှာမဟုတ်လား။

မတင်ကြည်က ‘ဝ’တယ်လေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ရွာအပြင်ရောက်မှစီးရအောင်"

မတင်ကြည်က သူစိမ်းယောကျ်ားပျိုတစ်ဦးရဲ့ စက်ဘီးနောက်ကလိုက်ရမှာ မဝံ့မရဲဖြစ်နေပုံရတယ်။ အိမ်ထဲကထွက်ပြီး စက်ဘီးတွေထုတ်တာနဲ့ အဲဒီစကားကိုပြောတယ်။

"ဘာဖြစ်လို့လဲ အစ်မတင်ကြည်ရဲ့၊ နေကပူပူ၊ ဖုတ်ကထူပါတယ်ဆိုမှ အစ်မကလမ်းလျှောက်ချင်သေးတာလားဟင်"

"ကျုပ်အဖို့ကတော့ လမ်းလျှောက်ရလည်းဘာအရေးလဲတော်၊ ညည်းအတွက်မို့သာပေါ့"

"ကံကောင်းလို့ သက်သက်သာသာနဲ့ သွားရဖို့ဖန်လာတာ၊ ကျွန်မကတော့ အပင်ပမ်းမခံချင်ပါဘူး အစ်မရယ်"

"ဒါကြောင့်ပြောတာပေါ့အေ၊ ညည်းတို့လို ပညာတတ်မြို့သူတစ်ပိုင်းဖြစ်သွားတဲ့သူတွေက အပမ်းမခံနိုင်ကြတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက အစ်-တို့အမြင်-ိုး၊ တောရွာတွေမှာ ညခုနစ်နာရီ ရှစ်နာရီဆိုအိပ်ကုန်ကြပြီ၊ မြို့မှာညည်းနက်သန်းခေါင်ထိ အလုပ်လုပ်နေသူတွေတစ်ပုံကြီးပဲ၊ အစ်မတို့တွေအဲသလိုနေနိုင်လား"

"အမလေး၊ ဒါတော့မရဖူးအေ့၊ ကျုပ်မျက်စိက ခုနစ်နာရီကျော်ရင်ဘယ်လိုမှ မပွင့်တော့ဖူး"

သူနဲ့ဝတ်မှုံက ရယ်မိတယ်။ မတင်ကြည်နဲ့အတူတူဖြစ်တဲ့ မောင်ဆန်းကတော့ ခေါင်းညိတ်ထောက်ခံနေလေရဲ့။

"ညည်းတို့စီးသွားနှင့်ပြီး ရွာထိပ်ကလက်ပံပင်ရိပ်က စောင့်နေချေ၊ ကျုပ်သွက်သွက်လျှောက်ပြီး လိုက်လာခဲ့မယ်"

"အစ်မတင်ကြည်ရယ်၊ အလကားဒုက္ခမခံပါနဲ့… တစ်ရွာနဲ့တစ်ရွာဒီလိုပဲလှည်းကြုံ၊ စက်ဘီးကြုံလိုက်နေကြတာပဲ၊ လာစမ်းပါ၊ ကဲ… ဝမ်းမိုး၊ နင်းတော့…"

သူနဲ့ဝတ်မှုံတို့က မြို့ကျောင်းမှာစက်ဘီးစီးကျောင်းတက်တာမို့ အဆင်ပြေတယ်။ မတင်ကြည်ခမျာမှာတော့ မောင်ဆန်းစက်ဘီးပေါ်ခုန်တက်တာ ဖုတ်တောဟဲ လဲကျကြပါလေရော…။

"ဝုန်း"

"အောင်မလေးသောက်ကျိုးနဲ့"

"သေပါပြီတော်"

တကယ့်ကို အိုးနင်းခွက်နင်းပါပဲ။ အကျီအရောင်တောက်တောက်ပပနဲ့ ရှိုးထုတ်လာတဲ့မောင်ဆန်းခမျာ မရှုမလှလဲသွားရှာတယ်။ မတင်ကြည်ခမျာမှာလဲ ပိုးလိုးပက်လက်ကြီး လန်လို့…။



www.burmeseclassic.com

www.burmeseclassic.com

# ☺ ထူးမြတ်ကြွယ် ☺

"ဟယ်တော်... အစ်မတင်ကြည်၊ ဒုက္ခပါပဲ၊ ထ... ထ၊ ဘယ်နားခိုက်မိသွားသေးလဲ"

ဝတ်မှုံက မတင်ကြည်ကိုပြေးထူတယ်။ မောင်ဆန်းလည်း ကုန်းရုန်းထပြီး စက်ဘီးကိုပြန်ထောင်ရင်း..

"ခင်ဗျားတက်တာက စက်ဘီးကိုတွန်းလှဲလိုက်သလိုပဲ မတင်ကြည်ရဲ့..."

"အိုတော်... ကျုပ်လည်း ဘယ်သိမှာတုန်း... တော့်စက်ဘီးက ရွေ့နေတာကိုး..."

"မတင်ကြည်ကိုအရင်ထိုင်ခိုင်းပြီးမှ မင်းကနင်းရမှာ မောင်ဆန်းရဲ့... နင်းနေတဲ့စက်ဘီးပေါ်ခုန်တက်ဖို့ မတင်ကြည် ငါတို့လိုမကျွမ်းကျင်ဖူးလေ"

"ဩော်...ဟုတ်ပေသားပဲ၊ ကိုင်းဗျာ၊ ဒီအတိုင်းသာ တက်ပေတော့... ကျုပ်ကိုင်ထားမယ်၊ ရဲရဲသာတက်ထိုင်လိုက်..."

သူနဲ့ဝတ်မှုံမှာမောင်ဆန်းနဲ့ မတင်ကြည်အဖြစ်ကိုကြည့်ပြီး ရယ်ရသေးတော့တယ်။

ဒီလိုနဲ့မြို့ပြင်ကိုထွက်ပြီး ထန်းတောတွေကိုဖြတ်ကျော် နင်းလာကြတယ်။

"ဟော့... မောင်ဆန်း၊ ပြိုင်နင်းရအောင်"

သူကအကြံနဲ့ အဲသလိုပြောလိုက်တာ...။ မောင်ဆန်းက

"မင်းလိုမြို့သားတစ်ပိုင်း ဖြူဖြူနွဲ့နွဲ့လူကများကွာ၊ ငါ့လို ကျွဲနွားနဲ့အပြိုင်လယ်လုပ်နေတဲ့သူကို"

"လာစမ်းပါ၊ ကျုံးမြို့ရိုးကို တစ်နေ့ဆယ်ပတ်မက



www.burmeseclassic.com

www.burmeseclassic.com


နှင်းလာတဲ့သူပါကွ"

"လာလေ၊ စိန့်လိုက်လေ၊ မတင်ကြည်ရေ၊ မြမြသာကိုင်ထားပေတော့၊ ကျုပ်ကလွှတ်နှင်းတော့မှာဗျ"

"ကိုင်ထားပါတယ်တော်၊ ကိုရင်မောင်ဆန်းသာ မြို့သားတစ်ပိုင်းကို နိုင်အောင်နှင်းစမ်းပါ"

"ဝတ်မှုံ"

"ဟင်"

သူ ခပ်တိုးတိုးခေါ်တာကို ဝတ်မှုံကလည်းခပ်တိုးတိုးလေးပဲ ပြန်ထူးတယ်။

"ဟိုမှာ… မောင်ဆန်းတော့ အားကုန်နှင်းနေပြီ"

"တာ့တောင်မထွက်ရသေးဖူး၊ နင်ရှုံးနေပြီဝမ်းမိုး"

စိမ်းစိမ်းစိုစိုလယ်ကွင်းတွေကို ဖြတ်ပြီးလေကတဖြူးဖြူး တိုက်နေတယ်။ နေပူပေမယ့် လေအကူကြောင့်အေးမြနေတယ်။

"မောင်ဆန်းရေ၊ နည်းနည်းလျှော့နှင်းပါအုံးဟ"

"မီအောင်သာလိုက်ခဲ့ဝမ်းမိုး၊ မမီရင်လည်းကော့ရွာအဝင်မန်ကျည်းပင်ကြီးအောက်စောင့်နေမယ်၊ ရွာထဲကျရင်ကြဲ့ရည်တိုက်ပေတော့…"

မောင်ဆန်းကလည်း အော်ရင်းနှင်းပြေးတယ်။

"ဝတ်မှုံ"

"ဟင်"

"ကျောင်းပိတ်လို့ ရွာပြန်ရောက်ရင်နှင်နဲ့ငါက သူစိမ်းတွေလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်၊ ရွာပြန်မရောက်ရှေးခင်ရော ဘာတော်လို့လဲ"

"ရီးစားတစ်ဝမ်းကွဲတော့ တော်သေးတာပေါ့"

"ဘာရယ်"

"ဟုတ်တယ်လေ၊ နှင့်ကိုငါချစ်နေခဲ့တာ ဟိုးငယ်ငယ်လေးကတည်းကပဲ၊ ဆယ်တန်းအောင်ရင်အဖြေပေးပါဆိုတော့လည်း ငယ်ပါသေးတယ်တဲ့၊ တက္ကသိုလ်ရောက်တော့လည်း တစ်နယ်တစ်ကျေးမှာပညာလာသင်တာဆိုပြီး တားထားတယ်"

"နင် အခုငါ့ကိုရီးစားစကားပြောဦးမလို့လား"

"အမြဲပြောနေချင်တာ... နှင့်ကိုချစ်တဲ့ငါ့အချစ်တွေက လျော့မသွားဘဲ တိုးလာနေတယ်ဝတ်မှုံ"

"အေးနော်၊ ရောင်းစားလို့လည်းမရ၊ နှမြောစရာ"

"မနောက်ပါနဲ့ဝတ်မှုံရယ်၊ ငါတကယ်ပြောတာပါ၊ နှင့်မှာ တခြားချစ်ရမယ့်သူလည်း မရှိဘဲနဲ့... ဘာဖြစ်လို့ဒီအတိုင်း နေနေရတာလဲ၊ ပျင်းစရာကြီး"

"အံမယ်"

"မကြာခင်နင်နဲ့ငါလည်း ဘွဲ့ရကြတော့မယ်၊ နင် အလုပ်ဝင်ရင် ဘယ်ရောက်မလဲမသိဖူး၊ ငါရောအတူတူပဲလေ၊ ငါ နင်နဲ့ မဝေးချင်ဖူး ဝတ်မှုံ"

ဝတ်မှုံဆီက ဘာသံမှထွက်မလာဘဲတိတ်နေတယ်။

"ငါ့ကိုနင်က ဘယ်အချက်သဘောမကျလို့လဲဝတ်မှုံ... ငါတော့နင့်ကိုသိပ်ချစ်တာပဲဟာ၊ ငါ့ရင်ထဲမှာ နင့်အကြောင်းတွေးခြင်း စားတဲ့နေ့ တစ်ရက်မှမရှိခဲ့ဖူးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဆန်းတို့စက်ဘီးကရှေ့ကို အတော်ဝေးဝေးရောက်သွားပြီ။ ဝေးလေကောင်းလေပဲ။

"နင် ငါ့ကိုမသနားဖူးလားဝတ်မှုံရယ်၊ ငါမျှော်ကြည့်နေခဲ့ရတဲ့နှစ်တွေများပြီ"

"အေးပါဟာ၊ ငါသိပါတယ်ဝမ်းမိုးရဲ့"

"သိရင်လည်းအဖြေပေးတော့ဟာ၊ ငါ့မှာရတက်မအေးဖူး၊ နင်ကကျောင်းမှာရော၊ မြို့နဲ့ရွာမှာရော ဝိုင်းဝိုင်းလည်နေတဲ့သူမဟုတ်လား"

"ဒီမယ်ဝမ်းမိုး"

"အင်း...ပြော"

"လူတိုင်းမှာ ငယ်ငယ်တုန်းကအိပ်မက်ဆိုတာ ရှိတယ်၊ ငါ့မှာလည်းရှိတယ်၊ နင်ရော..."

"အိပ်မက်"

"ဟုတ်တယ်၊ အိပ်မက်၊ ငယ်ငယ်လေးကတည်းက မက်တဲ့အိပ်မက်ပဲ၊ ဒါပေမယ့်... အဲဒီအိပ်မက်က အိပ်ပျော်သွားလို့ မက်တဲ့အိပ်မက်မဟုတ်ဖူး၊ ဖြစ်ချင်တာကို စိတ်ကူးယဉ်မျှော်မှန်းပြီး မက်တဲ့အိပ်မက်ကိုပြောတာ"

"ဩော်... ဒါလား၊ ရှိတာပေါ့ဟ၊ ငါ့အိပ်မက်က စာရေးဆရာဖြစ်ချင်တာ... အဲဒါ... ငယ်ကတည်းက စိတ်ကူးယဉ်မက်ခဲ့တဲ့အိပ်မက်ပဲ၊ နင်ရော..."

"ဟင်း ဟင်း ဟင်း ဟင်း"

ဝတ်မှုံက ပြန်မဖြေသေးဘဲရယ်နေတယ်။ သူကြ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲဝတ်မှုံ"

"ငါ့ရဲ့အိပ်မက်ကိုရယ်တာပါ၊ ငါ့အိပ်မက်ကိုနင် သိပါတယ် ဝမ်းမိုးရဲ့"

"ဘာပါလိမ့်၊ ဟင်! နင်... နင်၊ ဘော်လုံးကန်ချင်တာ ဘောလုံးသမားဖြစ်ချင်တာကိုလား"

"အင်းလေ၊ ကမ္ဘာ့ဖလားပွဲတွေမှာ ကန်နေတဲ့အမေရိကန် ဂျပန်အမျိုးသမီးဘောလုံးသမားတွေကို သိပ်အားကျတာပဲ၊ ငါ့ ပတ်ဝန်းကျင်၊ ငါ့အသိုင်းအဝန်းက မဖြစ်နိုင်လို့သာလက်လျှော့ နေခဲ့ရတာ..."

"နင်က သိပ်အံ့သြစရာကောင်းတာပဲဝတ်မှုံ"

"ဘာကိုလဲဟင်"

"နင်က ရုပ်ရှင်မင်းသမီးဝတ်မှုန်ရွှေရည်လို ဖွေးဖွေးဖြူဖြူ သွယ်သွယ်လျလျလေးနဲ့ ဒီလောက်ကြမ်းတမ်းပင်ပမ်းတဲ့ ကစား နည်းကိုမှ ဝါသနာပါလို့လေ"

"ဘာဆိုင်လဲ၊ စိတ်ဓါတ်ရော၊ ခန္ဓာကိုယ်ပါ ကြံ့ခိုင်ရင် ရတာပဲ၊ ခုတော့... ဘောလုံးကန်ဖို့ မဖြစ်နိုင်လို့စိတ်လျှော့ လို့ရပေမယ့် ဘောလုံးသမားတစ်ယောက်ရဲ့ ချစ်သူရီးစားဇနီးမယား တစ်ယောက်တော့ ဖြစ်ချင်သေးတယ်"

"ဗုဒ္ဓေါ"

အခြေအနေက သူ ထင်ထားတာထက်ဆိုးလွန်းနေတယ်၊ ဝတ်မှုံရင်ထဲက ပြင်းထန်တဲ့အစွဲကို ဘယ်လိုများဖျောက်ဖျက်ပစ်ရ ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံတစ်ယောက် ဘောလုံးဝါသနာပါတာငယ်ကတည်းကသိတယ်။ ဒါပေမယ့်... ဒီလောက်ကြီးပြင်းထန်လိမ့်မယ်လို့ မထင်ခဲ့ဖူး။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းကအဖြစ်ကို ပြန်အမှတ်ရမိတယ်။ အဲဒီတုန်းက ကျောင်းတက်နေတဲ့အချိန် ဘောလုံးပွဲသွားကြည့်ဖို့ ဝတ်မှုံကသူ့ကို အဖော်ခေါ်တယ်။ ပွဲကမန္တလေးရတနာပုံအသင်းနဲ့ ရန်ကုန်ယူနိုက်တက်အသင်း။

ဝတ်မှုံပြောတာကတော့ ဒီနှစ်သင်းတွေဆုံပွဲတိုင်း ပြိုင်ဆိုင်မှုပြင်းထန်တယ်လို့ပြောတယ်။ သူကတော့ ယောကျ်ားလေးဖြစ်ပြီး ဘောလုံးဝါသနာမပါသလို ဘောလုံးအကြောင်းနားမလည် ဖူး။ ဘာမှလည်းမသိဖူး။ ဘောလုံးဆိုလုံးလုံးကြီးဆိုတာလောက်ပဲ သိတယ်။

အဲ... အဲဒီနေ့က အဖော်လိုက်သွားတော့သူတို့က မန္တလေးတိုင်းအတွင်းမှာနေတာဆိုတော့ ဝတ်မှုံကရတနာပုံအသင်းကို အားပေးတာပေါ့။ သူကတော့ အဖော်လိုက်ကူရင်းသာကြည့်နေရ



www.burmeseclassic.com

www.burmeseclassic.com



သမယ့် စိတ်မဝင်စားဘဲပျင်းနေတယ်။ ဝတ်မှုံခမျာ ရတနပုံအသင်း ကိုအားပေးနေလိုက်တာ ကြောက်ခမန်းလိလိပါပဲ။

အဲဒါသူလည်းကြည့်ရင်းသနားလာတာနဲ့... ဒီလိုပြောခဲ့ တယ်။

"ဝတ်မှုံ"

"ဟင်"

"နင့်လက်ဖဝါးနုနုလေးတွေ ကျိန်းစပ်နာကျင်လှရော့မယ်၊ လက်ခုပ်မတီးနဲ့တော့၊ နင့်အစားငါတီးပြီး အားပေးမယ်၊ အော်လည်း မအော်နဲ့တော့၊ လည်ပင်းတွေနာကုန်လိမ့်မယ်၊ ငါအော်မယ်"

"အင်"

ဒီလိုပြောပြီးသူက လက်ခုပ်တီး၊ လက်သီးလက်မောင်း တန်း၊ အော်ဟစ်အားပေးခဲ့တယ်။ အဲဒါကိုဝတ်မှုံက....

"ဟဲ့ဝမ်းမိုး"

"ဘာလဲ"

"နင်အားပေးနေတာ ရန်ကုန်အသင်းဟဲ၊ ငါတို့ရတနာပုံ အသင်းကအနီရောင်အကျီလေ၊ နင်နော်၊ ငါလုပ်လိုက်ရင် နာတော့မယ်၊ ဟာ... ခင်မောင်ထွန်းဘောလုံးဆွဲပြေးသွားပြီ၊ ဟုတ်ပြီ၊ ဟုတ်ပြီ"

"ခင်မောင်ထွန်းကဘယ်သူလဲဝတ်မှုံ၊ နင်တို့အမျိုးလား"

"ဟာ နင်ကလဲ၊ရတနာပုံအသင်းက ဘောလုံးသမားမို့ အားပေးနေတာ၊ ဟဲ့...ဟုတ်ပြီ၊ ရန်ပိုင်ကိုပေးလိုက်"

ရန်ပိုင်က ဘယ်သူလဲမမေးရဲတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာဆိုတာဗဟုသုတရှိရမယ်၊ အတော်များများ သိထားရမယ်၊ ဝါသနာမပါဖူးဆိုပြီး ဝါသနာမပါတဲ့ကိစ္စတွေကို ဥပေက္ခာပြုထားလို့မရဖူးလေ…"

အင်း… ဟုတ်ပေသားပဲ။ စာရေးဆရာဖြစ်လို့ ဇာတ်လမ်းတွေရေးရင် ကိုယ့်ဇာတ်ကောင်က လက်ဖွေ့သမားလည်းဖြစ်ချင်ဖြစ်မယ်၊ ဘောလုံးသမား၊ ဇာတ်မင်းသား၊ ကုမ္ပဏီဝန်ထမ်း၊အကုန်ဖြစ်နိုင်တာပဲ။ အဲဒီနေ့က ရတနာပုံအသင်းက ရန်ကုန်အသင်းကိုရှုံးသွားတော့ ဝတ်မှုံခများ ဝမ်းနည်းပက်လက် ငိုကြွေးရှာတယ်။

အဲဒီကတည်းက ဘောလုံးကစားနည်းကို သူ လေ့လာခဲ့တယ်။ ကြည့်ရှုခဲ့တယ်ဆိုပါတော့…

ကိုယ့်ချစ်သူက ဝါသနာပါတယ်မဟုတ်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

"မင်းငါ့ကိုမနိုင်ဖူးလို့ပြောသားပဲ ဝမ်းမိုးရာ... ဟား ဟား၊ ... ကြံ့ရည်ဝယ်တိုက်ပေတော့..."

ကော့ရွာအဝင် မန်ကျည်းပင်ရိပ်က ရပ်စောင့်နေတဲ့ ...င်ဆန်းကသူတို့လည်း အနားရောက်ရော အဲသလိုဆီး ...တယ်။ မတင်ကြည်ကလည်း အနိုင်ရတဲ့အတွက်ပြုံးပျော် ...တယ်။

"ဝတ်မှုံရေ၊ ညည်းရဲ့ခန္ဓာကိုယ်ပါးလှပ်လှပ်ကလေး ...နိုင်းရတာတောင် ကိုရင်ဝမ်းမိုးကမနိုင်ဖူးတော် ဟင်း ဟင်း"

"ကျွန်တော်တို့ နောက်တစ်ခါထပ်ပြိုင်ကြသေးတာပေါ့ဗျာ"

သူကနဖူးကချွေးကို တစ်ရှူးနဲ့အသာတို့သုပ်ရင်းပြော ...တော့ဝတ်မှုံက မျက်စောင်းထိုးတယ်။ သူ့အကြံကိုသိတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့သဘော...

"နောက်တစ်ခါလည်း မနိုင်လောက်ပါဖူးတော်၊ ကိုရင်တို့ ပညာတတ်တွေက သိပ်နုနယ်တာကိုး၊ ပြောတာဆိုတာတွေ လည်း ကျွန်တော်၊ ကျွန်မနဲ့ သိပ်ယဉ်ကျေးတာပဲ"

"အလေ့အကျင့်ပေါ့ မတင်ကြည်ရယ်... အဟင်း"

ဝတ်မှုံက ဝင်ပြောတယ်။ သူက...

"ဘာလဲဝတ်မှုံ ဟို့ဟာသတစ်ခုလို... ကျုပ်တို့ရွာမှာ ကျွန်တော်လို့ပြောတာ ငါတစ်ယောက်တည်းရှိတယ် ဆိုတာမျိုးလား"

သူပြောတဲ့အဓိပ္ပါယ်ကို မောင်ဆန်းရော၊ မတင်ကြည်ပါ နားလည်ပြီးရယ်ကြတယ်။

"ကဲ၊ အမောပြေရင်သွားကြမယ်"

"နေစမ်းပါအုံး မောင်ဆန်းရာ၊ ကြံရည်ဆိုင်ကထွက်မပြေးပါ ဖူး၊ မင်းအမောပြေပေမယ့်ငါက မောနေသေးတယ်"

သူက ဝတ်မှုံနဲ့အကြာကြီးနေချင်လို့ ပလီပလာလုပ် လိုက်တာ...။ မတင်ကြည်ရော၊ မောင်ဆန်းပါ ယုံသွားကြတယ်။

ဝတ်မှုံကတော့ မယုံဖူးပေါ့။

သူ့ရဲ့ အကြံအဖန်ကြီးကို သိနေတယ်လေ....။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အောင်မလေးဗျ"

လျှပ်စစ်မီးမရှိသော သူတို့လိုတောရွာကလေးများတွင် ညနေခြောက်နာရီကျော်လျှင် မှောင်နေပြီ။ ညခုနစ်နာရီ၊ ရှစ်နာရီဆို လောကတစ်ခွင် မဟူရာပြင်အတိုပါပဲ။ ဒီလိုမှောင်မည်းတိတ်ဆိတ်တဲ့အချိန်မှာ ကျယ်လောင်တဲ့အော်သံကြီးက ဟိန်းထွက်လာတယ်။

ညနေငါးနာရီလောက်က ကော့ရွာကို VCD အခွေငှားဖို့ ထွက်လာခဲ့တယ်။ အမေက မှောင်တဲ့အထိမနေဖို့လှမ်းမှာသေးတယ်။ ဒါပေမယ့်... သူက...

"ကော့ရွာကလက်ဖက်ရည်ဆိုင်ကြီးက လက်ဖက်ရည်ကောင်းတယ်ဗျ၊ သောက်ရင်းဘောလုံးပွဲကြည့်ဦးမှာ... ရောက်မှ

www.burmeseclassic.com

www.burmeseclassic.com



တော့ဖြည်းဖြည်းပြန်ခဲ့မယ်အမေရာ... ဘာမှစိတ်မပူနဲ့.... အမေတို့ရဲ့ သရဲခြောက်တဲ့ညောင်ပင်အိုကြီးက အလကားပါ၊ အကြောင်းသိသွားတော့ ကျွန်တော်မကြောက်တော့ဖူး"

"လူကလေးနှယ်၊ ထမင်းတော့စားမသွားဘဲ ဒီလက်ဖက်ရည်ပဲသောက်တယ်၊ ခွန်အားမဖြစ်ပါဖူးကွယ်"

"ခွန်အားဖြစ်တာလည်း စားပါ့မယ်အမေရာ"

"လူလေးပြန်မလာသေးရင် မောင်သန်းအောင်က ထမင်းမစားပဲစောင့်တာ..."

"ဦးလေးကို မစောင့်နဲ့လို့ပြောပါအမေ၊ ထမင်းအရင်စားထားနှင့်ပါလို့... ဦးလေးကြိုက်တတ်တဲ့ ဇာတ်လမ်းငှားခဲ့မယ်"

ဦးလေးက တီဗွီဆိုသိပ်ကြိုက်တယ်။ ကြိုက်တာမှဇာတ်လမ်းများကောင်းနေရင် ပါးစပ်ဟောင်းလောင်းနဲ့ကို ကြည့်နေတော့တာပဲ။ အဲ... ဘာခွေမှငှားထားမပေးလို့ ကြည့်စရာမရှိရင် တီဗွီက ဘာလာလာအရုပ်တွေလှုပ်၊ အသံထွက်နေရင်ပြီးတာပဲ။ မီးမငြိမ်းမချင်း ထိုင်ကြည့်နေတော့တာ။

လျှပ်စစ်မီးမရှိပေမယ့်... သူကြီးအိမ်ကပေးတဲ့ တစ်ရာမီးယူထားတော့ အဆင်ပြေနေတယ်။ ရွာမှာဒီလိုမီးကို တော်တန်ရုံအိမ်တိုင်းယူနိုင်တာမဟုတ်ဖူး။ ဦးလေးအောင် အလုပ်ကိုကုန်းရုန်းလုပ်ပိုက်ဆံရှာ၊ အကုအကျခံယူထားပေးတာ...။

ဦးလေးရဲ့စေတနာ၊ မေတ္တာနဲ့ကျေးဇူးတွေကို သူကသိတော့ သူ့မုန့်ဖိုးထဲကစုပြီး DVDအောက်စက်ကလေး ဝယ်ပေးလိုက်တယ်။ အပေါ်စက်ကတော့ မနှစ်ကစပါးပေါ်ကတည်းက ဦးလေးဝယ်

www.burmeseclassic.com

www.burmeseclassic.com



ထားတာ။ DVD စက်ဝယ်တုန်းကဆို ဖွင့်တတ်၊ ပိတ်တတ်၊ သုံးတတ်ဖို့ တစ်လလောက်သင်ပေးခဲ့ရတယ်။ စိတ်ကိုညစ်ရောပဲ။

အခုတော့... ကောင်းကောင်းသုံးတတ်သွားပါပြီ။ ကြည့်စရာခွေကတော့ ကော့ရွာထိသွားငှားမှရတာ။ သူဌေးရွာသူကြီး ဆိုတော့ တီဗွီရှိတဲ့အိမ်တွေက အများကြီးပဲ။ သူတို့ရွာမှာတော့ လက်ချိုးရေလို့ရတယ်။

အဲ... ဒါနဲ့... ကော့ရွာကို ထွက်လာရောဆိုပါတော့။ တစ်နေ့ကုန်စာဖတ်လိုက်၊ စာရေးလိုက်နဲ့ ညောင်းနေတာမို့ စက်ဘီး မယူဘဲ လမ်းလျှောက်လာခဲ့တယ်။

ပြန်ရင်တော့ စောစောပြန်မယ်လို့အောက်မေ့ပေမယ့် နောက်ကျဖို့အကြောင်းက ဖန်လာတယ်။ ဖန်လာတဲ့အကြောင်းက သူ့အတွက်တော့ ကံကောင်းမှုပါပဲ။

"ဟော... ကိုရင်ဝမ်းမိုးပါလား"

"ဩော်... မတင်ကြည်"

လယ်ထဲကပြန်လာတဲ့ မတင်ကြည်နဲ့အမျိုးသမီးတစ်စုကို ရွာအဝင်လမ်းမှာတွေ့ရတယ်။

"အရီး... ဒါ ကန်တစ်ရာရွာက ဆေးဆရာဦးဘိုးနီ ရဲ့ သားပေါ့၊ အရီးရဲ့သမီး ဝတ်မှုံလိုပဲမြို့ကျောင်းသွားတက်နေတာ..."

မတင်ကြည်ပြောပြနေတဲ့ အရီးဆိုတာဝတ်မှုံရဲ့ အမေမှန်း သူသိတယ်။

"ဟော! ဘိုးနီရဲ့သားလား၊ တက္ကသိုလ်ကျောင်း တက်နေ တယ်ဆိုတော့ အငယ်ကောင်ပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ကဝမ်းမိုးပါ”

“အိုတော်... စကားပြောတာ သာယာချက်တော့ နားထဲကို ဆန်းသွားတာပဲ၊ လူလေးအဘကိုအခုတလော ဒီရွာလာတာမတွေ့ဖူး”

“ကြေးနီရွာဖက်သွားနေပါတယ်”

“ကျုပ်တို့အိမ် လက်ဖက်ရည်ကြမ်းသောက်ဖို့ လိုက်လည်ပါဦး လူကလေးရဲ့...”

သူ့ရင်ထဲလှိုက်ခနဲ ဝမ်းသာသွားတယ်။ ဒီအတိုင်းဘာအကြောင်းကိစ္စမှမရှိဘဲ ဝတ်မှုံတို့အိမ်ဝင်လည်ဖို့ဆိုတာ ကြောင်တောင်တောင်ကြီးမဟုတ်လား။ ခုတော့... ဟန်ကျသွားပြီ။ ဝတ်မှုံတို့အိမ်ဝိုင်းထဲရောက်တော့ အဝတ်တွေရုတ်နေတဲ့ ဝတ်မှုံကိုတွေ့ရတယ်။ သူ့ကိုလည်းမြင်ရော...

“ဟော်တော်၊ နင်ကဘယ်လို...”

စကားမဆုံးခင် မတင်ကြည်ကဝင်ပြောတယ်။

“အကြမ်းရည်သောက်ဖို့ အရီးဖိတ်လာတာ”

“ထမင်းစားချိန် ထမင်းကျွေးဦးမှာပေါ့အေ”

“ဟာ... နေပါစေ အဒေါ်၊ ထမင်းတော့မစားတော့ပါဖူး၊ အိမ်မှာ ဦးလေးကထမင်းစားစောင့်နေမှာမို့ပါ”

“အိုတော်၊ ဝမ်းခေါင်းချင်းဆုံတာမှတ်လို့... စားနှင့်လိမ့်မယ်ပ”

ရိုးသားဖြူစင်တဲ့ တောသူတောင်သားတွေရဲ့ စေတနာကို ဒီထပ်ပိုငြင်းလို့ကောင်းမှာ မဟုတ်ဖူး။ ဝတ်မှုံချူးခပ်ကျွေးမယ့် ထမင်းကိုစားရမှာ ဒါနဲ့ဆိုနှစ်ခါရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ရောက်တုန်းကြုံကန်းမှ ထမင်းမကျွေးလိုက်ရရင် အရီးတို့က ဘယ်စိတ်ကောင်းလိမ့်မတုန်းကွယ်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ စားသွားပါ့မယ်၊ ကျွန်တော်က တကူးတကန့် အပမ်းကြီးမှာစိုးလို့ပါ"

"ကျွေးခွင့်ရတာကိုက အရီးတို့ကဝမ်းသာလှပါပြီ၊ လူလေး အဖေဘိုးနီဆိုတာက ဒီဝန်းကျင်ရွာတွေကလူတွေကို ဆေးအလကား ကုပေးနေတာပဲ၊ ကျေးဇူးရှင်ကြီးပါတော်၊ ဒါကိုကျုပ်တို့က သူ့သား ကို ထမင်းလေးတစ်နပ်မှ မကျွေးလိုက်ရရင် ဘယ်ကောင်းတော့ မလဲ"

လမ်းကြုံဝင်စားခဲ့ရတဲ့ ထမင်းတစ်နပ်ဟာသူ့ဘဝအတွက် အမှတ်တရပါပဲ။

"ဒီကအပြန်လမ်းလျှောက်သွားရင်လည်း အစာကြေသွားမှာ အိမ်ရောက်ရင်ပြန်စားပေါ့"

"အောင်မလေး၊ မစားနိုင်တော့ပါဖူး မတင်ကြည်ရယ်"

"အခုလည်းစားတာ ဘယ်လောက်များလို့တုန်းတော်"

"ကျုပ်တို့အိမ်က ဝတ်မှုံရဲ့အထက်အလတ်ကောင်များ ထမင်းစားရင် နှစ်လုံးချက်လောက်တော့ အသာလေးပဲ"

"အရီးကလည်း ကျုပ်နဲ့ဝတ်မှုံလည်းညီအစ်မ ဝမ်းကွဲသာ ဆိုတယ် စားတာကွာတာပဲ၊ မြို့ဂိုက်ဝင်သွားတဲ့သူတွေက ဒီလိုပဲတဲ့ တော်...အစားနည်းသွားကြတယ်"

မတင်ကြည်စကားကြောင့် သူနဲ့ဝတ်မှုံ ရယ်ရသေး တော့တယ်။ ဝတ်မှုံက...



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတို့တွေလည်း ထစ်ခနဲဆိုဒီမြို့ပဲခလုတ်တိုက်နေတော့တာပဲ၊ ရောမရောက်ရင် ရောမလိုကျင့်ရတယ်ရှင့်..."

"ဘာလဲရောမ"

"ကဲ... ခက်ပြီ"

သူနဲ့ဝတ်မှုံရယ်ကြပြန်တယ်။

"ဟင်း! ညည်းတို့ကရယ်ပဲရယ်နေကြတာပဲ၊ ဘာမှန်းလည်းမသိဖူး"

"မသိရင် မသိသလိုနေပါတော့ မတင်ကြည်ရယ်"

အဲဒီအချိန် ဝတ်မှုံရဲ့ဖခင်ဖြစ်သူပြန်လာတော့လည်း သူ့ကိုအရေးတယူနေရာပေးတယ်။ သူ့အဖေအကြောင်းကို အားပါးတရပြောတယ်။ သူ့အဖေက မိသားစုမှာသာ ဝမ်းစာဖူလုံအောင်ရှာဖွေမကျွေးတာ၊ အစောပိုင်းကပြောခဲ့သလို ဝန်းကျင်တစ်ခွင်မှာတော့ လူအများချစ်ခင်လောက်အောင် ပရဟိတစိတ်ရှိသူပေါ့။

နောက်မှသိရတာက ဒီရွာကသူကြီးသား ရုပ်ချော၊ ဥစ္စာပေါကျော်ဇလှတောင် မျက်နှာသာပေးတာမဟုတ်ဖူးတဲ့...။

ဒီလိုအဖေ့မျက်နှာကြောင့် မျက်နှာသာအပေးခံခဲ့ရတာ... သူ့ကိုသားသမက်တော်ဖို့တော့ လုံးဝသဘောမကျပါဖူးတဲ့။

သူ့မှာတော့... ဘဝင်တွေတောင်မြင့်နေခဲ့တာ။

"ကျောင်းတွေပြန်ဖွင့်တော့မယ်နော် ဝတ်မှုံ"

"အင်း"

"ငါတို့ကျောင်းတွေဖွင့်ရက်သိပ်မကွာရင် မြို့ကိုအတူသွားကြတာပေါ့၊ ရထားနဲ့သွားမယ်ဆိုရင် လက်မှတ်ကို အားလုံး



www.burmeseclassic.com

www.burmeseclassic.com


အတွက်စုပြီး ငါသွားဖြတ်ပေးမယ်”

“အေးလေ၊ ရထားပဲစီးကြတာပေါ့၊ ကားကဈေးကြီးပြီး ပင်ပမ်းတယ်”

ထမင်းစား၊ စကားစမြည်ပြောပြီး သူကပြန်ဖို့နှုတ်ဆက်တယ်။ ဝတ်မှုံအမေနဲ့အဖေက မြေပဲ၊ ခြံထွက်သီးနှံတွေ ထည့်ပေးလိုက်ကြတယ်။ သူကငြင်းတော့…

“လူလေးဖခင် ဦးဘိုးနီကျေးဇူးတွေက ဒီထက်မကများပါတယ်။ ဆေးကုပေးလည်း ဘယ်တော့မှဆေးဖိုးဝါးခ ပေးလို့ရတာမဟုတ်ဖူး၊ ကျုပ်တို့ငွေကြေးပြေလည်ပါတယ်ပြောပြီး အတင်းထည့်ပေးရတာ”

“ဟုတ်တယ်လူလေးရေ၊ ဦးဘိုးနီကုပေးလို့ အလတ်ကောင်ရဲ့လိပ်ခေါင်းရောဂါပျောက်သွားတာပဲ၊ လူလေးအဖေဖော်တဲ့ ဆေးကောင်းချက်တော့ တစ်ခါနှစ်ခါလား ထည့်ရတယ်၊ ခြောက်ပြီး ကြွေကျသွားတာပဲ”

သူ့မှာဒါနဲ့ပဲ အထုပ်ကြီးထမ်းပြီးခွေဌား၊ လက်ဖက်ရည်ဆိုင်ထိုင်ခဲ့ရတယ်။ ဒါတောင် လှည်းနဲ့လိုက်ပို့မလို့ ပြောတာကို သူကဖွတ်ငြင်းခဲ့တယ်။

ပြောရရင်တော့… သူများကိုဝန်မပိုစေချင်လို့ပါပဲ။

“ငါ နင်တို့ရွာလယ်ကဆိုင်ကြီးမှာ လက်ဖက်ရည်သောက်ဆာလုံးပွဲကြည့်ပြီးမှ ပြန်မှာ”

“ဟင်! ဟုတ်လား၊ ငါလည်းကြည့်ချင်လိုက်တာဟယ်၊ ဖြစ်နိုင်လို့သာပေါ့၊ ဒါကြောင့် ရွာပြန်မလာချင်တာ မြို့ပေါ်ဆို

www.burmeseclassic.com

www.burmeseclassic.com



အေးဆေးပဲ”

သူပြုံးမိတယ်။ ဝတ်မှုံရဲ့ဒုက္ခကမသေးဖူး။

“ငါအလုပ်လုပ်လို့ ပိုက်ဆံရရင်ဒီရွာကအိမ်မှာ စလောင်းတပ်ဦးမယ်၊ မီးစက်ပါဝယ်မယ်”

ဒါနဲ့… အပြန်လမ်းမှာဝတ်မှုံအကြောင်း တစ်လမ်းလုံးစဉ်းစားလာခဲ့တယ်။ ရွာအဝင် ညောင်ပင်အိုကြီးနားရောက်တော့ကြောက်စိတ်သိပ်မရှိဖူး။ မှောင်နေတော့ နဲနဲတော့လန့်နေတာပေါ့။

သူကရောက်လေရာ အခြောက်အလှန့်ခံရတတ်တာတော့အမှန်ပဲ။ သတိတော့ ထားရတယ်လေ။

ဒီလိုနဲ့ ညောင်ပင်အိုကြီးကိုဖြတ်ပြီးတဲ့အထိ ဘာအနှောင့်အယှက်မှမတွေ့ပါဖူး။ ဒီနေ့လည်းဝတ်မှုံနဲ့ အကြာကြီးတွေ့ခဲ့ရတဲ့အတွက် အပျော်ကြီးပျော်နေတယ်။ ဝတ်မှုံမျက်နှာကလွဲရင်တလောကလုံးဘာမှ မမြင်ဖူး။ အဲ… မှောင်ကလည်းမှောင်လာပြီကိုး…။

ဒါနဲ့ ရွာအဝင်လမ်းအတိုင်း လျှောက်လာခဲ့လိုက်တာအိမ်ရှေ့ရောက်လာတယ်။ အိမ်ရှေ့မှာက ရေမြောင်းရှိပြီး မြောင်းပေါ်မှာတံတားခင်းထားတယ်။ တံတားဘေးမှာက ခရေပင်ကြီးရှိနေပြီးအပေါ်ကနေအရိပ်သဖွယ် အုပ်မိုးထားတယ်။

သူကတံတားပေါ်ခြေစလှမ်းလိုက်တယ်ဆိုရင်ပဲ သစ်ပင်ပေါ်ကနေ သစ်ကိုင်းလှုပ်သံကို ကြားလိုက်ရတော့တာပါပဲ။

“ရှဲ ရှဲ ရှဲ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေထသွားတယ်။ ကျောထဲကလည်း စိမ့်ခနဲဖြစ်သွားတာပေါ့။ သူ့စိတ်ထင်လို့ နေမှာပါ ဆိုပြီး ဆက်လျှောက်တော့သစ်ကိုင်းကို ထပ်လှုပ်သံကြား ရပြန်တယ်။

ဒါနဲ့… နောက်တစ်ခါထပ်ကြားရပြန်တော့ စိတ်က မော့ကြည့်ချင်စိတ် အလိုလိုပေါ်လာတာနဲ့ ဘာမှစဉ်းစားချိန်မရဘဲ ရုတ်တရက်ခရေပင်ပေါ် မော့ကြည့်လိုက်တယ်။ အဲသလိုကြည့် လိုက်တယ်ဆိုရင်ပဲ…

"အား"

"အောင်မလေးဗျ"

တိတ်ဆိတ်တဲ့ညအမှောင်အောက်မှာ သူ့ရဲ့ငယ်သံပါအောင် အော်လိုက်သံကြီးက ချောက်ချောက်ချားချားထွက်သွားတယ်။

ခရေပင်ပေါ်မှ သူမြင်လိုက်ရတဲ့အရာကား …

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

ဦးနီတစ်ယောက် ဘယ်မှမသွားတာ နှစ်ရက်သုံးရက်ရှိပြီ။ အရင်လိုဆို တစ်နာရီပြည့်အောင်နေတာမဟုတ်ဖူး။ ဒါကြောင့်လည်း သူ့ကိုသူ့မိန်းမ ဒေါ်မြနှစ်က...

"တော့်ကိုအိမ်စောင့်နတ်ကများ အိမ်မကပ်နိုင်အောင် လုပ်ထားသလားကိုဘိုးနီရဲ့..." လို့ခဏခဏပြောတတ်သည်။

ဦးနီကလည်းဦးနီပါပဲ။ အိမ်မှာတစ်နာရီလောက်ငြိမ်နေရလျှင် ဟိုနားကယားသလို၊ ဒီနားကယားသလိုဖြင့် ဂဏှာမငြိမ်ဖြစ်နေတတ်သည်။

ယခုလည်းတခြားရွာတွေထိ ဝေးဝေးလံလံမသွားရလျှင်တောင်ရွာအတွင်းလှည့်လည် သွားလိုက်ချင်သေးသည်။ အိမ်မှာ ဧနီးဖြစ်သူ ဒေါ်မြနှစ်ကလည်းရှိနေပြီး သားအငယ်ကောင် ဖိုးမိုးလည်းဝေဒနာအနည်းငယ်သက်သာ၍ အိပ်ပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့... ခဏာတစ်ဖြုတ်ထွက်ရုံလောက်နှင့်ဘာမှ မဖြစ်နိုင်လောက်ပါ။

ဦးနီက အိမ်တိုင်တွင်ချိတ်ထားသောဦးထုပ်ကို ဖြုတ်ယူလိုက်သည်။ ခြေလှမ်းက ခြံပြင်ပင်မရောက်သေး။ ဒေါ်မြနှစ်အသံပေါ်လာသည်။

"ဗျို့... ကိုဘိုးနီ၊ ဒါက ဘယ်ခြေလှမ်းပြင်နေတာတုန်း"

"ဟိုနား ဒီနား ခဏာပါကွာ"

"တော့်မလဲ၊ အိမ်မှာဖင်ပူအောင်ကို မနေချင်ဖူး၊ သားသမီးနေမကောင်းဖြစ်နေတဲ့အချိန်လေး အိမ်မှာနေပါဦးလား"

"မင်းကလည်းကွာ၊ ဝမ်းမိုးအိပ်နေတုန်း ဟိုနားဒီနား ခဏာသွားမလို့ပါ"

"ဟိုနား ဒီနားမသွားဘဲရေလေးဘာလေးချိုးပါလား၊ တော်ရေမချိုးတာ ဘယ်လောက်ကြာနေပြီလဲ"

"ဘယ်လောက်ကြာကြာကွာ၊ ရေမချိုးလို့ဘာဖြစ်မှာလဲ"

"ညစ်ပတ်တာပေါ့တော်... တစ်လတော့ရှိလောက်ပြီ၊ ရေချိုးပါ၊ ခေါင်းတစ်ခါတည်းလျှော်လိုက်... မနက်ဖြန်အန္တရာယ်ကင်းဖရိတ်ရွတ်လို့ သံဃာတော်တွေဆွမ်းကပ်ရင် ဧည့်သည်တွေလာတော့ သန့်ရှင်းတာပေါ့တော်"

သံဃာတော်တွေဆွမ်းကပ်ပြီး ကုသိုလ်လုပ်တာကိုတော့ ပြောလိုပါ။ အန္တရာယ်ကင်းဆိုတာမျိုး ဦးနီကလက်မခံချင်ဘာဖြစ်သည်။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်နေသော သူတို့အိမ်အဖို့မည်သည့် အန္တရာယ်မှမရှိဟုယုံသည်။ ဖြစ်လာလျှင်လည်း

www.burmeseclassic.com



ကာ၊ ကာ၏အကျိုးကြောင့်သာဖြစ်ပေလိမ့်မည်။

ယခု… ဦးနီအိမ်က မိသားစုတွေကသားဖြစ်သူဝမ်းမိုး နေထိုင်မကောင်းခြင်းမှာ မကောင်းဆိုးဝါး၊ တစ္ဆေသရဲတွေပြုစား၍ဟုထင်ကြသည်။

ဟိုတစ်နေ့ညက ကော့ရွာကို VCD အခွေသွားငှားပြီး အပြန်အိမ်ရှေ့ရောက်မှ ကြောက်လန့်တကြားငယ်သံပါအောင် အော်လိုက်သံကိုကြားရသည်ဟုဆိုသည်။ ထိုနေ့က အိမ်တွင်ဦးနီ မရှိပါ။ နောက်နေ့ပြန်ရောက်တော့ ဝမ်းမိုးဖျားနေ၍ခုထိ အိမ်မြဲနေခြင်းပင်။

ဝမ်းမိုးတစ်ယောက် အဘယ့်ကြောင့်အထိတ်တလန့် အော်မှန်းအခုထိမေးလို့မရပေ။ သို့သော်… ဝမ်းမိုးဖျားရခြင်း အကြောင်းကိုတော့ဦးနီသိသည်။ အပူရှပ်၍ဖျားသွားခြင်းဖြစ်သည်။ ဒီလိုရောဂါလောက်တော့ ဦးနီဖော်စပ်သောဆေးနှင့် ပျောက်သည်။

ဖြစ်ချင်တော့ ရောဂါကပျင်း၍ အဖျားကချက်ချင်းမကျပေ။ သို့နှင့် အင်္ဂလိပ်ဆရာဝန်ပြရသည်။ ထိုအခါရောဂါတစ်မျိုးကို ထပ်တွေ့သည်။ ဝမ်းပျက်သောရောဂါ။ ဒါကပိုးဝင်သွား၍ ဖြစ်သောရောဂါ။

ထိုနေ့ကကြံ့ရည်ရော၊ မုန့်ဟင်းခါးပါဝယ်စားမှန်း သိရသည်။ အဖြစ်ကတော့… ဒါပဲ။ ဘယ်မကောင်းဆိုးဝါးမှ ပြုစားတာမဟုတ်ဖူး။ ဘာပဲဖြစ်ဖြစ်အားလုံးက ဒီလိုပဲထင်နေ ကြတော့ အများအကြိုက်လိုက်ရတော့သည်။

"ဗျို့… ဒေါ်မြနှစ်၊ ဝမ်းမိုးဘယ့်နှယ်နေသေးလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်… ဦးဝဏ္ဏပါလား၊ လူလေးက ကောင်းကောင်း မသက်သာသေးပါဖူးတော်…"

"မြို့ကဆေးခန်းသွားတာ ဘာတဲ့ဂျာန်း"

"ဘာပိုးကဘာယ်ကိုဝင်တယ်ဆိုလားတော်"

"ဝမ်းထဲကိုဝင်သွားတာ… အစားအသောက် မသန့်ရှင်းရင်ဖြစ်တဲ့ရောဂါ"

"ခင်ဗျားဆေးတွေ မစွမ်းတော့ဖူးလား ဦးနီ"

ဦးနီဖော်စပ်သော ဆေးနီမှုန့်မှာ သေကောင်ပေါင်းလဲလေနာရောဂါခံစားနေရသူကို ငါးမိနစ်အတွင်း သက်သာပျောက်ကင်းစေသည်။ အပူကြီးပြီး ဖျားနာသူ၊ ဂရင်ဂျီနာ၊ လိပ်ခေါင်းရောဂါ၊ သူငယ်နာရောဂါ၊ သွေးဝမ်းသွားစသဖြင့် ရောဂါအတော်များများကို ပျောက်ကင်းချမ်းသာအောင် ကုနိုင်စွမ်းရှိ၍ဦးဝဏ္ဏက ထိုသို့မေးခြင်းဖြစ်သည်။

"ကျုပ်ဖော်စပ်တဲ့ တိုင်းရင်းမှရဆေးတွေရဲ့ အစွမ်းကထက်ပါတယ်၊ တချို့ကူးစက်ပိုးကြောင့်ဖြစ်တဲ့ရောဂါတွေကျတော့ အနောက်တိုင်းဆေးတွေက ပိုကောင်းတယ်၊ ကျုပ်သားဖြစ်တာက အစားအစာကပါတဲ့ ကူးစက်ပိုးဗျ၊ ဒါကြောင့်… ဝမ်းပျက်နေတာ"

"နို့… ဒီရွာတွေက အစားအစာတွေကလူတိုင်းစားနေကြတာပဲဗျ"

"အင်း… ခင်ဗျားပြောတာဟုတ်ပါတယ်၊ မြို့ကဆရာဝန်ကရှင်းပြတာက ဒီလိုဗျ"

"ထိုင်ပါဦးတော် မတ်တတ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



## ☺ ထူးမြတ်ကြယ် ☺

သို့နှင့်အပြင်ထွက်ဖို့ ခြေလှမ်းပြင်နေသောဦးနီမှာ မထွက်ဖြစ်တော့ပေ။ အပြင်မထွက်ရလည်း ယခုလိုစကားပြော နေရမည်ဆိုလျှင် ဦးနီကကျေနပ်သည်။ လေပေါစကားများသော ဦးနီကို မိသားစုဝင်တွေက အချိန်ပေးနားထောင်ပေးမည့်သူမရှိပါ။ အဲ... သားအငယ်ဝမ်းမိုးတစ်ယောက်သာ ဦးနီပြောသမျှစကားကို အချိန်ပေး၊ အလေးတယူနားထောင်တတ်သည်။

"ဆက်ပြောပါအုံး၊ မြို့ကဆရာဝန်က ဘာတဲ့တုန်း"

"ဒီလိုဘိုးဝဏ္ဏရဲ့... ကျန်းမာရေးရှုထောင့်ကကြည့်ရင် လမ်းဘေးအစားအစာတွေက ရောဂါကူးတတ်တယ်၊ အဆုတ်ရော၊ အသည်းရောဂါ၊ ဝမ်းရောဂါတွေပေါ့"

"ဟုတ်လား၊ ကျုပ်တို့တော့ သိပါဖူးဗျာ"

"ခင်ဗျားတို့မသိပေမယ့်... ကျုပ်သားဝမ်းမိုးကစာတွေ ဖတ်တော့သိတယ်"

"ဒါတောင် ဒီရောဂါဖြစ်သေးလား"

"ဆရာဝန်ရှင်းပြတာဒီလိုဗျ၊ ကျုပ်သားကမြို့မှာကျောင်း သွားတက်ရင်လည်း လမ်းဘေးအစားအစာ မုန့်ဟင်းခါး၊ အသုပ်၊ ဝက်သားတုတ်ထိုးတို့ ရှောင်တယ်ဗျ၊ စားလေ့မရှိဖူးဆိုပါတော့... အဲဒီတော့ သူ့ခန္ဓာကိုယ်ထဲကရောဂါပိုးတွေကို တိုက်ဖျက်တဲ့ ခုခံပိုးက ယဉ်နေတယ်ဆိုလား၊ နသွားတယ်ဆိုလား၊ ခုလိုအခန့်မသင့်လို့ ရောဂါပိုးလည်းဝင်ရော... မတိုက်ထုတ်နိုင်ကြတော့တာတဲ့၊ အဲဒါကြောင့် ဖြစ်သွားတာလို့ဆိုတာပဲ"

"ပြောနေကြတာတော့ အပမှီတာဆို..."



www.burmeseclassic.com

www.burmeseclassic.com



"အလကားပါဗျာ၊ ကျုပ်အိမ်ကလူတွေကိုက ပြောရတာ နားမဝင်တာ... တကယ်က... လက်နဲ့ကြိတ်တဲ့ကြံရည်ဆိုတာ ရောဂါကူးနိုင်တယ်လေ၊ ပြီးတော့... ယင်တလောင်းလောင်းနဲ့ ဗုတ်တွေသဲတွေဝင်တာလည်း နည်းလား"

"ဒါနဲ့... အဲဒီညက အော်တာတော့အမှန်ပဲမို့လား"

"ဒီကောင်ကမှားဆိုအလွန်ကြောက်တာဗျ၊ ကေန္တ ဖားခုန် တက်လို့ အော်တာနေမှာပေါ့၊ သူများတွေမေးတော့ ရှက်ပြီးမပြော တာနေမှာ..."

"သိပါဖူးဗျာ.. ဟိုတစ်ခါကတော့... သရဲခွေးနက်ကြီးမှတ်ပြီး ခင်ဖျားသားအော်ပြေးတာ၊ ခုတစ်ခါကတော့ တကယ့်သရဲနဲ့တွေ့ပြီး အခြောက်ခံလိုက်ရတယ်မှတ်တာ...။

ဦးနီတို့ စကားပြောနေစဉ်ဦးနီ၏အဖေ ဦးမြကြိုင်မှာ ငါးကလေးအိုးကပ် ပန်းကန်လေးကိုင်၍ အိမ်ထဲဝင်လာသည်။ ဦးဝဏ္ဏက...

"ဘိုးကြိုင်"

"ဟော! မောင်ဝဏ္ဏပါလား၊ ဘယ်တုန်းကရောက်လဲ"

"မကြာသေးပါဘူး၊ မောင်နီနဲ့ စကားပြောနေတာ..."

"မင်းမလဲ၊ ဒီဘက်မလာတာ ကြာပြီကော"

"ကြာဆိုကျုပ်က ရွာပေါင်းစုံခြေတိုအောင်သွားနေရတော့ အေားဖူးဗျို့"

စကားဝိုင်းက ဦးဝဏ္ဏနှင့်အဘိုးမြကြိုင်အဖြစ်ပြောင်း သွားသည်။ ဒါကိုအခွင့်ကောင်းယူပြီး ဒေါ်မြနှစ်က...

www.burmeseclassic.com

www.burmeseclassic.com



"ဗျို့... ဦးနီ... စောတုန်းရေချိုးပါတော်၊ ပြောရတာ အာပေါက်လိုက်တာ"

"အေးပါကွာ... အေးပါ"

ဒီတော့မှ ဦးနီထသွားသည်။ ဘိုးမြကြိုင်က...

"တို့တွေရေချိုးကြောက်တာကတော့ မျိုးနဲ့ရိုးနဲ့ပဲ မောင်ဝဏ္ဏ ရေ၊ ကျုပ်အဖေရော၊ ကျုပ်ရော၊ ကျုပ်သားမောင်နီရောပဲ၊ တစ်ခါကမောင်နီ့ကို လှမြင့်ဆိုတဲ့ကောင် အနောက်ကနေရေနဲ့ ဝုန်းဆိုလောင်းတာ စိတ်ဆိုးလွန်းလို့ ဆဲလိုက်တာများ မပြီးနိုင်ဖူး"

"ဟား ဟား ဟား၊ အဲသလောက်ကို ရေကြောက် တာလား"

"ကြောက်လို့ပဲ တစ်လတစ်ခါတောင်မချိုးတာပေါ့၊ မြန်မာ့ ကအတင်းချိုးခိုင်းလွန်းမှ ချိုးတာ..."

"ဝမ်းမိုးရော ဒီလိုပဲလား"

"ကျုပ်မြေးဝမ်းမိုးကျတော့ မျိုးရိုးဂုဏ်ကိုမထိန်းဖူးဗျ၊ အခု ဖျားတာပဲကြည့်လေ၊ ကျောင်းကပြန်လာပြီး ပူလွန်းလို့ဆိုပြီး ရေချိုးတာအပူငုပ်ဖျားပါရောလား"

"ဒါဆို...သရဲခြောက်ခံရလို့ လန့်ပြီးဖျားတာမဟုတ်ဖူးလား ဘိုးကြိုင်"

"ဒီလိုတော့မဟုတ်ဖူးမောင်ဝဏ္ဏရဲ့၊ လူလေးဝမ်းမိုးက သရဲတော့ခဏခဏ အခြောက်ခံရတာပဲ၊ သူကြုံခဲ့သမျှ ကျုပ်တို့ကို ပြန်ပြောနေကျလေ၊ အခြောက်ခံရတာတော့ ဟုတ်ချင်ဟုတ်မယ်၊ နေမကောင်းတာက သပ်သပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘိုးကြိုင်ဘယ်လိုထင်လဲ၊ သရဲခြောက်ခံရတာကို ယုံလား"

ဦးဝဏ္ဏအမေးကို အဘိုးမြကြိုင်ကချက်ချင်းပြန်မဖြေသေးဘဲ ပတ်ဝန်းကျင်ကို အသာအကဲခတ်လိုက်သည်။ ခြံဝိုင်းထောင့်တွင် ဦးနီကရေချိုးနေပြီး၊ ဒေါ်မြနှစ်က မီးဖိုတဲထဲဝင်သွားသည်။ ဝမ်းမိုးအထက် အကြီးကောင်မိုးကြိုးကတော့ အိမ်တွင်မရှိပါ။ ဝမ်းမိုးတစ်ယောက်သာ အိမ်ထဲအိပ်နေ၏။

"လာကွာ၊ အိမ်ရှေ့တံစက်မြိတ်အောက်က ခုံတန်းမှာ သွားစကားပြောရအောင်၊ ဒီကွပ်ပျစ်ကနေရှိန်တယ်"

အဘိုးမြကြိုင်တစ်ယောက် တစ်ခုခုပြောဆိုနေချင်မှန်း ဦးဝဏ္ဏရိပ်မိလိုက်သည်။ သို့နှင့် အိမ်ရှေ့ခုံတန်းလျားကို ရွှေ့ခဲ့ကြ၏။

"ကျုပ်ကဒါကိုပြောချင်နေတာ… မောင်ရင်ကပေါ်မလာဖူး"

"မလာဆိုစပါးစိုက်ခင်းတွေကို ဓါတ်စုံမြေဩဇာကြဲပက်နေရတာနဲ့ မအားလို့ဘိုးကြိုင်ရ…"

"ကျုပ်သိပါတယ်"

"ဆိုပါအုံး… ဘာပြောချင်တာလဲ"

ဦးဝဏ္ဏဖခင်ဘိုးရွှေလှနှင့် ဘိုးကြိုင်ကရွယ်တူဖြစ်ပြီး၊ လည်ပင်းဖက်ပေါင်းကြသော သူငယ်ချင်းတွေဖြစ်သည်။ ယခုတော့… ဦးရွှေလှဆုံးပါးခဲ့တာကြာပြီ…။

"ဒီအကြောင်းကို မောင်ရင့်အဖေကျုပ်သူငယ်ချင်းရွှေလှ ကလွဲလို့ ဘယ်သူ့ကိုမှမပြောပြခဲ့ဖူးသေးဘူး"

"ဟုတ်လား၊ အဖေတစ်ယောက်ပဲသိတာပေါ့၊ ဘာများ



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်ဘိုးကြိုင်"

အဖေဦးရွှေလှတစ်ယောက်သာသိသော လျှို့ဝှက်ကိစ္စကြီး ဆိုတော့ ရတနာသိုက်မြေပုံတွေများ ဝှက်ခဲ့လေသလားဟု ဦးဝဏ္ဏ စိတ်ကူးယဉ်မိသည်။

"ဒီလိုကွ၊ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်ကျော်လောက်က ကျုပ်မျက်စိနဲ့တပ်အပ်မြင်တွေ့ခဲ့ရတဲ့... အံ့ဩစရာကောင်းပြီး ထူးဆန်းတဲ့အဖြစ်ပဲ"

ဦးဝဏ္ဏက စိတ်ဝင်တစားနှင့်နားထောင်နေစဉ်အဘိုးမြကြိုင် ကရေနွေးကရားအိုးထဲယူကာ တစ်ခွက်ငှဲ့သောက်နေသေးသည်။

"ဘိုးကြိုင်ကလည်း နောက်မှသောက်ပါဗျာ၊ ကျုပ်သိချင် လှပြီ၊ ပြောမှာသာမြန်မြန်ပြောစမ်းပါ"

"အေးပါကွ မင်းကလည်း၊ ဒီမှာအာခြောက်လို့ပါ၊ ကဲ... ပြောပြီကွာ၊ ဒီလိုမောင်ရင်ရဲ့ ဒီလို..."

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

သကြၤန်တွင်းတစ်လျှောက်လုံး မြကြိုင်ရော၊ ရွှေလှပါအိပ်မကပ်ကြပါ။ ရွာပေါင်းစုံလျှောက်လည်ကြပြီး ကြုံရာဆွေမျိုးနီးစပ်ရှိသောရွာတွင် ထမင်းဝင်စားသည်။ ရွာတိုင်း၊ အိမ်တိုင်းမှာ စတုဒီသာမကျွေးသောအိမ်၊ မုန့်မလုပ်သောအိမ်မရှိသလောက်ပင်။ အင်မတန်ဆင်းရဲသော အိမ်မျိုးတောင်မုန့်ဖက်ထုပ်လေးတော့ လုပ်ကြသည်။ တစ်အိမ်မှတစ်အိမ်ဝေငှသည်၊ ဧည့်သည်လာလျှင် တည်ခင်းကျွေးမွေးသည်။

သကြၤန်လောက်ပျော်စရာကောင်းတာ သူတို့နယ်ပယ်သာရှိသည်ဟုထင်ရသည်။ ဒါတင်မက မြို့ကလူတွေကတောရွာဘုန်းကြီးကျောင်းတွေဆီ ဘုန်းကြီးကန်တော့လာကြလျှင် လှလှပပဝတ်စားထားသော မြို့သူ၊ မြို့သားတွေကိုစောင့်ကြည့်ရတာ အင်မတန်အရသာရှိလှသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲ... ဦးမြကြိုင်အဓိက ပြောချင်သည့်အချက်က ဒါမဟုတ်ပါ။ လိုရင်းနှင့်တိုရှင်းပြောရလျှင် သင်္ကြန်အပြီးနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ အဲဒီနှစ်က ဦးမြကြိုင်ရော ဦးရွှေလှပါအိမ်ထောင်ကျပြီး၍ ဦးမြကြိုင်ဇနီးမှာ ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်သည်။

နှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ကြသည်။ ဒါကတစ်နိုင်ငံလုံးပြုလုပ်သော မြန်မာတို့၏ ဓလေ့ထုံးစံပင်...

ထိုနေ့နှစ်ဆန်းတစ်ရက်နေ့ ညနေခြောက်နာရီတွင် ဦးမြကြိုင်တို့ ကန်တစ်ရာရွာထိပ်တွင် ရွာဦးကျောင်းဆရာတော်မှ ပရိတ်တရားရွတ်ဖတ်၍ တရားပေးသည်။ ရွာရှိအိမ်တိုင်း ပရိတ်အိုး၊ ပရိတ်ရေများထားရှိကြသည်။ တရားပွဲပြီးသောအခါ ကိုယ့်အိမ်က ပရိတ်အိုးတွေယူပြီး ပြန်ကြသည်။ အိမ်တွေမှာပက်ဖျန်းကြသည်။ အန္တရာယ်ကင်းအောင် အိမ်နံရံတွေမှာ ပရိတ်ပန်းတွေထိုးစိုက်ကြသည်။

အဲဒီအချိန်ဦးမြကြိုင်တို့ ဦးရွှေလှတို့မှာရွာတွင်း လမ်းသလားနေဆဲဖြစ်သည်။

"အောင်မာ၊ ဟော့... မြကြိုင်၊ မင်းကလူပျိုလုပ်ပြီး လမ်းသလားနေတယ်၊ ဟိုမှာ... မင့်မိန်းမရင်အေးဗိုက်နာနေပြီ၊ မွေးတော့မယ်ထင်တယ်"

"ဟင်! ဟုတ်လားသူကြီး"

ဦးမြကြိုင်မှာ သူငယ်ချင်းဖြစ်သူ ရွှေလှကိုပင်မစောင့်တော့ဘဲ အိမ်ဘက်ကိုကစုန်ဆိုင်းပြေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သံပုံးတွေတီးကြဟေ့"

"မကောင်းဆိုးဝါးတွေ မောင်းထုတ်ကြ"

မည်သူက စ,အော်လိုက်မှန်းမသိသော အသံတွေကို ကြားရသည်။ ထို့နောက်... နတ်ကတော်ဒေါ်စိန်ရင်အိမ်မှ သံပုံး စတီးလိုက်တာကြားရသည်။ တစ်အိမ်ကစတီးတော့ နောက်အိမ်တွေ ပါတီးလိုက်ကြတာ တစ်ရွာလုံး သံပုံးတီးသံတွေ ဆူညံသွားသည်။

"ထွက်... ထွက်"

"မကောင်းဆိုးဝါးတွေထွက်"

အော်သံတွေကိုလည်းမျိုးစုံကြားရသည်။ ရွာတွင်းမှာ အိမ်တွင်းမှာ မကောင်းဆိုးဝါးတွေ၊ နာနာဘာဝတွေရှိနေလျှင် မောင်းထုတ်သည့်သဘောပင်။

ဦးမြကြိုင်မှာ ဆူညံနေအောင်တီးခတ်အော်ဟစ်သံတွေ ကြားမှအိမ်ကိုပြေးလာသည်။ ဒီအသံတွေကြောင့် ကလေးမွေးတော့ မည့်သူ့မိန်းမရင်အေး လန့်များသွားလေမလား။

ပူပန်စိတ်နှင့် ခပ်သွက်သွက်ပြေးသည်။ အိမ်ဝိုင်းကိုလှမ်း မြင်နေရပြီ။

"ဟော"

ဘာပါလိမ့်။ အိမ်ဝိုင်းနားရောက်လို့ လှမ်းကြည့်လိုက်တော့ ဦးမြကြိုင်ရှေ့ခပ်လှမ်းလှမ်းကနေ မည်းမည်းသဏ္ဍာန်တစ်ခုပြေး နေတာကိုတွေ့ရသည်။ လူတော့မဟုတ်။ လူထက်ကြီး၍ အရပ် သည်းလူထက်ရှည်သည်။ သေချာတာက မည်းမည်း အကောင်ကြီး။

"ဟင်!"

www.burmeseclassic.com



ဦးမြကြိုင်ခြေလှမ်းတွေ တန့်သွားပြီးတအံ့တသြ ငေးကြည့်နေမိသည်။ ထိုသို့ကြည့်နေစဉ်မှာပင် ဆူညံသောသံပုံးတီးသံတွေကြားထိုမည်းမည်းသဏ္ဌာန်ကြီးမှာ ဦးမြကြိုင်တို့ခြံဝင်းထဲ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

"ဟော... ဘယ်ရောက်သွားတာလဲ၊ ဒီထဲဝင်သွားတာသေချာပါတယ်၊ အိမ်ထဲဝင်ပြီးပုန်းနေသလား"

ဦးမြကြိုင်မှာ ခြံဝင်းထဲလှည့်ပတ်ကြည့်ပြီး မတွေ့သောအခါအိမ်ထဲဝင်လာခဲ့သည်။

"အူဝဲ အူဝဲ အူဝဲ"

ဦးမြကြိုင်အိမ်ထဲဝင်လိုက်သည်နှင့် ကလေးငိုသံကိုစတင်ကြားလိုက်ရလေသည်။

"မွေးပြီးတော်... ယောကျ်ားလေး"

"အသားလေးတွေက နီစပ်စပ်နဲ့..."

ကလေးငိုသံနှင့် တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေကြားမှာဦးမြကြိုင်တစ်ယောက် စောစောကအဖြစ်အပျက်ကို မေ့သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"နေအုံးဘိုးကြိုင်ရဲ့… ဝမ်းမိုးဖျားတာနဲ့ ခုပြောနေတဲ့ ကိစ္စနဲ့ ဘာဘာဆိုင်လို့တုန်း… ကျုပ်ဖြင့်နားမလည်သေးပါဖူး"

"အားလုံးပြောပြီးရင် ကျုပ်ဘာကိုဆိုလိုချင်တယ်ဆိုတာ မောင်ရင်နားလည်လာပါလိမ့်မယ်လေ"

"ဟုတ်ပါပြီ၊ ဆက်ပြော"

"မောင်နီမွေးပြီးနောက်ပိုင်း ဒီကိစ္စကိုတွေးမိတိုင်း ကျုပ်ဖြင့် တနုံ့နုံ့ပဲ၊ ဒီလိုနဲ့တဖြည်းဖြည်း မောင်နီကြီးလာတော့ မေ့မေ့ပျောက် ပျောက်ဖြစ်သွားတယ်၊ နောက်ပိုင်းထူးဆန်းတာက မောင်နီလိမ္မာတိုင်း အနာတရမဖြစ်တာပဲ"

"ဒါ ဘာဆန်းလို့တုန်းဘိုးကြိုင်ရဲ့၊ အကျတော်လို့ပေါ့"

"မဟုတ်ဖူး၊ မင်းတို့ငယ်ငယ်က အဖြစ်ကိုမမှတ်မိတော့ဖူး ဆင်တယ်၊ အဲဒီတုန်းကသီတင်းကျွတ်လေ၊ နွားလှည်းနဲ့တခြားရွာ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လည်ကြမလို့ ထွက်လာတာ…၊ ဘယ်သူပစ်လိုက်မှန်းမသိတဲ့ ဖျောက်အိုးက တို့နွားလှည်းနားကွဲတော့ နွားကလန့်ပြီး ကဆုန်ဆိုင်း ပြေးပါလေရော၊ လှည်းပေါ်အရင်ရောက်နှင့်နေတဲ့ မောင်နီနဲ့ မောင်ရင့်အစ်ကိုဝင်းမြတို့ပါသွားပြီး ဝင်းမြကလိမ့်ကျပြီးသေတယ်၊ မောင်နီကလိမ့်ကျပေမယ့် ဘာမှမဖြစ်ခဲ့ဖူး"

"အင်း… ကျုပ်မှတ်မိပါတယ်"

"ကံကောင်းလို့ လို့ပြောရပေမယ့် မောင်နီပြောစကားက ဆန်းတယ်လေ၊ သူ လိမ့်ကျသွားတော့ မည်းမည်းအကောင်ကြီးက ဆီးပွေ့လိုက်တာတဲ့…"

"ဟာ… အဲဒီအကြောင်းတော့ ကျုပ်မကြားဖူး"

"ကြားလည်းမင်းတို့အတွက်တော့ မဆန်းဖူးပေါ့၊ ကျုပ်က ကြားကတည်းက ဆန်းနေတာ… နောက်ပိုင်းလည်းဆန်းတာတွေ ကြုံနေရတာပဲ၊ ခြံနောက်ကသစ်ပင်ပေါ်တက်လို့ လိမ့်ကျတော့ လည်း မောင်နီဘာမှမဖြစ်ဖူး၊ မည်းမည်းကြီးခံနေတာလို့ ပြောတယ်"

"ဟာ… အံ့ဩစရာပဲ"

"အေး… နောက်ထပ်အများကြီးရှိသေးတယ်ကွ၊ နောက် တော့ပြောပြမယ်၊ အခု… ကျုပ်မြေးဝမ်းမိုးအကြောင်း ရောက်ပြီ"

"ပြောစမ်းပါဘိုးကြိုင်ရာ၊ ကျုပ်စိတ်ဝင်စားလို့ပါ"

သူတို့ရှေ့ကနေ ဒေါ်မြနှစ်ကဖြတ်သွားတာမို့ ဦးမြကြိုင်က ပြောလက်စ စကားကိုဖြတ်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ပြန်သည်။ ဒေါ်မြနှစ်ဝေးသွားတော့မှ…



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကလူတွေကြောက်မှာစိုးလို့ ကျုပ်ကဒီအကြောင်းတွေကို ဘယ်သူ့မှပြောခဲ့တာမဟုတ်ဖူး"

"ဟုတ်ကဲ့ပါ ဘိုးကြိုင်၊ ကျုပ် နှုတ်လုံပါတယ်"

"အဲဒီညက ခရေပင်ပေါ်ကိုဝမ်းမိုမော့ကြည့်တော့ မည်းမည်းကြီးတွေ့လို့ အော်တာလို့ကျုပ်ကိုပြောပြတယ်"

"ဟာ... ဟုတ်လား"

ဦးဝဏ္ဏကအိမ်ရှေ့တံတားထိပ်မှ ခရေပင်ကြီးဆီ အလန့်တကြားမော့ကြည့်မိသည်။ ထိုစဉ်နောက်ဖက်မှ ခြေသံကြား၍လန့်ပြီးလှည့်ကြည့်တော့ ဝမ်းမိုးကိုတွေ့ရသည်။

"ဟော...လူလေးနိုးလာပြီလား"

"နိုးနေတာကြာပြီ၊ အဘိုးတို့ပြောနေတာတွေ ကျွန်တော်ကြားပါတယ်"

"ဟော!"

"အဘိုးကျွန်တော်ကြောက်မှာစိုးလို့ မပြောတာမဟုတ်လား"

"အေးပေါ့ကွယ်၊ ငါ့မြေးက ရောက်လေရာအခြောက်အလှန့်အမြဲကြုံတတ်သူမို့ စိတ်ထဲအစွဲအလမ်းဖြစ်မှာ စိုးတာနဲ့မပြောတာ"

"ဟုတ်ချင်မှလည်း ဟုတ်မှာပါအဘိုးရာ၊ ကျွန်တော့်အဖြစ်တွေက တိုက်ဆိုင်တာတွေပဲနေမှာပါ၊ ခုတလော... ဘယ်ရွာကမှန်းမသိ သူစိမ်းလူဝင်ထွက်တာတွေ ရွာတိုင်းကြားနေရတယ်၊ ခိုးရင်နွားပျောက်၊ ကျွဲပျောက်၊ စက်ဘီးပါပျောက်ကြသလဲ၊ အဲသလိုမျိုးတွေ ခိုကပ်တာလည်းဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေါ့ ငါ့မြေးရယ်၊ လောကမှာဒါတွေက တကယ်ရှိတယ်"

"အခု... သက်သာရဲ့လား မောင်ဝမ်းမိုး"

"ဟုတ်ကဲ့ဦးလေးဝဏ္ဏ၊ တဖြည်းဖြည်းတော့ သက်သာလာပါပြီ၊ ရောဂါတစ်ခုဖြစ်ရင် ကုရတာကြာတာပေါ့၊ အများထင်သလို ဟိုလိုဒီလိုကိစ္စမဟုတ်ပါဖူး"

"မနက်ဖြန်ဘုန်းကြီးဆွမ်းကပ်ပြီး အန္တရာယ်ကင်းပရိတ်ရွတ်မှာပဲ၊ သေးကင်းပြီပေါ့ကွာ..."

ဦးနီရေချိုးပြီးချိန်မှာ ဦးဝဏ္ဏပြန်သွားသည်။ ထမင်းစားသွားဟုခေါ်တာပင် မစားပဲလုပ်စရာတွေရှိသည်ဆိုကာ ပြန်သွား၏။ ဦးနီက.. ဝမ်းမိုးကိုမြင်တော့

"လူလေးဘာစားချင်တုန်း၊ အဖေသွားဝယ်ပေးမယ်" ဟုပြောသည်။ အမေဒေါ်မြနှစ်က...

"ဆန်ပြုတ်ရှိတယ်၊ တော် လမ်းမရှာနဲ့... ဟွန်း"

ဦးနီက ဘာမျှပြန်မပြောဘဲမျက်လုံးပြူးကြီးဖြင့် ကြည့်နေသည်။ သူကအဖေအဖြစ်ကို ရယ်မိသလိုအဘိုးကလည်း ပြုံးနေလေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နေမကောင်းတဲ့ရက်တွေမှာ အိမ်ထဲအိပ်ချည်းနေခဲ့ရတော့ ျင်းရိ ညောင်းချိနေတာပဲ။ နှလန်ထစ ရက်မှာ ရွာတွင်းဟိုနား၊ သည်နားလျှောက်တော့ လက်ဖက်ရည်ကြမ်းသောက်ဖို့ ခေါ်တဲ့ အိမ်တွေ များတယ်။ နှလန်ထလာတဲ့လူမမာမို့ ကျွေးသမှုအကုန် ားတာပဲ။

မောင်ဆန်းတို့ အိမ်ဖက်ရောက်တော့... မောင်ဆန်းရဲ့ ညီငယ်ပေတူးက သူ့ကိုမြင်တာနဲ့ လှမ်းပြောတယ်။

"အစ်ကိုမောင်ဆန်းရှိတယ်ဗျ"

"ဟေ! လယ်ထဲမသွားဖူးလား"

"အဘက ကော့ရွာသွားခိုင်းထားလို့လှည်းပြင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဝမ်းသာအားရနဲ့ အိမ်ထဲဝင်ခဲ့တယ်။ သူ့ကိုမြင်တော့ မောင်ဆန်းက...

"ငါအခုပဲ ကော့ရွာသွားတော့မလို့..."

"အေး... ငါလည်းလိုက်မယ်"

"ဟ! ဖြစ်ပါ့မလားကွ"

"ဖြစ်တယ်"

"အရီးကငါ့ကို ဆူနေပါဦးမယ်ကွာ၊ ကောင်းကောင်းကျန်းမာသေးလို့လား"

"မင်းနဲ့တောင် နပမ်းလုံးနိုင်နေပြီ"

သူ့စကားကြောင့် မောင်ဆန်းကရီတယ်။ ငယ်တုန်းကဆို သူနဲ့မောင်ဆန်းက ရန်ဖြစ်ရင်နပမ်းလုံးနေကျပဲကိုး။

"မင်းကဒီရွာမှာမွေးပေမယ့်... မြို့ကြီးမှာပဲ ကြီးလာသူဆိုတော့ လှည်းစီးရင်လှည်းဆောက်တဲ့ဒဏ်မခံနိုင်တာ ငါသိတယ်ဝမ်းမိုး"

မကြိုက်တာတော့အမှန်ပင်။ ဒါပေမယ့်... ဒီရေမြေမှာမွေးပြီး ဒီရေမြေကျေးဇူးကြောင့် လူလုံးလှခဲ့တာ ကျေးဇူးကန်းဥပေက္ခာမပြုနိုင်ပါ။

"မင်းလည်းယောကျ်ား၊ ငါလည်းယောကျ်ား၊ မင်းတောင်ခံနိုင်သေးတာ ငါကဘာလို့မခံနိုင်ရမှာလဲ"

"မင်းကနေမကောင်းထားတာလေ"

"ဟော့ကောင်မောင်ဆန်း၊ စကားမများနဲ့ မြန်မြန်သွားမယ်ဝတ်မှုံနဲ့ တွေ့ပြီးပြန်မှာ"

www.burmeseclassic.com

www.burmeseclassic.com



“ဟော! မင်းသူတို့အိမ်ဝင်ရဲသလား”

“ဟ! ဘာလို့မဝင်ရဲရမှာလဲ”

“သူ့အဖေကဆိုးတယ်၊ ငွေဂုဏ်မောက်တယ်၊ ကြောက်စရာကောင်းတယ်တဲ့...”

“သူ့ကိုဘာလုပ်လို့လဲကွ၊ ငါတို့ကသူ့သမီးနဲ့ ကျောင်းကိစ္စပြောတာပဲ”

“ဩော်... အေးလေ၊ မင်းလိုပညာတတ်ကိုတော့ သဘောကျမှာပါ”

အဲဒါနဲ့သူလည်းကော့ရွာကို လိုက်သွားတယ်။ ဝတ်မှုံကို လွမ်းလှပြီ။ သိပ်လည်းတွေ့ချင်တာပဲ။ ဒါကြောင့်... မောင်ဆန်းညီပေတူးကို သူ့အိမ်သွားပြောခိုင်းလိုက်တယ်။ ဒါမှအိမ်ကစိတ်မပူမှာ...။

“မင်းတစ်ခါတည်း ပြန်လိုက်ခဲ့နော်ဝမ်းမိုး၊ ငါ့ကိစ္စကတစ်နာရီလောက်ပဲကြာမှာ... တစ်ယောက်တည်းချန်နေခဲ့ပြီး မိုးချုပ်မှပြန်လာဖို့ စိတ်မကူးနဲ့...”

“အေးပါကွ၊ မင်းလုပ်စရာရှိတာလုပ်၊ ငါဝတ်မှုံတို့ အိမ်ဝင်နေခဲ့မယ်၊ ပြီးရင်ရွာလယ်က လက်ဖက်ရည်ဆိုင်ကြီးမှာစောင့်နေမယ်”

သူကမောင်ဆန်းလှည်းပေါ်က ခုန်ချပြီးဝတ်မှုံတို့အိမ်ဝိုင်းရှိရာလျှောက်လာခဲ့တယ်။ မြို့ကြီးပြကြီးလို နှစ်ဆယ့်လေးနာရီသော့ခတ်မထားတဲ့ခြံဝင်းထဲကို ဒီအတိုင်းပဲဝင်လာခဲ့တယ်။ အိမ်ထဲရောက်ရင်တွေ့တဲ့လူကို ဝတ်မှုံရှိသလားမေးလိုက်ရုံပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်လောက်ဆိုလယ်တောက ပြန်မရောက်ကြသေးတဲ့ သူကများလို့အိမ်တိုင်းလူနည်းနေတယ်။ ဒါပေမယ့်ဝတ်မှုံတို့အိမ်မှာ ဝတ်မှုံရှိတယ်၊ ဝတ်မှုံရဲ့အမေ၊ အဘိုး၊ အဘွား၊ ကလေးငယ်အချို့နဲ့ အပျိုပေါက်အချို့ရှိနေကြတယ်။

သူ ဝင်သွားတော့အဲဒီလူအုပ်စုဟာ တစ်စုံတစ်ရာကိုဝိုင်းကြည့်နေကြတယ်။ ဒီတော့... သူ ဝင်လာတာကိုမမြင်ကြဖူး၊ ဒါနဲ့... သူက...

"မြဝတ်မှုံရှိပါသလားခင်ဗျာ"

သူ့အသံကြောင့် အားလုံးဝိုင်းကြည့်လာကြတယ်။ သူ့ကို ရုတ်တရက်မြင်လိုက်ရတော့ အားလုံးအံ့ဩနေကြသေးတယ်။ နောက်မှဝတ်မှုံက...

"ဟယ် ဝမ်းမိုး၊ နင် နေကောင်းသွားပြီလား"

"ကောင်းသွားပြီ၊ ငါနေမကောင်းတာဘယ်လိုသိတာလဲ"

"အရီးနဲ့ လူလေးအဖေဘိုးနီ၊ မနက်ကရွာထဲမှာတွေ့တယ် လေ၊ ဘိုးနီမလာတာကြာလို့ မေးတော့လူလေးဖျားနေလို့ လို့ပြောသွားတယ်"

ဝတ်မှုံရဲ့အမေကဝင်ရှင်းပြတယ်။ သူက...

"ဘာတွေဝိုင်းအုံကြည့်ပြီး ဆွေးနွေးတိုင်ပင်နေကြတာလဲ"

"ခစ်"

သူ မေးလိုက်မှဝတ်မှုံက 'ခစ်' ခနဲရီတော့တာပဲ။ ဝိုင်းအုံ ကြည့်နေတဲ့အရာကို သူလှမ်းကြည့်လိုက်တော့ အပေါ့်စွန့်တဲ့ (မယဉ်မကျေးပြောရရင် ရှူးပေါက်တဲ့) ပလပ်စတစ်အိုးလေးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်။ ဒါရီစရာတော့ မဟုတ်သေးဖူး။

"အဘွားအတွက်လား"

"အမလေး၊ အဘွားလားအဲဒါနဲ့ သွားခိုင်းလို့ရမှာ..."

"ဝတ်မှုံကသူ့အဘကိုမှာလိုက်လို့ မြို့သွားတော့ ဝယ်ခဲ့ပေးတာကိုအခု... အဲဒါကြည့်ပြီး ရီနေတာပဲလူလေးရဲ့..."

"ဟင်! နင်မှာလိုက်တာဟုတ်လား၊ နင်က အကောင်းကြီးပဲဟာ၊ အိမ်သာထိသွားပေါ့"

"ဟယ်... နင်ကလည်း၊ မသိဘဲစွတ်ပြောနေတယ်၊ ငါဝယ်ခိုင်းတဲ့ 'ပေါက်တဲ့အိုး' ဆိုတာ အဆိုတော် အေသင်ချိုဆွေရဲ့ သီချင်းခွေ 'ပေါက်တဲ့အိုး' စီးရီးကိုပြောတာဟဲ့..."

"ဟော!"

"ဟား ဟား ဟား ဟား"

အဲဒီတော့မှ သူလည်းသဘောပေါက်သွားပြီး ရီမိတော့တာပေါ့...။ ဒါပေမယ့်... ခေတ်နဲ့အဆက်ပြတ်နေတဲ့လူကြီးတွေအဖို့ရော၊ ဒီကလူငယ်တွေအဖို့ ဝတ်မှုံပြောတာကို နားမလည်သလို၊ သူ ရယ်တာကိုလည်း သဘောမပေါက်ကြဖူး။

"ဟော... လုံမက ဘာရီမှန်းမသိဖူးအောက်မေ့တာ... လူလေးကပါ ရီနေပြန်ပြီ"

ချစ်ရသူရဲ့မိသားစုစကားဝိုင်းလေးထဲ ဝင်ပါရင်းသူ ပျော်ရွှင်သွားတယ်။

"လူလေးက ဘယ်လိုဖြစ်ပြီး နေထိုင်မကောင်းဖြစ်ရတာတုန်း၊ ဒီကအပြန်ဖြစ်တာဆို..."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးအဘွား၊ နောက်နေ့မှဖြစ်တာပါ"

"လူလေးက တယ်နတာကိုး... စာပေသမားဆို"

"ဝါသနာပါတာပါခင်ဗျာ၊ ဘာမှမဖြစ်မြောက်သေးပါဘူး"

"သူများတွေတောင်ဖြစ်သေးတာ... ဖြစ်မှာပေါ့"

သူ ဘာမှပြန်မပြောတော့ပါဘူး။ ဝတ်မှုံအမေက...

"ဒီလာရင်တော့ ထမင်းစားပြီးမှပြန်ရမှာပဲ၊ ဟဲ့... ကလေးတွေ အပြင်ထွက်ဆော့ကြတော့... ဒီမှာဧည့်သည်နဲ့ လူကြီးတွေစကားပြောနေတယ်"

သူကစားပဲစားပြီး လက်ချည်းသာလာခဲ့ရတာမို့ အလွန်အားနာနေမိတယ်။

"ဟဲ့... ဝမ်းမိုး၊ ငါကြားတာကတော့ ဒီတစ်ခါလည်း နင်သရဲအခြောက်ခံရတာဆို..."

"အလကားပါဟာ"

"နင်ကဖြင့်ဟယ်... မြို့မှာကျောင်းသွားတက်တုန်းကလည်း အဆောင်မှာနင်ပဲ သရဲအခြောက်ခံရတယ်ဆိုတဲ့ သတင်းကြားနေရတာပဲ"

သူနဲ့ဝတ်မှုံတို့ရဲ့ စကားပြောနေပုံကိုလူကြီးတွေက ပြုံးပြီးငေးကြည့်နေကြတယ်။ သဘောကျနေကြတဲ့ပုံပါပဲ။

"ဒါနဲ့... လူလေးက ကောင်းကောင်းနေမကောင်းသေးဘဲ နဲ့ဘာကိစ္စများရှိလို့လဲ"

ဒီလိုရုတ်တရက်ကြီးမေးတော့ သူဖြေရခက်သွားတယ်။ ဒါနဲ့... စိတ်ထဲပေါ်လာတဲ့အတိုင်း ပြန်ဖြေလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မြို့ပြန်သွားတော့မလို့ပါခင်ဗျာ"

"ဟော! ကျောင်းတက်ရတော့မှာလား"

"ကျောင်းဖွင့်ဖို့က လိုပါသေးတယ်၊ ကျွန်တော့်ရဲ့စာပေလုပ်ငန်း လုပ်စရာရှိလို့ပါ၊ ပြီးတော့..."

သူက ဆက်မပြောသေးဘဲ ဝတ်မှုံမျက်နှာကို လှမ်းကြည့်လိုက်သည်။ ဝတ်မှုံက ဘာပါလိမ့်ဆိုတဲ့အကြည့်နဲ့ ပြန်ကြည့်လာတယ်။

"ဝတ်မှုံ့အတွက်လည်း သတင်းတစ်ခုပြောမလို့..."

"ဟင်! ဘာသတင်းလဲ"

"လုပ်ငန်းအတွေ့အကြုံရအောင်လို့ ပုဂ္ဂလိကဆေးခန်းတစ်ခုမှာအလုပ်စမ်းလုပ်ကြည့်မလား"

"ဟယ်... ကျောင်းလည်းမပြီးသေး၊ လိုင်စင်လည်းမရှိသေးဘဲနဲ့..."

"သူနာပြုအကူပဲလေ၊ ဆေးပေး၊ သွေးပေါင်ချိန်ပေးရုံဆိုရပြီ၊ ပြီးတော့..."

သူက ဆက်ပြောဖို့ခက်ခက်နဲ့ ခေါင်းကိုကုတ်နေမိတယ်။ သူ့ အခက်အခဲကိုဝတ်မှုံက ဝင်ကူလိုက်တယ်။

"ငါသိပါတယ်ဟာ... အီတလီစီးရီးအေ၊ ပရီးမီးယားလိဂ်၊ စပိန်လာလီဂါတွေ မဟုတ်လား"

"အေးလေ၊ နင် အတော်များများတောင်လွတ်နေပြီမဟုတ်လား"

ဝတ်မှုံ့အိမ်က သူတို့ပြောနေတာတွေကို ကျောင်းစာတွေလို့

www.burmeseclassic.com

www.burmeseclassic.com



ထင်မှာပဲ။

"ဒါပေါ့ဟ... ငါလည်းရွာမှာနေရတာ ဘာမှမလေ့လာဖြစ်ပါဖူးဟာ၊ လူကသင်ထားတဲ့ ပညာတွေတောင်မေ့တော့မယ်၊ အင်္ဂလိပ်စာသင်တန်းတွေလည်း တက်ရဦးမယ်၊ ဆေးပညာလောကဆိုတော့ အင်္ဂလိပ်စာလေ့လာနိုင်လေ အကျိုးရှိလေပဲလေ"

ဘောလုံးဝါသနာအိုးဆိုတော့ သူဆင်တဲ့အကွက်ထဲ တန်းဝင်တာပဲ။ ဟုတ်တယ်။ ရွာမှာနေရတာမလွတ်လပ်ဖူး။ တစ်အိမ်နဲ့တစ်အိမ် အပ်ကျတာလေးကအစသိကြတော့ ဝတ်မှုံကို တွေ့ချင်တိုင်းတွေ့လို့မလွယ်ဖူး။ မြို့မှာဆိုသူငယ်ချင်း အချင်းချင်း ရုပ်ရှင်သွားကြည့်ဖို့ခေါ်လည်း အဆင်ပြေတယ်။ အဆောင်သွားလည်လည်း အေးဆေးပဲ။ ဘောလုံးပွဲအတူသွားလည်းလွယ်တယ်။ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်ကြိုက်ရာအတူထိုင်သောက် ပြဿနာမရှိဖူး၊ မဆန်းဖူး။

ဒီမှာက ဒီလောက်ထိမလွယ်သလို၊ လူနေမှုဝန်းကျင်က လက်ခံဖို့ခက်နေသေးတယ်။ ဝတ်မှုံအနေနဲ့ အဘတို့၊ ဦးကြီးတို့ မျက်နှာ၊ မောင်တွေ၊ အစ်ကိုတွေမျက်နှာနဲ့ အရဲမကိုးရဲတာ အမှန်ပဲ။

"ငါတို့ရွာက အေးအေးသက်ဆို ကျောင်းပိတ်တာ ရွာတောင် ခဏမပြန်မလာဖူးဟ၊ သင်တန်းတွေတက်နေခဲ့တာ..."

"ဟုတ်သားပဲ၊ တို့တွေပြန်လာတော့ သူ့ကိုမတွေ့ဖူး"

ရွာနီးချုပ်စပ်တွေက တက္ကသိုလ်သွားတက်မယ့် လူနည်းစု လေးမှာ ကားလမ်း၊ ရထားလမ်းတိုက်ရိုက်ပေါက်သော ရွာကြီးတွင် စုပြီးအတူသွားကြတာများတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို... လုံမလည်းသွားချေတော့လေ၊ ရွာမှာဒီလောက် နေရတော်ရောပေါ့၊ ပညာသာသွားသင်ပါကွယ်"

ဝတ်မှုံအဘွားက ပြောရှာတယ်။ ပညာတတ်စေချင်တာကိုး...။ ဝတ်မှုံကလည်း ဘောလုံးပွဲစဉ်တွေကြည့်ချင်တာနဲ့ သွားချင်နေပြီ။ သူ့အမေနဲ့အဘွားကတော့ ပရီးမီးယားလိဂ်ဆိုတာ ကျောင်းသင်ခန်းစာတွေလို့ပဲ ထင်မှာသေချာတယ်။

"ကျွန်တော်ကထမင်းလာစားတာကျနေတာပဲ အဘွားရယ်"

သူ့စကားကြောင့် အားလုံးရယ်ကြတယ်။ ထမင်းစားသောက်ပြီးတော့သူက...

"ကလေးတွေကို ကြံရည်တိုက်ချင်လို့... ကျွန်တော် ခေါ်သွားမယ်အဒေါ်"

"အိုတော်... လူလေးပိုက်ဆံတွေ ကုန်ပါ့မယ်"

"နေ့တိုင်းကုန်တာမှမဟုတ်တာ... အဒေါ်နဲ့ အဘွားပါ လိုက်ခဲ့ပါ၊ ပျော်ပျော်ပါးပါးပေါ့"

"တော်ပါပြီကွယ်၊ လူလေးတို့သာ သွားကြပါ၊ မြို့ပြန်ရင် ဝတ်မှုံကို စောင့်ခေါ်သွားနော်လူလေး"

"ဟုတ်ကဲ့ပါခင်ဗျာ၊ တစ်ရက်၊ နှစ်ရက်ဆိုရွှေဖြူရွာ သွားပြီး ရထားလက်မှတ်ဖြတ်ရင် ဝင်ခဲ့ပါ့မယ်"

မျက်နှာပူပူနဲ့ပဲ ပြောရတော့တယ်။ ဝတ်မှုံမျက်နှာကလည်း ပြုံးစိစိနဲ့ပေါ့။

ဩော်... ချစ်ရတာလည်း မလွယ်ပါလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

သူ အိမ်ပြန်ရောက်တော့ မိသားစုတွေစုံပြီးထမင်းစားနေကြတယ်။ အဖေဦးနီကိုပါတွေ့ရတယ်။ ဘယ်ရွာမှာမှညမအိပ်ဘဲပြန်လာပုံပဲ။ သူ့ကိုမြင်တော့... အဘိုးက

"လူလေးက ကော့ရွာသွားလှချည်လားကွယ့်၊ ဘာလဲ... ရီးစားသနံများတွေ့နေပြီလား" လို့မေးတယ်။

"မဟုတ်ပါဖူးအဘိုးရာ၊ ကျွန်တော့်လိုမြို့မှာကျောင်းတက်တဲ့သူရှိလို့... ကျောင်းကိစ္စကြောင့် သွားတာပါ"

"ဦးဘလင်းရဲ့ သမီးလေးမဟုတ်လား"

"ဟုတ်တယ်အဖေ"

"ကောင်မလေးက မြို့သူမင်းသမီးတွေလိုလှတယ်။ သူ့အဖေဘလင်းက ငွေမက်တယ်။ ကော့ရွာသူကြီးသား ကျော်စိုးက ကောင်မလေးကို တောင်းခိုင်းနေတယ်တဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူလန့်သွားတယ်။ ဒါတွေ သူမှ မသိတာ...။

"မင်းဦးလေး ထမင်းမစားသေးဖူး၊ မင်းကိုစောင့်နေတာ..."

"ကျွန်တော်အဲဒီအိမ်က စားခဲ့ပြီ"

"ဟော!"

"မောက်မာတဲ့ဘလင်းက ကြည်ဖြူတယ်ပေါ့..."

"အဲသလိုတော့မဟုတ်ဖူး၊ မြို့သွားရင် သူ့သမီးကို ကြည့်ရှုပေးစေချင်တဲ့ သဘောလောက်ပဲ"

"ဒါပဲနေမှာပေါ့"

"သန်းအောင်ရေ... လာဟေ့... တစ်ခါတည်းစားလိုက်ကော့... မင်းတူက စားခဲ့ပြီတဲ့..."

"ဟွင်း... ကျုပ်ကဖြင့် ဆာရဲ့နဲ့သူ့စောင့်နေတာ"

"ဦးလေးကလည်း... အဲသလိုမစောင့်ပါနဲ့လို့ ပြောထားတာပဲဗျ၊ ဆာရင်စားနှင့်မှပေါ့"

"ကျုပ်ကဖြင့်ကိုယ့်တူလေးကို ချစ်လွန်းလို့ အဆာခံစောင့်တာ... သူကဖြင့်... အရေးမလုပ်ပေါင်ဗျာ"

"ဟာ... မဟုတ်တာ ဦးလေးကလည်း၊ ကဲပါဗျာ၊ မြန်မြန်စား၊ ခုနစ်နာရီဆို ဦးလေးကြိုက်တဲ့ကြီးမြတ်သူတို့ နှလုံးသားကိုးရိုးယားကား လာတော့မယ်"

တီဗွီနဲ့ အာရုံလွှဲလိုက်မှပဲ ဦးလေးဖြစ်သူငြိမ်သွားတယ်။ အရင်ကဆိုလယ်ထဲက စောစောပြန်ရောက်လို့ထမင်းစားရင်း အခွေထိုးကြည့်ပြီး တီဗွီရှေ့ထိုင်စားတာ...။ အခုတော့ အဲသလို



www.burmeseclassic.com

www.burmeseclassic.com



မစားတော့ဖူး။

ဒါလည်းအကြောင်းရှိတယ်။ ဓာတ်လမ်းကြည့်ရင် ခွေတွေမှာ ကြော်ငြာတွေပါတယ်မဟုတ်လား။ အဲဒီထဲက ကျန်းမာရေးပညာပေးကြော်ငြာတစ်ခုမှာ မသန့်ရှင်းတဲ့ရေအကြောင်း ကြော်ငြာလည်းပါတယ်။ ကလေးတွေက မစင်စွန့်လျှင်ရေထဲ စွန့်တာ၊ ကျွဲနွားတွေရေထဲဆင်း ကျီးဆေးပေးတာ၊ လူတွေအဝတ် လျှော်တာတွေပေါ့။

အဲဒါတွေပြပြီး လှေကလေးနဲ့စုံတွဲတစ်တွဲ ရေလယ်မှာ ကြည်နူးနေကြတယ်။ အမျိုးသားက ကျီစယ်တဲ့အနေနဲ့ အမျိုးသမီး ကို ရေနဲ့လှမ်းကော်ပက်ဖို့ ရေထဲလက်နှစ်လိုက်တဲ့အချိန် မစင်တုံး ကြီးကော်လိုက်မိတယ်။

မစင်တုံးကြီးကလည်း ရေနဲ့နူးပြီးပွနေတာဟာ တကယ့်ကို ရွံစရာ၊ အော်ဂလီဆန်စရာကြီးပဲ။

ဒီအတိုင်းဓာတ်လမ်းကြည့်နေရင်း အဲဒီကြော်ငြာမဝင်ဖူး။ ဟော... ထမင်းစားပြီဆို အဲဒီကြော်ငြာလာပြီ။ လာရုံတင်မကဖူး အဲဒီနေရာရောက်ရင်ခွေက ထစ်ပြီးရပ်နေတော့တာ.. တိုက်ဆိုင် တာမှအမြဲတမ်းလိုလိုပဲ။

အဲဒီကတည်းကဦးလေးခမျာ နှလုံးနာလွန်းလို့ အခွေ ကြည့်ရင်း ဘယ်တော့မှထမင်းမစားတော့တာ။

အခုလည်းဓာတ်လမ်းတွဲမမီမှာစိုးလို့ ထမင်းမြန်မြန်စားပြီး တီဗွီရှေ့ထိုင်တယ်။ ဦးလေးထိုင်ပြီး သိပ်မကြာဖူး ဓာတ်လမ်း လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်ကျရောပဲ"

ကျေးဇူးရှင်ဦးလေး ဒီလိုပျော်နေရင်သူကျေနပ်ပြီ။ ဇာတ်လမ်းအပိုင်းတစ်ပိုင်းကို ခုနစ်နာရီကနေ ရှစ်နာရီထိ တစ်နာရီကြာတယ်။ အဲဒီအတွင်းမှာ ကြော်ငြာကသုံးခါဝင်တယ်။ တစ်ခါဝင်ရင် ဆယ်မိနစ်နီးပါးပဲ။

ဒီတော့...

တကယ်ဇာတ်လမ်းကြည့်ရတာက နာရီဝက်လောက်ရှိတာ။ သူ့လည်းပျင်းပျင်းနဲ့ ထိုင်ကြည့်နေရင်းသရုပ်ဆောင်တွေက ကောင်းလွန်းတော့ ဇာတ်လမ်းထဲမျှောသွားတယ်။

"ဗျို့ ကိုရင်သန်းအောင်"

အိမ်ရှေ့က ဦးလေးကို ခေါ်တဲ့အသံကြားရတယ်။ဦးလေးက တော့ မကြားဖူး။ ဒီအချိန်ဘာခိုင်းခိုင်း ရမှာလည်းမဟုတ်ဖူး။

"ဟဲ့ သန်းအောင်၊ အပြင်ကခေါ်နေတယ်၊ စပါးပွဲစား လှမြင့်ထင်တာပဲ"

အမေကလှမ်းပြောမှ ဦးလေးကြားတာ။

"ဟာ... ဒီအချိန်မှကွာ..."

"မောင်လှမြင့်လားဟေ့... ဝင်ထိုင်ဦးလေကွာ"

အဘိုးကလှမ်းခေါ်တယ်။

"မထိုင်တော့ဖူး ဘိုးကြိုင်၊ တခြားအိမ်တွေလည်း ဝင်စရာရှိသေးတယ်။ ကိုသန်းအောင်ကိုပိုက်ဆံဝင်ပေးတာ..."

ဦးလေးခမျာ မထမဖြစ်တော့ဖူးလေ။ ငွေကြေးကိစ္စ၊ စပါးကိစ္စမဟုတ်လား၊ ဒါနဲ့ မကျေမနပ် အောင့်သီးအောင့်သက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထသွားရတယ်။

ဦးလေးက ထသွားတာအေးအေးဆေးဆေး ထမသွားဘဲ ဘာလုပ်သွားတယ် ထင်ပါသလဲ။

"ကျုပ်ပြန်ထိုင်မှပဲ ဆက်ကြည့်မယ်၊ လွတ်သွားမှာစိုးလို့..."

အဲသလိုပြောပြီး တီဗွီကိုပိတ်သွားတယ်။ ကျန်တဲ့မိသားစုဝင်တွေက ဘာပြောမှာလဲ။ ဦးလေးပြောသမျှ အဟုတ်ပေါ့။ သူကသာ ခွက်ထိုးခွက်လန်ရယ်မိတယ်။

"အဟား ဟား ဟား၊ ခွီး ခွီး အစ်"

သူ့ကို အားလုံးကတအံ့တသြကြည့်လာကြတယ်။ အစ်မရဲ့ကလေးတွေကဆိုမျက်လုံးပြူးကလေးတွေနဲ့ ငေးကြည့်လို့ပေါ့။

"ဘာပါလိမ့်တော်"

အမေက အဲသလိုပြောတယ်။ ဦးလေးက ကိစ္စကိုအမြန်ရှင်းပြီးတီဗွီရှေ့ပြန်ရောက်လာတယ်။ ပြီးတော့... ဦးလေးထသွားတုန်းပိတ်ထားခဲ့တဲ့ တီဗွီကိုပြန်ဖွင့်တယ်။ ဖွင့်တော့ အားဆေးကြော်ငြာလာနေပြီ။

"ဟင်! ဘာဖြစ်သွားတာတုန်းဟ"

"ဦးလေးရယ်၊ ဒီကတီဗွီပိတ်လိုက်တာနဲ့ ဇာတ်လမ်းကရပ်နေတာမဟုတ်ဖူး၊ ဒါကရန်ကုန်ရုပ်မြင်သံကြားစက်ကနေ တစ်နိုင်ငံလုံးအတူတူ တစ်ချိန်တည်းပြပေးနေတာဗျ"

"ဟိုက်... သောက်ကျိုးနည်း၊ သွားရော"

"အဘိုးလေးလုပ်တာနဲ့ ကျုပ်တို့ပါလွတ်သွားပြီ"

အစ်မကလေးတွေက ပွစိပူညံကုန်သည်။ ကျန်တဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com


ကလည်းဝိုင်းပြောကြတာပေါ့။

"ဟုတ်ပါ့တော်၊ သန်းအောင်လုပ်လိုက်မှဖြင့်"

"ကျုပ်လည်းဘယ်သိပါ့မလဲ အစ်မရာ"

"ကဲပါ၊ ကျွန်တော် ဒီခွေထွက်ရင်မြို့ကနေ ပါးလိုက်ပါ့မယ်၊ အဲဒီအခါမှ အစဆုံးပြန်ကြည့်ကြပေါ့"

ဒီတော့မှကျေနပ်ပြီးငြိမ်သွားကြတယ်။ ဖြစ်ပုံကတော့ မပြောချင်ပါဖူး။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

ရွှေဖြူရွာကို ရထားစီးဖို့သွားတော့ အစ်ကိုဖြစ်သူ မိုးကြိုးနဲ့ အဘိုးကလှည်းနဲ့ လိုက်ပို့တယ်။ မောင်ဆန်း၊ စိန်လုံနဲ့ တိုးမြင့်မောင်တို့ကော့ရွာထိ လိုက်ပို့ပြီးပြန်သွားကြတယ်။ ဒီအချိန်ဘယ်သူမှ အလုပ်တွေအားကြတာမဟုတ်ဖူး။

"ငါတော့ ကျောင်းဖွင့်ခါနီးမှ လာခဲ့တော့မယ်ကွာ၊ ခု— အိမ်မှာ အလုပ်တွေများတယ်မဟုတ်လား"

စိန်လုံက ကျောင်းပိတ်ချိန်လေး အိမ်ကိုကူရတော့ သူလို ကြိုမသွားနိုင်ဖူး။ ဦးလေးကျေးဇူးကြောင့်သာ သူ့ဘဝက ဖြောင့် ဖြူးသာယာနေတာ...။

"တိုးတက်မှုမရှိတဲ့ မင်းအချစ်ရေးကြီးနဲ့ အချိန်ကုန်တာပဲ အဖတ်တင်တယ် ဝမ်းမိုးရာ..."

စိန်လုံက သူ့ကိုတီးတိုး ကပ်ပြောတယ်။ သူလ



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေတိုးတက်မှုရှိမရှိ၊ သိချင်ရင်မပြန်ဘဲစောင့်ကြည့်ပေါ့ကွာ"

မစောင့်နိုင်လို့ပြန်သွားကြတော့ ဝတ်မှုံကိုဝင်ခေါ်တာမတွေ့လိုက်ဖူးပေါ့။

"ဝမ်းမိုးငါသိတယ်နော်"

မောင်ဆန်းက ကျောရှာအဝင်ကနေ လှည့်ပြန်ရင်း အော်သွားတယ်။

သိတာကို တိတ်တိတ်ကလေးမနေဘဲ အော်သွားတာ။ ဝတ်မှုံတို့ အိမ်ဝိုင်းရှေ့ရောက်တော့ အစစအဆင်သင့် ဖြစ်နေတာကိုတွေ့ရတယ်။ ဝတ်မှုံတို့က လှည်းနှစ်စီးတောင် ပြင်ထားတယ်။

လိုက်ပို့သူတွေထဲမှာ ဝတ်မှုံအမေလည်းပါတယ်။ လှည်းသုံးစီးတန်းစီထွက်ခဲ့တော့ လက်ပြနှုတ်ဆက်သူတွေက ဒုနဲ့ဒေးပဲ။ လှည်းလမ်းဘေးလယ်ထဲက လူတွေကလည်း ဟစ်အော်နှုတ်ဆက်ကြတယ်။

"ဝတ်မှုံရေ... မြို့ကပြန်လာရင် ဓါတ်ပုံတွေရိုက်ခဲ့နော်..."

မတင်ကြည်တစ်ယောက်လယ်ကွင်းထဲကနေ လှည်းလမ်းပေါ်တက်လာပြီး နှုတ်ဆက်တယ်။

"ကိုရင်ဝမ်းမိုး၊ ကျုပ်တို့ရွာတွေအကြောင်း ဘုတ်အုတ်ထဲဝါအောင် ထည့်ရေးနော်..."

သူ ဟက်ဟက်ပက်ပက်ရယ်မောရင်း စိတ်ချမတင်ကြည်လို့ပြန်ပြောမိတယ်။

"ဝတ်မှုံရေ... ကျုပ်တို့လိုက်မပို့နိုင်တာ စိတ်မဆိုးနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ညည်းပြန်လာမှ ရွှေဖြူဘူတာထိလာကြိုမယ်"

အေးမနဲ့ ခင်သန်းက ဝတ်မှုံကိုနှုတ်ဆက်လှမ်းအော်နေကြတယ်။ ဝန်းကျင်တစ်ခွင်ဟာ ကျွတ်ကျွတ်စီညံနေတာပေါ့။ အားလုံးနဲ့ တဖြည်းဖြည်းဝေးသွားတော့မှ အစ်ကိုမိုးကြိုးက စကားစလာတယ်။

"မတင်ကြည်က ဘယ်ရွာကလဲ"

"ထန်းပင်ကုန်းက"

"အဲဒီရွာကိုခဏခဏ ထန်းရည်သွားသောက်တာပဲ၊ သူ့ကိုငါ တစ်ခါမှမမြင်ဖူးဘူး"

"ကော့ရွာမှာပဲ အလုပ်လာလုပ်ရင်းနေတာကိုး... ဝတ်မှုံနဲ့ ညီအစ်မနစ်ဝမ်းကွဲတော်တယ်"

"ငါကြိုက်တယ်"

"ကျွန်တော့်အသိတွေထဲတော့ မလုပ်ပါနဲ့အစ်ကိုရာ... မျက်နှာပျက်စရာဖြစ်နေမယ်"

"ငကြိုး... မင်းပြဿနာမရှာနဲ့နော်"

"အဘိုးကလည်း... ဒါဆို ကျုပ်က မိန်းမမယူရတော့ဖူးလား"

"မင်းလိုလက်ကျောကမတင်း၊ မူးရူးနေတဲ့ကောင် ဘယ်သူကယူမှာတုန်းကွ..."

"ကျုပ်ထက်ဆိုးတဲ့ကောင်တွေတောင် မိန်းမရလို့ ကလေးတွေမှ တစ်ပုံကြီးပဲ..."

"မင်းကမကောင်းတဲ့သူတွေနဲ့ပဲ လိုက်ပြိုင်နေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



နေပူလို့ လိုက်မပို့နဲ့ပြောတာကိုမရဘဲ အဘိုးကလိုက်ပို့တယ်။ သူတို့တစ်တွေအပေါ် အဘိုးရဲ့ချစ်ခြင်းက ကြီးမားလှပါတယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

ရွှေဖြူရွာကြီးကို သူတို့အဖွဲ့တွေရောက်တော့ ဘူတာရုံလေးဟာ လူရော၊ ပစ္စည်းရော ပြည့်ကြပ်ဆူညံသွားတယ်။ ဒါကို မြင်တော့ ဘူတာရုံလေးက ဝန်ထမ်းတစ်ယောက်က သူတို့အဖွဲ့ကို လက်ညှိုးထိုးပြီး တစ်စုံတစ်ရာကို အမူအရာနဲ့ပြသွားတယ်။ ထိုလူညွှန်ပြတဲ့အရာက မြေဖြူနဲ့ရေးထားတဲ့ စာတမ်းတစ်ခု။

အားလုံးလှည်းကြည့်ပြီးပထမဦးဆုံးအသံထွက် ဖတ်လိုက်သူက အစ်ကိုမိုးကြိုး...။

"ဘာတဲ့... ခွေးမသား၊ ပေါက်ထားသည်တဲ့... ဘယ်သူက ဒီနေရာလာပေါက်ထားလို့လဲ၊ သေးပေါက်တာများ ပေါက်စရာရှားလွန်းလို့... ဘူတာရုံထဲမှ လာပေါက်ရသလား၊ တော်တော့်ကို အကျင့်မကောင်းတာပဲ"

နံရံမှာမြေဖြူခဲနဲ့ ရေးထားတဲ့စာတမ်းကို သူရော၊ ဝတ်မှုံ

www.burmeseclassic.com

www.burmeseclassic.com



ရော ဖတ်ပြီးသွားပြီ။ ဒါကြောင့်... အစ်ကိုမိုးကြိုး ဖတ်လို့လည်း ဆုံးရော နှစ်ယောက်သားရယ်တော့တာပေါ့။

"ဟား ဟား ဟား ဟား"

"ဟင်း ဟင်း ဟင်း ဟင်း"

သူတို့နှစ်ယောက်ရယ်တာကိုအားလုံးက ငေးကြည့်နေကြတယ်။ ရုပ်ရှင်ရိုက်နေတာများ မှတ်သလားမသိဖူး။

"မင်းတို့နှစ်ယောက်ကဘာရီတာလဲ"

"အစ်ကို့ကို အထင်သေးပြီးဟားတာမဟုတ်ဖူးနော်၊ အစ်ကို ဖတ်လိုက်တာကို ရယ်ချင်လို့ရယ်လိုက်တာ..."

"ပြောစမ်းပါလေ၊ ညီအစ်ကိုအချင်းချင်း စကားပလင်တွေ ခံမနေပါနဲ့... ဘာလို့ရယ်ချင်တာလဲ"

"ဟိုမှာရေးထားတာ.. "ခွေးမသား ပေါက်ထားသည်" မဟုတ်ပါဖူး၊ ခွေးမက သားပေါက်ထားလို့ခွေးကိုက်မခံရအောင် "ခွေးမ, သားပေါက်ထားသည်" ဆိုပြီး သတိပေးစာရေးထားတာပါ"

"ဪ... ဟုတ်လား၊ သိပါဖူးကွာ... ဟားဟားဟား"

အဲဒီတော့မှအားလုံးရယ်ကြပြန်တယ်။ အဘိုးက...

"ဒါကြောင့် ပညာကိုတတ်အောင်သင်လို့ ပြောတာပေါ့၊ မင်းက ပညာရေးစိတ်မှမဝင်စားတာကိုး ၊ ပညာတတ်တာနဲ့ မတတ်တာ ဘာကွာလဲဆိုတာအခုသိပြီလား"

"တော်ပါအဘိုးရာ၊ ကျုပ်အဲဒီစာတွေ မကျက်ချင်ဖူး၊ ကျုပ် မဖတ်တတ်တော့လည်း ဖတ်တတ်တဲ့သူကဖတ်ပြလိမ့်မပေါ့၊ ပြီးတာပဲ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟွင်း.... မင်းလိုကောင်ကတော့ကွာ..."

အဘိုးနဲ့အစ်ကိုတွေ့ရင်ဒီလိုပဲ။ ရိုးနေပြီ။ သူကအဘိုးနဲ့ အစ်ကို့ကိုကြည့်ပြီးရယ်နေမိတယ်။

"မင်းနှမကို အစစဂရုစိုက်ပေးပါအုံးလူလေးရယ်၊ ဒီနှစ်မှ သေချာအပ်ရတော့တယ်"

ဝတ်မှုံအမေက သေချာမှာတယ်။ သူကလည်း သေချာ စောင့်ရှောက်ပေးပါ့မယ်လို့ အထပ်ထပ်ကတိပေးလိုက်တယ်။

ကိုယ့်ချစ်သူမှ ကိုယ်မစောင့်ရှောက်ရင် ဘယ်သူကစောင့်ရှောက်မှာလဲ။ ဟုတ်ဖူးလား ကိုယ့်ဆရာ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အင်တာဗျူးခန်းထဲကထွက်လာပြီး အပြင်ရောက်တော့လည်း အင်တာဗျူး ပြန်ဖြေနေရတယ်။ အခန်းထဲဖြေခဲ့တဲ့ အင်တာဗျူးက အလုပ်အင်တာဗျူး၊ အပြင်မှာမေးသမျှ ဖြေနေရတဲ့ အင်တာဗျူးကချစ်သူက မေးလို့ဖြေရတဲ့အင်တာဗျူး…။

အဲ … ချစ်သူဆိုလို့သိပ်လည်းအထင်ကြီးမသွားနဲ့ဦး။ ချစ်သူဆိုတာ သူ့ဘက်ကတစ်ဖက်သတ်ချစ်နေခဲ့ရတဲ့ချစ်သူကို ပြောတာ…။

"သူတို့မေးချင်ရာလျှောက်မေးပြီးတော့…နောက်ဆုံး မေးတာက လုပ်ငန်းအတွေ့အကြုံရှိလားလို့မေးတာ…"

"အဲဒီတော့ … နင်က ဘာပြန်ဖြေလိုက်သလဲ"

www.burmeseclassic.com

[redacted]

## ☺ ထူးမြတ်ကြွယ် ☺

"စက်ရုံရှေ့ကဖြတ်လျှောက်ဖူးတယ်" လို့ ဖြေလိုက်တယ်။

"ဟယ်... သေလိုက်ပါလား၊ ခစ် ခစ်"

ရယ်နေတဲ့ဝတ်မှုံကိုသူငေးမောကြည့်နေမိတယ်။ မျက်နှာလေးက ချေမွတ်လှပပြီးနုဖတ်နေတာပဲ။ ဒီလိုနုနယ်လှပတဲ့ ကောင်မလေးကဘောလုံးကစားတာကို ဘာလို့ အရူးအမူးနှစ်သက်နေရတာလဲ။

သူ့ကိုနံဘေးမှာထားပြီး သူ့ထက်ဘောလုံးပွဲတွေကိုပို ချစ်မြတ်နိုးနေတယ်။

"နင်သာဘောလုံးသမားတစ်ယောက်ဖြစ်ရင် သိပ်ကောင်း မှာပဲ ဝမ်းမိုး"

သူသာ ဘောလုံးသမားဖြစ်ရင် ချက်ချင်းအဖြေပေးပြီး ချစ်သူဖြစ်လိုက်မှာလို့ ပြောင်မပြောရုံတစ်ခုပါပဲ။ ညော် . .ဝတ်မှုံ ရယ်။

"ကမ္ဘာကျော်ဘောလုံးသမားမဟုတ်ရင်တောင်၊ အာရှ ငွေကြယ်ပွင့်တစ်ယောက်မဟုတ်ရင်တောင်၊ မြန်မာလက်ရွေး စင်လောက်ဖြစ်ရင် သိပ်ကောင်းမှာပဲဝမ်းမိုးရယ်"

ဒီလိုမှန်းသိရင်မွေးကတည်းက ဘောလုံးကန်ခဲ့ပါတယ်။ ခုချိန်မှတော့ရပ်ကွက်အသင်းမှာတောင် ဘောလုံးကိုထိအောင် ကန်နိုင်မှာမဟုတ်ဘူး။ ဒါတောင်... ခုနောက်ပိုင်းဘောလုံးပွဲတွေ ကြည့်ဖြစ်လို့ ဘောလုံးအကြောင်း နည်းနည်းပါးပါးသိလာတာ။

ဒါပေမယ် ... ချစ်သူရဲ့ ငယ်ငယ်တုန်းကအိပ်မက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ဖြစ်မှမဖြစ်နိုင်ပဲလေ။

www.burmeseclassic.com

[redacted]

www.burmeseclassic.com



ချစ်သူရဲ့ငယ်ငယ်တုန်းက အိပ်မက်ထားလို့ သူ့ဘဝရဲ့ ငယ်ငယ်တုန်းကအိပ်မက်တောင် ဝေဝေဝါးဝါးဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ခုဆိုရင် သူနဲ့ဝတ်မှုံတို့နှစ်ယောက်လုံးတက်ရောက်နေတဲ့ တက္ကသိုလ်တွေ ကိုယ်စီပြီးသွားကြပြီ။

စိန်လုံကတော့... သူ့အိမ်ကအလုပ်တွေကူရမှာမို့စာမေးပွဲပြီးပြီးချင်းပြန်သွားတယ်။ သူကတော့ရရာအလုပ်တစ်ခု ဝင်လုပ်ပြီး ဝါသနာပါတဲ့စာပေကို လုပ်မယ်ဆိုပြီး အဆောင်ပြောင်းနေပြီး ကျန်နေခဲ့တယ်။

ဝတ်မှုံကတော့ဘယ်ဆေးရုံမှာပိုစတင်ကျမလဲဆိုတာ စောင့်ရင်းသူ့ အဒေါ်အိမ်မှာနေနေတယ်။ သူ့အဒေါ်အိမ်မှာစလောင်းကလှွင့်တဲ့ဘောလုံးပွဲတွေ ညလုံးပေါက်ထိုင်ကြည့်လည်းဘာမှ မပြောဖူး။

ကွင်းထဲကိုတိုက်ရိုက်သွားကြည့်ရမယ့် ပြည်တွင်းပွဲတွေ၊ တချို့နိုင်ငံတကာပွဲတွေကြည့်ချင်ရင်တော့ သူနဲ့အတူသွားကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု… သူကစက်ရုံကစ်ခုမှာ အလုပ်လျှောက်ထားလို့ အင်တာဗျူးခေါ်တာနဲ့လာဖြေတာ…။ ပြီးမှဝတ်မှုံနဲ့တွေ့ပြီး ဝတ်မှုံကိုပြန်ပြောပြနေရတာပေါ့။

"အင်တာဗျူးကတော့အောင်တော့မှာပဲ"

"ဘာဖြစ်လို့လဲဝတ်မှုံ"

"နှင့်လုပ်ငန်းအတွေ့အကြုံက စက်ရုံရှေ့ကတော့ ဖြတ်လျှောက်ဖူးတယ်ဆိုတာကိုး …"

"ဟုတ်တယ် ဘယ်သူကမွေးကတည်းက တတ်လာမှာလဲ၊ ငါတို့ကခုမှတက္ကသိုလ်က ပညာသင်ပြီးတာလေ၊ လုပ်ငန်းအတွေ့အကြုံဆိုတာစလုပ်ပြီးမှရှိမှာမဟုတ်လား။"

"ဒါတော့ …ဟုတ်တာပေါ့"

"အဲဒါကြောင့် အမြင်ကပ်လို့တမင်ရွဲ့ဖြေခဲ့တာ"

"နှင်ဟာလေ …"

ဝတ်မှုံကတော့ ပိုစတင်ကျူတာကိုစောင့်ရင်း သူ့အဒေါ် ဆိုင်မှာကူလုပ်နေတယ်။ သူကတော့ခုထိအလုပ်မရသေးဘူး။ အသုံးစရိတ်ကတော့ ဦးလေးကပို့ပေးနေတာပဲ။ ဒီကြားထဲမှာ သူ့ဝတ္ထုတိုလေးတစ်ပုဒ်စ၊ နှစ်ပုဒ်စမဂ္ဂဇင်းမှာပါလာတော့ မိသားစုတွေခမျာ ဂုဏ်ယူလို့မဆုံးဘူး။

ဦးလေးဆို မဂ္ဂဇင်းစာအုပ်ကြီးကိုင်ပြီး တစ်ရွာလုံးအနှံ့လိုက်ပြတယ်တဲ့။

ခက်တာက ဖြိုးဖြိုးဖျောက်ဖျောက်ပါနေတဲ့ ဝတ္ထုစာမူ လေးနဲ့အလုပ်ကမရသေးတော့ အမြဲငွေ့သားထိုင်စားနေရတာကို



www.burmeseclassic.com

www.burmeseclassic.com



အားနာလာတယ်။ နေရတာ တစ်ရက်၊ နှစ်ရက်၊ တစ်လ၊ နှစ်လ မဟုတ်ဖူးမဟုတ်လား။ ဝတ်မှုံကိုတွေ့ချင်တိုင်း တွေ့ခွင့်ရနေတာကိုတော့ ကျေနပ်ပျော်ရွှင်နေရတယ်။

"ဝတ်မှုံ"

"ဟင်း"

နားလည်ရခက်တဲ့မိန်းမတွေထဲမှာ ဝတ်မှုံကထိပ်ဆုံးက ပါနေတယ်။

"ဒီခေတ်မှာ ငါ့လို ဖွဲ့ကောင်းကောင်းနဲ့စောင့်ချစ်နေတဲ့လူ ရှိပါ့မလား"

"အမလေး၊ ပေါလွန်းလို့၊ ပြပေးရမလား"

"တော်ပါတော့၊ ယုံပါတယ်။ ဒါပေမယ့် ... စိတ်ထဲမှာတော့ ငါတစ်ယောက်တည်းလိုပဲ"

"အမှန်က စောင့်ရတာမကြာပါဘူးဝမ်းမိုးရဲ့"

"ဘာဖြစ်လို့လဲ"

"နင်ချစ်တာက စောတာကိုး"

"အွန်"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့... တစ်နေ့မှာ စိန်လုံဆီက စာတစ်စောင်ရောက် လာတယ်။ စာတစ်စောင်သာဆိုရတာ စာမျက်နှာ လေးမျက်နှာ ရှိတယ်။ အစဆုံးဖတ်ကြည့်လိုက်တော့ ဆိုလိုရင်းကတစ်ခုပဲ။ သူပြန်လာရင်ကောင်းမယ်ဆိုတာပါပဲ။

ဒီကိစ္စက သူ့ခေါင်းထဲမှာ မရှိမဟုတ်ဘူး၊ ရှိတယ်။ ကိုယ့်အိမ်မှာ နိုင်ရာဝင်ကူလုပ်ပြီး အေးအေးလူလူ စာရေးလို့ ရတယ်။ ပြီးမှမဂ္ဂဇင်းတွေပို့ပေါ့။

ခက်တာကဝတ်မှုကိုထားခဲ့ပြီး သူတစ်ယောက်တည်းပြန်ဖို့ ဆိုတာနှလုံးသားက လုံးဝလက်မခံဖူးဖြစ်နေတယ်။ ဒီ့အတွက် သူ တော်တော်လေးဦးနှောက်ခြောက်နေတာပေါ့။

ခုချိန်သူ တို့ရွာတွေမှာ ဘယ်လောက်အလုပ်များသလဲ ဆိုတာသူအသိဆုံး မဟုတ်လား။ မိသားစုဝင်တွေတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မှအားရတာမဟုတ်ဘူး။

စိတ်ညစ်ညစ်နဲ့လောကကြီးကိုကျောပေးအိပ်နေတုန်း အဆောင်ရှေ့ကဖုန်းလာတယ်ပြောလို့ ဝုန်းဆိုထလာခဲ့တယ်။ သူ့ဆီကလာစရာဖုန်းဆိုလို့ ဝတ်မှုံဆီကပဲရှိတာ။ သူ့အိမ်ကလူတွေ ဖုန်းဆက်ချင်ရင် ကောှရွာထိသွားရမှာ။ အဲဒါထက်ဖုန်းဆက်ဖို့ အင်မတန်ကြောက်ကြတယ်။ ဘာမှန်းကိုမသိဘူး။

"ဟဲ့... ဝမ်းမိုး"

ဖုန်းကိုင်လိုက်တာနဲ့ ဝတ်မှုံအသံလေးကိုကြားရတယ်။

"အေး ... ပြောဝတ်မှုံ၊ ဘာလဲ..."

"နင် အပြင်ထွက်ခဲ့အုံး၊ ထိုင်နေကျအအေးဆိုင်ကနေ ငါစောင့်နေမယ်"

ကြိမ်စကြာနဲ့ရိုက်ခေါ်ရင်တောင် ကြာဦးမယ်။ ခုတော့ ဖုန်းချပြီးတာနဲ့ ရှတ်ဆိုထွက်ခဲ့တယ်။

အအေးဆိုင်ရောက်တော့ ဗာဒံပင်အောက်ကခုံကို ရွေးထိုင်ပြီး ဝတ်မှုံကိုစောင့်တယ်။ ဝတ်မှုံပြောတုန်းက အအေးဆိုင်ကစောင့်နေမယ်ပြောပေမယ့် တကယ်စောင့်ရတာက သူ...။

အအေးဆိုင်ဆိုတော့ ရေနွေးကြမ်းတစ်အိုးပြီးတစ်အိုး တောင်းသောက်ရင်း စောင့်လို့လည်းမရတော့ ဒီအတိုင်းငုတ်တုတ်ပေါ့။ လက်ဖက်ရည်ဆိုင်ထဲကျဝတ်မှုံက တစ်ယောက်တည်း ဝင်မလာရဲဘူးတဲ့လေ။

ခဏကြာတော့ နေခြည်နုနုအောက်မှာ ခပ်ပါးပါး အရိပ်ကလေးတစ်ခု မျောလွင့်လာတာကိုတွေ့ရတယ်။ အရိပ်လေးက

www.burmeseclassic.com

www.burmeseclassic.com



အနားရောက်တော့ ခရီးရောက်မဆိုက်ပြောလာတယ်။

"ငါတို့ရွာပြန်ကြစို့ဝမ်းမိုး"

"ဟေ"

"ဟုတ်တယ်။ ဒီနှစ်သင်္ကြန်မှာ ရွာပေါင်းစုံအကအဖွဲ့ပြိုင်တွေရှိတယ်။ အဲဒါထက်အရေးကြီးတာက ရွာပေါင်းစုံဘောလုံးပြိုင်ပွဲပဲ"

ဝတ်မှုံသာပါလို့ကတော့ ဘယ်ကိုပဲသွားရ၊ သွားရ မမှုပါဘူး။ ခုဟာက... သူလည်းပြန်ချင်နေတာဆိုတော့ အတော်ပဲဖြစ်သွားတယ်။

"ဒီလိုရွာပေါင်းစုံဘောလုံးပြိုင်ပွဲကြီးတွေမရှိတာကြာပြီမဟုတ်လား။ ငါတို့ငယ်ငယ်တုန်းကကြဲဖူးတာဘယ်လောက်ပျော်စရာကောင်းသလဲ၊ နောက်ပိုင်းမလုပ်ကြတော့လို့သာ ... အခု ငါ့ဆန္ဒပြည့်သွားပြီ"

"ပြန်ကြမယ်လေ၊ ငါကတော့ ဘာမဆိုနင့်သဘောပဲ"

"ဒီမယ် ဝမ်းမိုး"

"အင်း"

"နေအုံး၊ ဖြည်းဖြည်းမှပြောမယ်၊ မောလိုက်တာ... အအေးအရင်သောက်ရအောင်၊ နင်သောက်ပြီးပြီလား ဝမ်းမိုး"

"ဟော့အအေး၊ နင်မလာသေးဘဲ ဘယ်တုန်းကအရင်သောက်နင့်လို့လဲ"

"အေးပါ၊ တို့ လိမ္မော်ရည်သောက်ရအောင်"

သူက လိမ္မော်ရည်နှစ်ခွက်မှာလိုက်တယ်။ အအေး ရောက်



www.burmeseclassic.com

www.burmeseclassic.com



မလာခင်သူက စကားစလိုက်တယ်။

"ဝတ်မှုံ"

"ဟင်!"

"သကြ်န်ရွာပေါင်းစုံအကပြိုင်ပွဲတွေလုပ်ရင် နင်ဝင်မကနဲ့"

"ဟင် ဘာဖြစ်လို့လဲ"

"နင့်အလှကို ယောကျာ်းတကာဝိုင်းမကြည့်စေချင်လို့ပေါ့ဟာ"

"ဟင်း ဟင်း ဟင်း ဟင်း"

"ဟိုးအရင်ကလည်း တားပိုင်ခွင့်မရှိပေမယ့် ငါအမြဲတားခဲ့တယ်၊ ဒါပေမယ့် နင်ကလည်းအမြဲဝင်ကခဲ့တာပဲ၊ ခုလည်း ထပ်တားပါရစေ ... မကနဲ့"

"အမျိုးသမီးဘောလုံးသမားကောင်းတစ်ယောက်ဖြစ်ချင်ခဲ့တာ... ငါအိမ်ကအပြင်းအထန် တားမြစ်ပိတ်ပင်ခဲ့တယ်။ အကကျတော့လည်း နင်ကတားတယ်၊ ကောင်းကြပါပေတယ်"

ဝတ်မှုံ့စကားကြောင့် သူဘာပြန်ပြောရမှန်းမသိဘဲဖြစ်သွားတယ်။ ဝတ်မှုံလုပ်ချင်တာတွေတားပြီး၊ မလုပ်ချင်တဲ့ သူနာပြုဆရာမတော့လုပ်ခိုင်းခဲ့ကြတာအမှန်ပဲ။

"နင်ပြောစရာရှိတယ်ဆိုတာပြောလေ ဝတ်မှုံ"

"အေးပြောမယ်... နင့်ကိုငါ အဖြေပေးဖို့စဉ်းစားထားတယ် ဝမ်းမိုး"

"ဟာ တ... တကယ်လားဝတ်မှုံ၊ ဘယ်တော့လဲ၊ အခုလား"

www.burmeseclassic.com



"မဟုတ်ဖူး"

"ဟင်နင်ကလည်း"

"ငါပြောမယ်၊သေချာနားထောင် ဝမ်းမိုး"

သူ့ရင်တွေတထိတ်ထိတ်ခုန်လာတယ်။ ဟုတ်တယ်လေ။ တကယ်အမှန်ပြောရရင် ဝတ်မှုံအေးနေရတဲ့သူ့ဘဝဟာ ဘာတစ်ခုမှမပိုင်ဆိုင်ရပါပဲ (ခပ်ရိုင်းရိုင်းပြောရရင်) ကောက်ရိုးပုံစောင့်တဲ့ ခွေးပဲပေါ့။ မဟုတ်ဖူးလား။

"နင် ဘောလုံးသမားတစ်ယောက်ဖြစ်ရင် နင်လိုချင်တဲ့ အဖြေ ချက်ချင်းပေးမယ်"

"ဟာ ... မဖြစ်နိုင်တာ ...ကွင်းတွေထဲမှာ ကန်နေတဲ့ ဘောလုံးအစစ်ကိုတောင် ငါကကိုင်ဖူးတာမဟုတ်ဖူး"

"ငါလည်း အရမ်းလောဘမကြီးပါဖူး ဝမ်းမိုးရယ်၊ ငါပြောတဲ့ဘောလုံးသမားတစ်ယောက်ဆိုတာ ရွာပေါင်းစုံပြိုင်မယ့် ဘောလုံးပြိုင်ပွဲကြီးမှာ နင်တို့ရွာရဲ့အသင်းမှာ ဝင်ကန်ရင်ရပါပြီ"

ဒါလောက်ဆို မဆိုးဘူးလို့သူတွေးမိတယ်။ ရွာဘောလုံးပြိုင်ပွဲမှာက ဘယ်သူမှသိပ်ကန်တတ်တဲ့လူမပါဖူး။ အများစုက မကန်ဖူးတဲ့သူတွေချည်းပဲ၊ ကြည့်ရတာတောင် ရယ်နေရတာ မဟုတ်လား။

"ပြိုင်ပွဲမှာ နင်တို့ရွာ နိုင်နိုင်၊ ရှုံးရှုံးအရေးမကြီးဖူး၊ နင် ဘောလုံးသမားဖြစ်ရင်ရပြီ၊ ငါလေ ငါကိုယ်တိုင်ဘောလုံးမကန်ရရင်တောင် ဘောလုံးသမားဆိုတဲ့လူတစ်ယောက်ရဲ့ချစ်သူဖြစ်ခွင့်ရချင်တယ်။ အဲဒါ ... ငါ့ရဲ့ချဉ်ချင်းတပ်မှုပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့, ဝတ်မှုံကိုအတော်လေးသနားသွားတယ်။ တကယ်တမ်းပြောရရင် သူကမှ ငယ်ငယ်တုန်းကအိပ်မက်ကိုလုပ်ခွင့်ရနေသေးတယ်။ အောင်မြင်တာ၊ မအောင်မြင်တာနောက်ထား၊ လုပ်နေရတယ်မဟုတ်လား။

"နင်ပြောတဲ့ ... သကြန်မှာ ဝင်မကနဲ့ဆိုတာကို ငါနားထောင်ပါ့မယ်"

"ဝတ်မှုံရယ်"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သင်္ကြန်အကပြိုင်ပွဲမှာ ဝတ်မှုံက သူမ ကတိအတိုင်း တကယ်ပဲဝင်မပြိုင်ခဲ့ပါဖူး။ အဲဒါကြောင့်ကော့ရွာကလူတွေကအလှဆုံးတစ်ယောက်လျှော့သွားပြီဆိုပြီး စိတ်ဆိုးကြသတဲ့။

ဒါပေမယ် ... ဝတ်မှုံမပါတဲ့ကော့ရွာယိမ်းအက အသင်းဟာအချောအလှတွေပါပဲ။ ကြိုးစားလွန်းလို့ အကကလည်းကောင်း၊ လူကညီဆိုတော့ ဆုရမှာသေချာပါတယ်။

အဲ ... တကယ့်ပြိုင်ပွဲနောက်ဆုံးနေ့ကျမှပဲ ယိမ်းကတဲ့တစ်ယောက်က ကြမ်းကျွံကျလို့ အကကိုဘယ်လိုမှလိုက်ညှိမရတော့ဘဲ ပထမဆုနဲ့လွဲခဲ့ရတယ်။

ဒီလိုနဲ့ ... သင်္ကြန်ကာလဟာပြီးဆုံးသွားတယ်။ သင်္ကြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်ပိုင်းနွေဟာပိုပြီးပူလာတယ်။ ဒါပေမယ့် ... အပူကိုအံတုပြီး လုပ်ကိုင်စားသောက်နေကြရတာပဲ။

လာမယ့်ရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကြီးအတွက် လောလောဆယ်လူအရင်စုတယ်။ လူရွေးတာမဟုတ်ဖူးနော်လူစုတာ။ ရွာတိုင်းက ကိုယ်လို၊ သူလိုရွာတွေချည်းပါပဲ။ အားလုံးက တောသူတောင်သားလယ်သမားတွေမဟုတ်လား။ မြို့ကြီးမှာ ကျောင်းသွားတက်နေတဲ့သူတောင် ဘောလုံးနဲ့ထိဖူးတာမှ မဟုတ်တာ။ ကလေးဘဝတုန်းကတော့ အုန်းသီးခြောက်ကို ဘောလုံးလုပ်ပြီး လိမ့်ကန်၊ လုကန်ခဲ့ဖူးတယ်။

အားလုံးထဲမှာ အသာဆုံးကတော့ ရွှေဖြူရွာကြီးပဲပေါ့။ လူအင်အားတောင့်တယ်။ ဘုန်းကြီးကျောင်းနဲ့ စာသင်ကျောင်းတွဲလျက်ဝင်းကြီးထဲမှာ ဘောလုံးပွဲလုပ်လို့ရတဲ့ ကွင်းကျယ်ကြီးရှိတယ်။ အထက်တန်းကျောင်းလည်းရှိတယ်။

ဟိုးတုန်းက ရွာပေါင်းစုံဘောလုံးပြိုင်ပွဲတွေကျင်းပရင် အဲဒီကွင်းကို ဘောလုံးကွင်းအဖြစ်အသုံးပြုခဲ့ကြတာပဲ။

"ကျုပ်တို့ရွာက တက္ကသိုလ်ကျောင်းသားနှစ်ယောက် ပါမှာဆိုတော့ ရွှေဖြူရွာကြီးပြီးရင် ကျုပ်တို့ကန်တစ်ရာရွာက အင်အားအတောင့်တင်းဆုံးပဲ"

သူကြီးက ရွာရဲ့စည်းဝေးပွဲမှာ အဲသလိုဝင့်ဝင့်ကြွားကြွားရင်ကော့ပြီးဆိုတယ်။ တက္ကသိုလ်ကျောင်းသားနှစ်ယောက်ဆိုတာ သူနဲ့စိန်လုံကိုပြောတာ... ။

"အသက်ကြီးသွားလို့သာပေါ့သူကြီးရာ၊ ကျုပ်သာ ဝင်

www.burmeseclassic.com



ကန်နိုင်ရင် ရွှေဖြူရွာကြီးကကောင်တွေမနိုင်ပါဖူးဗျာ”

သူ့အဖေဦးနီကဝင်ပြောတယ်။

သူကြီးက ...

“လူမပြည့်ရင်တော့ ခင်ဗျာလည်းဝင်ကန်ရမှပဲ ဘိုးနီ”

“ပြည့်လို့တောင်ကျော်လို့ အရံတွေထားနိုင်ပြီ”

“အင်း၊ ခင်ဗျားအိမ်ကကို ဝမ်းမိုးနဲ့မိုးကြိုးညီအစ်ကို နှစ်ယောက်စလုံးကန်မှာနော်”

“ဟုတ်ပ”

ဦးဝဏ္ဏကတော့ အဖေ့ထက်ငယ်တယ်ထင်ရပြီး နှုတ်ခမ်းမွေးဖျတ်လတ်၊ သန်မာတာမို့ဝင်ကန်မှာ... သူတို့အပိုင်းက သူတို့ညီအစ်ကိုနှစ်ယောက်ရယ်၊ ဦးဝဏ္ဏ၊ မောင်ဆန်း၊ စိန်လုံ၊ တိုးမြင့်မောင်၊ ဖိုးသက်နဲ့ဆို ခုနစ်ယောက်ရနေပြီ။ အသင်းရဲ့ လူအင်အားတစ်ဝက်ကျော်တယ်။

“ဟော့... ကော့ရွာကလည်းသတိထားရမယ့်ရွာစာရင်းထဲမှာပါတယ်နော်၊ သူတို့က ငွေအင်အားတတ်နိုင်တော့ မြို့ကနည်းပြကို ငှားမယ်လို့ကြားတယ်”

“ငှားစမ်းပါစေလေ၊ ကော့ရွာမှာမိန်းမချော၊ မိန်းမလှလေးတွေပဲပေါတာ၊ ဘောလုံးကန်မယ့်ယောက်ျားသားကရှားတယ်။ ကျုပ်တို့ရွာအသင်းကိုဘယ်လိုမှမယှဉ်နိုင်ပါဖူး”

“တစ်ဖက်အသင်းကို အထင်မသေးတာကောင်းတယ် ဘိုးနီရ၊ မြွေခြောက်ကိုက်တယ်ဆိုတဲ့စကား ခင်ဗျာကြားဖူးတယ် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com

# ☺ ထူးမြတ်ကြယ် ☺

ဒီအချိန်ဒီကာလက သက်ဆိုင်ရာရွာအားလုံးဘောလုံးကိစ္စဟာ နေ့စဉ်ပြောဖြစ်၊ လုပ်ဖြစ်နေကြမှာအမှန်ပဲ။

"ကဲ... လူရွေးပြီးရင်စတင်လေ့ကျင့်ကြပေတော့၊ ဘောလုံးကမြို့နယ်အား/ကာရံက လှူထားတာ"

လေ့ကျင့်ဖို့အတွက်ကတော့ရွာရဲ့တောင်ပိုင်း၊ မြောက်ပိုင်းခြားထားတဲ့ကွက်လပ်ပါပဲ။ ကွက်လပ်ကိုနေရာချဲ့ရှင်းလင်းပြီး၊ ဂိုးတိုင်တွေလည်း လုပ်ထားတယ်။

အဲ... ပြဿနာက ဒီမှာစတာ... ။

"လူကတော့ရှိပြီ၊ ဘယ်သူတွေက ဘယ်နေရာလဲ"

နည်းပြမရှိ၊ ခေါင်းဆောင်မရှိဆိုတော့အဆင်ပြေသလိုလုပ်ရတာပဲ၊ ဒီနေရာမှာနည်းပြမရှိတောင် အသင်းခေါင်းဆောင်တော့လိုလာပြီ။

သူက...

"ဘောလုံးကန်တာအရင်လေ့ကျင့်ကြတာပေါ့၊ ကန်တတ်တဲ့စွမ်းရည်ပေါ်ကြည့်ပြီး နေရာချမယ်..."

နောက်ဆုံးတော့သူ့ကိုပဲ အသင်းခေါင်းဆောင်တင်မြှောက်ကြတယ်။ သူက နဂိုကတည်းက အနအရွစာပေသမားဆိုတော့ ဒီလိုကြမ်းတမ်းတဲ့ကစားနည်းကို မကစားချင်ဘူး။ သူ့ခန္ဓာကိုယ်ကိုပုရွက်ဆိတ်ကိုက်တာတောင် မခံချင်တာ။ မတော်တဆထိခိုက်ကျိုးပဲ့သွားမှာ အကြောက်ဆုံးပဲ။

ဒီတော့ အသင်းခေါင်းဆောင်အာဏာရသွားတဲ့ သူ့အဖို့ သက်သက်သာသာနေနိုင်မယ့် ဂိုးသမားနေရာ သူ့ကိုယ်သူရွေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

အမြန်ဆုံးတတ်လွယ်ပြီး၊ ကန်ချက်ပြင်းတဲ့ စိန်လုံကို တိုက်စစ်မှူးနေရာကထားလိုက်တယ်။ ကျန်တဲ့လူကိုတော့ အဆင်ပြေသလို ကြည့်နေရာချထားပေးလိုက်တယ်။

ဘောလုံးရဲ့နည်းဥပဒေကို ဦးဝဏ္ဏတို့တစ်တွေ ရှေ့ဖြူရှာသွားပြီး ညှိနှိုင်းကြတာပေါ့။ တကယ့်ပွဲကြီးတွေလို အတိအကျကြီး မဟုတ်ပေမယ့် စည်းကမ်းအတိုင်း လုပ်ရတာပဲ။

အဲဒီမှာ သူ စတက်တဲ့ပြဿနာက ဒီလိုပါ။

သူ့စိတ်ကြိုက်ရွေးခဲ့တဲ့ ဂိုးသမားနေရာနေမှ အခက်တွေ့တော့တာပါပဲ။

ဘောလုံးကို လိမ်ခေါက်ဆွဲပြေးလာပြီး ကစ်ပြင်းပြင်းနဲ့ ဂိုးသွင်းတော့မယ့် စိန်လုံကိုတွေ့ရင် သူ့ဒူးတွေတုန်ပြီး ဘာလုပ်ရမှန်း မသိဘူး။

ဘောလုံးကို စိန်လုံကန်လိုက်ပြီဆိုတာနဲ့ သူတစ်ချိုးတည်း လှည့်ပြေးတော့တာပဲ။ အဲဒီတော့ဘောလုံးက ဂိုးပေါက်ထဲ ဝင်ပြီပေါ့။

"ဟ! ဟိတ်ကောင် ဝမ်းမိုး... ဂိုးသမားက ဘောလုံးမဖမ်းဘဲ ဘယ်ကိုပြေးတာလဲ၊ ဂိုးအလျှော့ပေးနေတာလားကွ"

တစ်သင်းလုံးနှစ်ဖက်ခွဲပြီး လေ့ကျင့်ကစားနေကြရာက သူ့ကို တစ်ယောက်တစ်ပေါက်ဝိုင်းပြောလာကြတယ်။

"မဟုတ်ဘူး စိန်လုံ၊ ငါက တမင်မဖမ်းတာမဟုတ်ဘူး။ မင်းတို့ဂိုးသွင်းစွမ်းရည် ထက်မြက်လာအောင်လုပ်ပေးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောတော့ ကျေနပ်သွားကြတယ်။
ဒါပေမယ့်... ရေရှည်တော့ မဖြစ်ဖူးမဟုတ်လား။

■ ■ ■

"နင်ကလည်း ဝမ်းမိုးရယ်။ ဘာလို့ဂိုးဖမ်းတဲ့နေရာ ယူမှာလဲ။ ဂိုးသမားဘဝက တစ်ဖက်အသင်းမကောင်းရင် ဘောလုံးနဲ့လက် ထိတောင်ထိလိုက်ရတာ မဟုတ်ဘူး။

ဝတ်မှုံနဲ့တွေ့ဖြစ်တော့ အဲသလိုပြောလာတယ်။

"ဟင် နင်ကလည်း၊ ဂိုးသမားလည်း ဘောလုံးသမားပဲဟာ"

"ဟွန့်...ငါပြောတဲ့ဘောလုံးသမားက ခြေထောက်နဲ့ကန်တဲ့ ဘောလုံးသမားကို ပြောတာ..."

"ဂိုးသမားလည်း ဂိုးလွန်ဘောဆို ခြေထောက်နဲ့ ကန်တာပဲ"

"အဲဒါ၊ နင်ဆင်ခြေပေးတာ"

ချစ်သူက အလိုမကျတော့ အလိုကျအောင် နေရာပြောင်းကန်ရတော့တာပေါ့။

ဒီတော့ ... သူ့ကို "အသင်းခေါင်းဆောင်ကလည်း အမျိုးမျိုးပဲ" ဆိုပြီး ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြောကြပါစေလေ။ ချစ်သူအတွက် အပြောခံရတာ တန်ပါတယ်။

■ ■ ■

ဒီကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကြီးပြီးရင် အစ်ကို မိုးကြိုးက မိန်းမပေးစားဖို့ ပြောတယ်။ သိတဲ့အတိုင်း ဝတ်မှုံရဲ့ အစ်မနှစ်ဝမ်းကွဲ မတင်ကြည်ပေါ့။

"ဓာတ်လမ်းတွေထဲမှာကျတော့ မင်းသားတွေကို မိဘတွေ က မိန်းမပေးစားရင် အိမ်ကနေထွက်ပြေးကြတာပဲ။ အဖေနဲ့အမေ၊ ကျုပ်ကိုသာ မိန်းမပေးစားစမ်းပါဗျာ၊ ကျုပ် ထွက်မပြေးပါဖူး၊ စိတ်ချ"

အစ်ကိုမိုးကြိုးက သူ့ဖာသာ ဆိုးတေပေမယ့် ရည်းစား စကားမပြောရဲသလို၊ ရည်းစားစာလည်း မပေးရဲဘူး။

"ဒါဆို မင်းကို ကော့ရွာတောင်ပိုင်းက မုဆိုးမဒေါ်မြပု သမီး အထွေးနဲ့ ပေးစားမယ်"

"ဟာ... တော်စမ်းပါ အဖေရာ၊ အဲဒီ... တောမရောက် တောင်မရောက်ဟာကြီးတော့ မလိုချင်ပါဖူး၊ ကျုပ်ပြောတာက ထန်းပင်ကုန်းရွာသူ မတင်ကြည်ဗျ"

"ငါသိပါတယ်ကွာ၊ ကော့ရွာက ဦးဘလင်းအမျိုးပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်ကတော့ အစ်ကို့လိုပွင့်ပွင့်လင်းလင်းပြောရဲတဲ့ အခြေအနေ မရှိသေးဖူး။

■ ■ ■

"ဟဲ့... တာတူး။ မိုးဖွားဖွားလေးတွေ ကျနေတယ်၊ အိမ်ထဲဝင်စမ်း"

အစ်မရဲ့သား တာတူးက သူ့ မြို့ကပြန်လာတုန်းက ဝယ်လာပေးတဲ့ ပလတ်စတစ်ဘောလုံးနဲ့ဆော့နေတယ်။ သူက ဘောလုံးကို ဝါသနာမပါသလောက် သူ့တူတာတူးက အလွန်ဝါသနာကြီးတယ်။

ခု... အိမ်မှာတစ်ယောက်တည်း ဘောလုံးကန်နေတယ်။ မိုးဖွားကျလို့ အမေကအော်နေတာ။

"ဟဲ့ ကောင်လေး"

"အဖွားကလည်းဗျာ၊ မိုးဖွားဖွားလေးပဲကျသေးတာ၊ မိုးဖိုးဖိုးကျရင် ဝင်ပါ့မယ်"

"အောင်မလေး၊ ငါ့နယ်နော်"

သူ့မှာ ရယ်ရသေးတော့တယ်။ ဒါနဲ့တာတူး ကျေနပ်သွားအောင် ငါးမိနစ်လောက် အတူဆော့ပေးပြီးမှ ရေချိုးပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အပူရှပ်ကနဲ့တော့မှ ပဲဟယ်"

"မရှုပ်ပါဖူးအစ်မရဲ့ အပူရှပ်တာညနေနေဝင်မှပါ။ ခုမှ မနက်ပဲ ရှိသေးတာ၊ ဒူးအောက်ပိုင်းကို ရေများများလောင်းပေး တယ်"

တာတူးဆိုတဲ့ကလေးက လွယ်တာမဟုတ်ဘူး။ သင်္ကြန် တုန်းကလည်း လူတွေကို ရေမပက်ရလို့ဆိုပြီးလျှော်ဖွပ်လှန်းထား တဲ့အဝတ်တွေကို ပက်နေတာ။ တကယ့်ကောင်ပဲ။

နွေးဦးမိုးဖွားဖွားလေးက ထူးခြားခြားကျဆင်းနေတာ အံ့သြစရာကောင်းနေတယ်။

မကြာခင် သူ့လက်တွင်း (အဲ…နှလုံးသားတွင်း) ပိုင် ပိုင်နိုင်နိုင် ရရှိတော့မယ့် ဝတ်မှုံပေးမယ့်အချစ်ကြောင့် ကောင်းချီး ပေးနေရှာသလား မပြောတတ်ဖူး။

■ ■ ■

တောသူတောင်သားတွေအတွက် ပျော်စရာအဖြစ် ဖန်တီး ပြုလုပ်ပေးတဲ့ ဘောလုံးပွဲဆိုပေမယ့် အနည်းနဲ့အများ အလုပ် ရှုပ်တာပါပဲ။ ပြင်ရဆင်ရ လေ့ကျင့်ရတာကိုး။

ဘာပဲဖြစ်ဖြစ် ပွဲပြီးတဲ့အချိန်ဟာ နိုင်နိုင်ရှုံးရှုံး ဝတ်မှုံဆီက ချစ်အဖြေကို ရမယ့်နေ့ပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ဟာ… ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကြီးရဲ့ သူတို့ရွာနဲ့ကော့ရွာ ဆီမီးဖိုင်နယ်ကန်မယ့်နေ့ပါပဲ။ မနေ့က ဆီမီးဖိုင်နယ်မှာ ရွှေဖြူရွာကြီးနဲ့ ထန်းပင်ကုန်းရွာကြီးကန်တာ သိတဲ့အတိုင်း ရွှေဖြူရွာကြီးက ဂိုးပြတ်နဲ့နိုင်ပြီး ဖိုင်နယ်တက်သွားပါပြီ။

သူတို့ရွာနဲ့ ကော့ရွာက အုပ်စုပွဲတုန်းက မတွေ့ဖူးသေးပါဘူး။ သူတို့ရွာက (ခ) အုပ်စု၊ ကော့ရွာက (က) အုပ်စု မဟုတ်လား။ ခုပွဲမှာ သူတို့ရွာက အုပ်စု(ခ)ရဲ့ အုပ်စုဗိုလ်နဲ့ ကော့ရွာက အုပ်စု(က)ရဲ့ အုပ်စုဒုတိယနဲ့တက်လာတာ။

အရေးပါတဲ့ပွဲစဉ်ဖြစ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်မယ့်ပွဲမို့ ရွာပေါင်းစုံက အလုပ်ဖျက်ပြီးလာကြတဲ့ ပရိသတ်တွေဟာ ရွှေဖြူရွာကြီးရဲ့ ဘောလုံးကွင်းပြည့်ရုံသာမက ကုန်းမြင့်တွေမှာ ရထား

www.burmeseclassic.com

www.burmeseclassic.com


သံလမ်းတွေပေါ်မှာပါ ဖွေးဖွေးလှုပ်နေတယ်။

ဒါတင်မကဘူး။ စာသင်ကျောင်းဆောင်ကြီးရဲ့ ဝရန်တာနဲ့ ဘုန်းကြီးကျောင်းအုတ်လှေကားတွေပေါ်မကျန် ပြည့်နေတယ်။

ပရိသတ်က ရွှေဖြူရွာကြီးနဲ့ ထန်းပင်ကုန်းရွာပွဲထက် နှစ်ဆပိုများတယ်။ ပထမပွဲက ဒီလောက်လူမများဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်အသင်းနဲ့ကန်ကန် ရွှေဖြူရွာကြီးပဲနိုင်မှာကို အားလုံးကသိထားကြလို့ပါပဲ။ ရွှေဖြူရွာကြီးက မကြာခင် မြို့နယ်အဆင့်မြို့လေးဖြစ်တော့မှာ...။

ခု... ဘောလုံးပွဲစဖို့ အချိန်နီးကပ်လာပြီ။ နှစ်ဖက် ဘောလုံးသမားတွေ ကွင်းထဲဝင်လာတာနဲ့ အော်ဟစ်သံတွေ ဆူညံနေတယ်။ လက်ခေါက်မှုတ်သံတွေရော၊ နာမည်အော်သံ တွေရောပဲ။

"ရှီ...ရှီ"

"ကျော်ဇံလှကွ"

"ဝမ်းမိုး၊ ဝမ်းမိုး"

"ကိုထွေး၊ ကိုထွေး၊ ကြိတ်လိုက်စမ်း ကိုထွေး"

ဟင်! ဘယ်ကကိုထွေးက ပါလာရတာပါလိမ့်။ လူထုရှေ့ထိတ်လန့်နေတဲ့ကြားက သူ့နားထဲ အဲဒီအသံတွေဝင်လာတာ...။

ကွင်းထဲမှာ တစ်သင်းနဲ့တစ်သင်း တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်ကြတော့မှ ပြဿနာကစပါတော့တယ်။

"ဟင်! ဒါ... ဒါ... ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင်... အရိုးမြပုသား၊ ဩဲ... သမီးကိုထွေးပဲ"

"ထွေးညို"

"ဟ! သူက ဘောပြားကြီးပဲ၊ ယောကျ်ားတွေကန်တဲ့ ဘောလုံးပွဲထဲ ဘယ်ကဘယ်လိုပါလာရတာလဲ"

အမှန်က ဒီလို...။

ဒီ ယောကျ်ားစိတ်ပေါက်နေတဲ့ ထွေးညိုခေါ်ကိုထွေးက အစကတည်းက ကောဲ့ရွာအသင်းမှာပါမယ်ဆိုတာ ကြားထားပြီးသား။ ကန့်ကွက်လို့ပယ်ထားပေမယ့် သေမတတ်ရှင်မတတ် လူးလိမ့်ငိုယိုတောင်းပန်လွန်းလို့ အရံခုံမှာ ထိုင်ခိုင်းထားတယ်ဆိုပဲ။

ကိုထွေးကလည်း ကိုယ့်ရွာထဲလေ့ကျင့်နေ့စဉ် ကန်ခွင့်ရတာကိုပဲ ကျေနပ်နေသတဲ့။

အခု...တကယ့်ပွဲကြီးပွဲကောင်းနေ့ကျမှ တကယ်ကန်တဲ့လူက ဗိုက်အောင့်၊ လေထိုးရောဂါထနေလို့ ထွေးညိုကို အရေးပေါ် လူစားထိုးခဲ့ရတာ။ စောစောကပြောခဲ့ဖူးသလို ကောဲ့ရွာက ယောကျ်ားလူရှယ် ရှားတယ်မဟုတ်လား။

"ကျုပ်ဟာကျုပ် ဘာဖြစ်ဖြစ်၊ တော်တို့သာနိုင်အောင် ကန်စမ်းပါအုံး"

"ဟဲ့..အရိုးပုသမီး၊ ကျုပ်တို့က ကြောက်လို့ပြောနေတာမဟုတ်ဖူး။ အားချင်းမမျှမှာစိုးလို့ဟဲ့"

"ဟိုး ဝိုး၊ စိုးရိမ်ရန်ကော ကိုရင်ရယ်၊ ကျုပ် ဂိုးသွင်းနိုင်ရင် 'ဆရာ' လို့ခေါ်ဖို့ပြင်ထား"

သူတို့ဖက်ကတောင် လေကျယ်နေမှတော့ ကိုန်တစ်ရာ

www.burmeseclassic.com

www.burmeseclassic.com


ရှာကဘာ အရေးလဲ။ ပရိသတ်ကလည်း "ကန်ပါတော့ဗျို့" အော်လှပြီ။

ပြီးရောပေါ့။

■ ■ ■

ဘောလုံးပွဲစနေပြီ။

စပေးဘောကို သူတို့ရွာက ကန်ခွင့်ရတယ်။ ပွဲအစမို့ တစ်သင်းနဲ့တစ်သင်း အရိပ်အခြေကြည့်နေကြတယ်။ အဲသလို ဟိုပေးဒီပေး ပေးကစားရင်း ဘောလုံးက ကော့ရွာခြေထဲရောက် သွားတယ်။

"ဝေး..ဟေး ဟေး"

"ကော့ရွာတဲ့ဟေ့"

အော်ဟစ်အားပေးသံတွေ ဆူညံသွားတယ်။ နောက် သူတို့အသင်းခြေထဲ ပြန်ရတယ်။

"ဝေး..ဟေး ဟေး"

"ကန်တစ်ရာရွာကွ"

အသံတွေ ညံခနဲပဲ။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်တို့ရွာအသင်း အားပေးချင်လို့သာပေါ့တော်။ ကျုပ်က ဘောပွဲကြည့်ချင်တာ မဟုတ်ဖူး၊ ဘယ့်နှယ်... တစ်ယောက်တစ်ပေါက် ဝိုင်းလုနေကြတာ၊ မူးနောက်နေတာပဲ"

"ဟင်း... အရီးကလည်း၊ အဲဒါဆို တစ်ယောက်တည်း ကန်ရမှာလား"

ဝတ်မှုံက အရီးကိုပြန်ပြောသည်။ သူမမှာတော့ ကိုယ့်ရွာပဲအားပေးရမလား။ ချစ်သူကို အားပေးရမလား။

ဝမ်းမိုးကို ဘောလုံးသမားအဖြစ်မြင်ရတာ သိပ်ကြည့်နူးစရာ ကောင်းသည်။ အင်္ကျီအဖြူ၊ ဘောင်းဘီအဖြူနှင့် မြင့်မားသောအရပ်၊ ဖြူသောအသားက ထင်ပေါ်လွှန်းလှ၏။

"ဟဲ့ ဝတ်မှုံ"

"ဟင် ဘာလဲ၊ အေးမ"

"ညည်းမြို့သားက ... ဓာတ်ရှင်မင်းသားလုပ်မယ့် ကျော်ဇံလှထက် ချောတယ်အေ့..."

"ဟဲ့... အရီးကြားသွားအုံးမယ်"

ဝတ်မှုံစိတ်ထဲ အလွန်ကျေနပ်နေသည်။

"ဟုတ်ပြီ၊ ဆွဲထား"

"ကျော်ဇံလှကို ပေးလိုက်တော့လေ"

"ကိုထွေးရေ... ကန်... ဂိုးသွင်း... သွင်း"

"ဟာကွာ"

ကိုထွေးကန်လိုက်သောဘောလုံးက ဂိုးတိုင်ထိပြီး ပြန်ထွက်သွား၍ မချင့်မရဲဖြစ်ကုန်ကြသည်။ ပွက်လောညံအော်ဟစ်


www.burmeseclassic.com

www.burmeseclassic.com



နေသော ဝတ်မှုံတို့ကော့ရွာကို ကန်တစ်ရာရွာက မျက်မုန်းကျိုး နေကြပြီ။

"ဟဲ့... ကော့ရွာက ကောင်မတွေ၊ ရွာနံမယ်နဲ့လိုက် အောင် ကော့မနေကြနဲ့... ဟွန့်..."

"ဟော့... ကော့တော့ဘာဖြစ်လဲ၊ ကျုပ်တို့ရွာက ဘောပြား ကိုတောင် နိုင်အောင်မကန်နိုင်ကြတဲ့ဟာတွေကများ... ဟင်း"

"မကန်နိုင်တာ မဟုတ်ဖူး၊ မိန်းကလေးမို့ ညှာနေတာ.. သိရဲ့လား"

"ညှာလား၊ မညှာလား အသိသာကြီး၊ ခုနတုန်းက ညည်းတို့ဖက်က ကိုထွေးကို တွန်းပစ်လိုက်တာအသိသာကြီး"

"ညည်းတို့ မဟုတ်တာမပြောနဲ့.."

"ဘာမဟုတ်ရမှာလဲအေ့..ပြီးတော့... ကျုပ်တို့ကော့ရွာ အသင်းရှုံးအောင်ဆိုပြီး ညည်းတို့ကန်တစ်ရာရွာကလူတွေက ကျုပ်တို့ ကော့ရွာနံမယ်ကို အကြီးကြီးရေးပြီး ဖင်ခုထိုင်ထားကြ တယ်ဆို..."

"ဟော့ ဟော့၊ တော်ကြစမ်း၊ ရန်ဖြစ်ရင် အကုန်မောင်း ထုတ်မှာနော်"

ရွှေဖြူရွာက ဘုန်းကြီးမြင်ပြီး လှမ်းအော်လိုက်တော့မှ ပါးစပ်ရန်ပွဲရပ်သွားသည်။

ဒီလိုနှင့် မည်သည့်အသင်းမှ ဂိုးမရသေးဘဲ ပထမပိုင်း ပြီးသွား၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပိုင်း ပွဲပြန်စတော့ ပွဲကပိုကြမ်းလာသည်။ ထို့ကြောင့် ... ကွင်းလယ်ဒိုင်လူကြီးက အဝါကတ်တွေ ထုတ်သုံးနေရ၏။ ဒါကိုမြင်တော့ အရီးက...

"ဟဲ့... ဝတ်မှုံရဲ့... ကန်တစ်ရာရွာအသင်းက လူတွေကျတော့ ကတ်ပြားဝါဝါတွေ ခဏခဏရတယ်၊ တို့အသင်းကိုကျ တစ်ခုမှ မပေးပါလား"

"အာ..အရီးကလည်း၊ အဲဒါ မကောင်းလို့၊ ညစ်လို့ အပြစ်ပေးတာ၊ မရတာကောင်းတယ်"

"ဩော် ... အဲသလိုလား၊ ဟဲ့ ဟဲ့၊ ဟိုမှာ... ညည်းနဲ့ မြို့ကျောင်းအတူတက်တဲ့သူငယ်၊ ဘောလုံးရသွားပြီ"

"ဟိုလူ့နယ်တော်... သူကျတော့ လုမကန်ဘဲ ဝီစီကြီးတရှုိးရှိုးမှုတ်ပြီး နေရာအနှံ့ လျှောက်ပြေးနေတယ်၊ အံ့ပါရဲ့"

"အဲဒါ ကွင်းလယ်ဒိုင်လူကြီး အရီးလေးရဲ့... သူက ကန်စရာမလိုဖူး"

"ဟင် ဟုတ်လား၊ သိပါဖူးတော်"

ဝတ်မှုံခမျာ ဘောလုံးမကန်ရဘဲ မောနေသည်။ တစ်ချိန်လုံး တစ်ခုပြီးတစ်ခုရှင်းပြနေရ၏။

ဘောလုံးပွဲကလည်း အကြိတ်အနယ်ရှိပြီး၊ သူတစ်ပြန် ကိုယ်တစ်ပြန်ရှိလှသည်။

"ဟေး ဟေး၊ ဟားဟား၊ မိန်းက◌ ◌လေးတစ်ယောက် ထည့်◌ ◌စားတာတောင် မနိုင်ကြပါလား"

ဟုတ်နေတော့ ကန်တစ်ရာရွာကလူတွေ ငြိမ်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဤသို့ဖြင့်... ဒုတိယပိုင်းပြီးဖို့ ဆယ်မိနစ်အလိုတွင် မမျှော်လင့်ဘဲ ကျော်ဇံလှ ဘောလုံးရသွားပြီးဆွဲပြေးကာ နောက်မှ ပြေးတက်လာသော ကိုထွေးကို ဖြတ်တင်ပို့ပေးလိုက်သည်။

ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ကိုထွေးက ကန်တစ်ရာရှာဂိုးပေါက်ထဲ မနားတမ်း ကန်သွင်းလိုက်လေ၏။

"ဂိုး"

"ဂိုးပြီကွ"

"ကောင့်ရှာတဲ့ဟော့"

ကောင့်ရှာကလူတွေ "ဝုန်းခနဲ" ထခုန်အော်ကြသည်။ ဂိုးသွင်းရှင်ကိုထွေးက တကယ့်နာမည်ကျော်ဘောလုံးသမားကြီးတွေစတိုင်ဖမ်းကာ အပေါ်ဂျာစီအင်္ကျီကိုချွတ်ပြီး ဝှေ့ရမ်းပြေးလေ၏။ (တော်ပါသေးရဲ့။ အောက်မှာ နောက်ထပ်အင်္ကျီတစ်ထည်ပါလို့...)

နောက်မှ ထွေးညိုပြောလို့ပြန်သိရတာက ဒီလိုဂိုးရင် အဲသလိုလုပ်ဖို့ တမင်ထပ်ဝတ်လာခဲ့တာတဲ့လေ။

ဒါတင်မကသေး...

ပရိသတ်ထဲက ကောင့်ရှာသားတစ်ယောက်ကလည်း အပျော်လွန်ပြီး အင်္ကျီအစား ပုဆိုးမှားချွတ်ဝှေ့ရမ်းမိသောကြောင့် အားလုံး အလန့်တကြား အော်ပြေးကြသေးသည်။ တော်သေးတာပေါ့။ အောက်ခံအားကစားဘောင်းဘီတိုကြီး ဝတ်ထားပေလို့...။

ဤသို့ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com

## ☺ ထူးမြတ်ကြွယ် ☺

နိဂုံးချုပ်ရလျှင် ပွဲအပြီးမှာ ကော့ရှာက ကန်တစ်ရာရှာကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားလေတော့သတည်း။

■ ■ ■

ဝတ်မှုံ့ရဲ့အချစ်ကိုရပြန်တော့လည်း သူ့မှာ ရတက်မအေးရသေးဖူး။ ဘာဖြစ်လို့လဲဆိုတော့ ဝတ်မှုံ့အဖေဦးဘလင်းက သဘောမတူဖူးကဲ့လေ။

"အမေကတော့ ဝမ်းမိုးကို သဘောကျတယ်၊ ဝတ်မှုံ့ကို ပညာတတ်အချင်းချင်းနဲ့ပဲ လက်ထပ်စေချင်တယ်တဲ့"

"ဝတ်မှုံ့အဖေက ကို့ကို ဘာ့သဘောမကျတာတဲ့လဲ"

ဝတ်မှုံက မဖြေသေးဘဲ သက်ပြင်းဖွဖွချတယ်။ ပြီးမှ..

"မြို့သားလို နုနုနယ်နယ်နဲ့ ပညာတတ်တွေက အဖေ့လယ်တွေကို ဦးစီးလုပ်ကိုင်နိုင်မှာ မဟုတ်လို့တဲ့လေ ..."

ဒါတော့ ဟုတ်တာပေါ့။ လယ်မလုပ်နိုင်ရင် တခြားလုပ်နိုင်တာလုပ်ရင် ပြီးရောမဟုတ်လား။

"ဝတ်မှုံ့အစ်မကြီးရဲ့ယောက်ျားက ပညာမတတ်ဖူး၊ တစ်တန်း၊ နှစ်တန်းထိပဲ ပညာသင်ခဲ့ဖူးတာ၊ ဒါပေမယ့်... ဒီလယ်ယာမြေစိုက်ခင်းကနေ တစ်လကို သိန်းနှစ်ဆယ်လောက် ရှာပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်"

"အဲဒီတော့..."

"ဆက်ပြောပါ့မယ်၊ ဝတ်မှုံရဲ့ ဒုတိယအစ်မယောကျ်ားက အတန်းပညာလေးတန်းပဲရှိတယ်။ သူက တစ်လကို သိန်းသုံးလေးဆယ်ရအောင် ရှာပေးနိုင်တယ်။ အစ်မကြီးယောကျ်ားထက် သာတာပေါ့၊ ဒီတော့... အဖေက ဘာပြောတယ်ထင်သလဲ"

"အင်း၊ ဘာပြောလဲ"

"ဝတ်မှုံယူမယ့်ယောကျ်ားက အစ်မယောကျ်ားတွေထက် တစ်တန်းပဲပိုတဲ့ ငါးတန်းလောက်ဆိုရပြီတဲ့"

"သေပြီဆရာ"

■ ■ ■

ဘာလုပ်ရမလဲ။

ခိုးပြေးရုံပဲ ရှိတာပေါ့။

တော်ကြာ ... ဝတ်မှုံကို အတန်းပညာငါးတန်းနဲ့ စီးပွားအရှာကောင်းတဲ့ကျော်ဇံလှနဲ့ ပေးစားလိုက်ရင်ဒုက္ခ...။ အရင်ကတည်းက ဒီကိစ္စကြားနေတာ...။ အခုရက်အတွင်းတောင် အဝင်အထွက်တွေစိတ်ပြီး မသင်္ကာဆိုပဲ။

ဒါနဲ့... ခိုးမယ့်ရက်ကို ဝတ်မှုံနဲ့တိုင်ပင်ရတော့တယ်။

"ခိုးမှာဖြင့်လည်း မြန်မြန်လာခိုးဟာ၊ ဝတ်မှုံဖြင့် နေရတာ နောက်ကျောမလုံဖူး"

www.burmeseclassic.com

www.burmeseclassic.com



အို! ဘာတဲ့တုန်း။

ချစ်သူကိုယ်တိုင်ကမှ ခွင့်ပြုနေတော့ နှောင့်နှေးနေစရာ ဘာရှိသလဲ၊ လာထား... ခိုးပြီ ...။

■ ■ ■

"မောင်ဆန်း မင်းတို့တွေ ချုံပင်၊ သစ်ပင်တွေခိုပြီး အရိပ်အချေကြည့် စောင့်၊ ငါ ခြံထဲဝင်မယ်"

မိန်းမလာခိုးတာဆိုပေမယ့် အချိန်ကညည့်နက်သန်းခေါင် မဟုတ်ပါဖူး။

"ညည့်နက်ရင် ပိုသိသာတယ်၊ အန္တရာယ်များတယ်၊ ခွေးဟောင်သံလည်းဆူတယ်၊ ဒီတော့ ညရှစ်နာရီမှာလာခဲ့ ဝမ်းမိုး၊ ဒါမှ ... သွားလာနေသူတွေကြား ကိုယ်ယောင်ဖျောက်လို့လွယ်မှာ"

ဝတ်မှုံတွေးတာ မှန်တယ်။ ဒါနဲ့ အဖော်အဖြစ် မောင်ဆန်း၊ စိန်လုံနဲ့ တိုးမြင့်မောင်၊ ဖိုးသက်တို့ လိုက်ခဲ့ကြပြီး ဝတ်မှုံကို သွားခိုးတယ်။

"ဟော့ကောင် ဝမ်းမိုး၊ သတိထား၊ ခြေသံလုံပါစေ"

"ဝင်းထရံဘေးက ကပ်သွား၊ ဒါမှ သစ်ရိပ်တွေနဲ့ ကွယ်နေမှာ..."

စိန်လုံက သတိပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက စေ့ထားတဲ့ဝင်းတံခါးကို အသာတွန်းဖွင့်ပြီး ဝင်ခဲ့တယ်။ ဝတ်မှုံအခန်းက အနောက်ဖက်မှာ ... ပြူတင်းတံခါးကို ဟထားမယ်တဲ့။

ညရှစ်နာရီအချိန်ဆိုပေမယ့် မိုးလယ်ကာလမို့ မှောင်နေတယ်။ မိုးမရွာပေမယ့် မိုးတိမ်တွေထူနေတာကိုး။ မှောင်ပေမယ့် လက်နှိပ်ဓာတ်မီးတဝင်းဝင်းလည်း မသုံးရဲဖူးမဟုတ်လား။

ဒီတော့...အမှောင်ထုထဲ စမ်းသမ်းလျှောက်ရင်း မှန်းဆလာခဲ့တယ်။ အိမ်ထဲက စကားသံ၊ ရယ်သံတွေကို ကြားနေရတယ်။ ဟုတ်မှာပေါ့။ ဝတ်မှုံက အိမ်သားတွေမရိပ်မိအောင် ဇျူပြာဆင်ပြီး အငြိမ့်ခွေ ဖွင့်ပေးထားမှာလေ။

ဟော... ဟိုမှာ...

အနောက်ဖက်ထောင့်က မီးမှုန်မှုန်လေးလင်းနေပြီး ပြူတင်းတံခါးလေးဟထားတဲ့အခန်းက ဝတ်မှုံရဲ့ အခန်းပဲ။ အဆင်ကိုပြေလို့...

အဲဒီအချိန်မှာပဲ...

"ဟင်!"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ☺ ထူးမြတ်ကြယ် ☺

သူ့တစ်ကိုယ်လုံး ကြက်သီးတွေဖျဉ်းခနဲထပြီး ဆံပင်မွေးတွေ ထောင်သွားတယ်။

"ဟော"

ဝင်းထရံကို ကျော်တက်နေတဲ့ အရာတစ်ခု...။

အဲဒါကို သူမြင်လိုက်ရတာ...။

အဲဒီအရာတစ်ခုက ဦးခေါင်းကြီးတစ်လုံး။ ခေါင်းမှ ပုတ်လောက်ရှိတဲ့ခေါင်းကြီး။ ထိုခေါင်းကြီးက ဝင်းထရံကို ကျော်တက်နေတာ...။

ဒါ လူတော့ မဖြစ်နိုင်ဖူးလေ။ မိုးမှောင်နေတဲ့ညမို့ စောစောစီးစီးအတင့်ရဲထွက်လာတဲ့ ဦးခေါင်းကြီးတဲ့သရဲပဲ နေမှာပေါ့။

အလင်းရောင် မှုန်တဝါးဝါးအောက် ဝိုးတဝါးမြင်နေရတာကိုက ကျောချမ်းလှပြီး ကြောက်သေးတွေတောင် ထွက်ကျချင်တယ်။ သူ့ကို အနှောင့်အယှက်ပေးနေတဲ့ ဟိုတုန်းက အဘိုးမြင်ခဲ့တဲ့ ခြံထဲပျောက်သွားတဲ့ မည်းမည်းအကောင်ကြီးများလား။

မဖြစ်ဘူး။ ဒင်းကို ကျောခိုင်းလိုက်တာနဲ့ သူ့အနောက်ကနေ ဂုတ်ခွစီးပြီး လည်ပင်းညှစ်လာရင် သေပြီပဲ။

သူ့စိတ်တွေ ယောက်ယက်ခတ်နေတုန်း မျက်လုံးထောင့်က အိမ်ထရံမှာ ထောင်ထားတဲ့ရေထမ်းတဲ့ထမ်းပိုးကိုမြင်လိုက်တယ်။

ဘာမှရှည်ရှည်ဝေးဝေးစဉ်းစားစရာမလိုဖူး။ မျက်လုံးမလွှဲဘဲ လက်ကထမ်းပိုးကိုအသာဆွဲယူလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ... ထမ်းပိုးနဲ့ အားကုန်ရိုက်ပစ်လိုက်တော့တာပဲ။

"ဗုန်း"

"ဟင်"

ထွက်လာတဲ့အသံက ထန်းခေါက်တောင်းကိုရိုက်လို့ထွက်လာတဲ့အသံ။ အဲဒီအသံကြောင့် အိမ်ထဲလူတွေ ကြားသွားပြီး ပြေးထွက်လာကြတယ်။

"ဘာသံလဲ"

"ဘယ်သူလဲ"

"အနောက်ဖက်ထောင့်က လာတဲ့အသံပဲ"

သူရှိတဲ့နေရာ ပြေးလာကြပြီး လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ကြတော့တာပေါ့။

"ဟိုက်... ကိုယ်ကျိုးနည်းပြီ"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့။

အဲဒီမှာတင် ထမ်းပိုးကြီးတစ်ချောင်းကိုင်ရပ်နေတဲ့သူ့ကို တအံ့တသြတွေ့သွားကြတော့တာပေါ့။

"ဝမ်းမိုးရယ်...နင်ဟာလေ"

ဝတ်မှုံခမျာမှာလည်း ဒါပဲပြောနိုင်ရှာတော့တယ်။

■ ■ ■

ခုလို လက်ပူးလက်ကျပ်မိသွားတော့လည်း ဘာတတ်နိုင်မှာလဲ။ သူရော၊ ဝတ်မှုံရော မလိမ်မညာဘဲ အမှန်အတိုင်း ဖွင့်ဟဝန်ခံလိုက်ကြတယ်။

ဝတ်မှုံကိုယ်တိုင်က သူ့ဘက်ပါနေမှတော့... ဘာလုပ်လို့ရမှာလဲ။

သမီးဖြစ်သူကို ငါးတန်းနဲ့ ပေးစားချင်တဲ့ ယောက္ခထီးကြီးလည်းလက်လျှော့ပြီး ခေါင်းညိတ်လက်ခံလိုက်ရတော့တယ်။

သူ့နဲ့ဝတ်မှုံကို ပေးစားပါ့မယ်တဲ့။

သူကလည်း ယောက္ခထီးကြီးကို ခုလိုကတိပေးလိုက်ပါတယ်။

"ကျွန်တော်က အဖေ့လယ်ယာမြေတွေကို ပင်ပင်ပန်းပန်း မလုပ်ပေးနိုင်ပေမယ့်၊ ဦးနှောက်သုံးပြီး ကြီးပွားတိုးတက်

www.burmeseclassic.com



အောင် ဦးစီးခန့်ခွဲစီမံပေးနိုင်ပါတယ်ဗျာ...မယုံရင် အဖေ့လယ်ယာတွေကို တစ်ခါတည်းအမွေခွဲပေးကြည့်လိုက်ပါလား အဖေ"

ဝတ်မှုံကတော့ သူ့ကို မျက်စောင်းထိုးရင်း ပြုံးပြုံးကြီးကြည့်နေတယ်။

ကဲ ... ဒီလောက်ဆို အားလုံးလည်း ကျေနပ်ကြလိမ့်မယ်ထင်ပါတယ်။

မေတ္တာများစွာဖြင့်

ထူးမြတ်ကြယ်

www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

## ထွက်ရှိပြီးသောလုံးချင်းဝတ္ထုများ

၁။ ထိချက်ပြင်းတဲ့မြား
၂။ ပန်းနားလည်တဲ့လိပ်ပြာတေး
၃။ ပန်းပွင့်လမင်း (Power King) ဗွီဒီယို
၄။ ဆွဲလက် (Power King) ဗွီဒီယို
၅။ အလင်းသစ်နဲ့ ကောင်းကင်နှစ်
၆။ အချစ်ကယ် (Power King) ဗွီဒီယို
၇။ ရင်ခုန်ထူးခြား (Power King) ဗွီဒီယို
၈။ မမီမကမ်းနဲ့ မလွမ်းချင်ဘူး
၉။ ဖွ...ဟဲ့
၁၀။ နှလုံးသားချင်းဆိုင်
၁၁။ ကြောင်ခြစ်တဲ့ဖူးစာ
၁၂။ နင်နဲ့ငါ (Power King) ဗွီဒီယို
၁၃။ ကံ

www.burmeseclassic.com

www.burmeseclassic.com


၁၄။ ဟုတ်

၁၅။ အချစ်ရှာ (အောင်တိုင်းကျော်) ဗွီဒီယို

၁၆။ အလင်းရောင်ရဲ့ကျွန်း

၁၇။ ဖန်ဆင်းရိုပ်

၁၈။ ပွစာ

၁၉။ ချစ်ရတာ အဆင်ပြေလား

၂၀။ ဗလာမပေါ ချစ်ကံစမ်းမဲ (လပ်ကီးပဲလေ) ဗွီဒီယို

၂၁။ ချစ်လက်ခုပ်

၂၂။ အလွမ်းလား နားထား

၂၃။ နှစ်သက်နှင်းဆီ

၂၄။ ကတ်သီးလေး (ခရေဖြူ) ဗွီဒီယို

၂၅။ ဟင့်အင်းမင်းသားနှင့် အိုးဝေါ့မင်းသမီး

၂၆။ အသည်းခွဲယင်

၂၇။ အနမ်းသရဲ

၂၈ ဗလာမပေါချစ်ကံစမ်းမဲ နှင့် အခြားအပိုဆုများ

၂၉။ ပါးပါးလေးပဲချစ်

၃၀။ မွေးစားဝေဒနာ

၃၁။ ထင်သာမြင်သာ


ယခုလ


၃၂။ ငယ်ငယ်တုန်းကအိပ်မက်


[redacted]

www.burmeseclassic.com

www.burmeseclassic.com

# "ကံခေသူ"

- ကိုးလလွယ်ပြီး
ဆယ်လဖွားပေးတဲ့
အမေကိုကျေးဇူးတင်တယ်အမေ
အမေ့ ကျေးဇူးဆပ်ပါရစေ အမေ ။

- ငယ်စဉ်တောင်ကျေး
ကလေးဘဝကနေ
မငြူမစု
အပြုံးမပျက်
ကျွေးမွေးခဲ့တာတွေ
တစ်လှည့်ပြန်ကျေးဇူးဆပ်ပါရစေ အမေ။

- ကံခေတုပမာ
ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသလိုပေါ့
ပတ်ဝန်းကျင်က ဘေးဆိုးတွေ
ဝိုင်းရံထားလဲ
လာတဲ့ဘေးဆိုး ရင်ဆိုင် မှန်မှန် • .
အပြုံးမာန်နဲ့
အမိအဖကို
ကျေးဇူးဆပ်ပါရစေ..။

နှယ်ရှင် (ရွှေကျင်)

www.burmeseclassic.com